# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလဆန်း (၁၂)ရက် ၊ သောကြာနေ့ ၊ (26-6-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၅၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ ပိတောက်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး



**နေပြည်တော်   ဇွန်   ၂၅**

၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် တော်ဝင်ရတနာလမ်းအနီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ ပိတောက်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားတွင် ပိတောက်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ဝက်လက်   ဇွန်   ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၅၆၆၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ်နွေသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ နှမ်း ၄၅၆၆၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိမှာ ဧကအားလုံး

**စာမျက်နှာ ၂၈ ကော်လံ ၁**

**တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး**

စာမျက်နှာ - ၂၁

**တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး**

စာမျက်နှာ - ၂၁

**မြန်မာအမျိုးသမီးများနေ့နှင့် အမျိုးသမီးများကို အကြမ်းဖက်မှုမှ ကာကွယ်ရေး**

ဆောင်းပါး စာမျက်နှာ - ၄

**မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အားလုံးပူးပေါင်း ဆောင်ရွက်ပေး**

ဆောင်းပါး စာမျက်နှာ - ၁၀

**နန့်ယင်း၊ နန့်ကောင်း ချောင်းရေ အခြေအနေ**

**နေပြည်တော်   ဇွန်   ၂၅**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့်ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့်ကျဆင်းနိုင်ကာ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။

ရတနာပုံ

၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက်

အယ်ဒီတာ့အာဘော်

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လူတိုင်းပူးပေါင်းပါဝင်ပေး

ဇွန် ၂၆ ရက်(ယနေ့)သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ ယခုနှစ်အတွက် ထုတ်ပြန်ထားသည့်ဆောင်ပုဒ်မှာ "စိန်ခေါ်မှု(အသစ်တွေ)ကြားက မူးယစ်ဆေးဝါးပြဿနာ၊ ဆန်းသစ်တီထွင်နည်းလမ်းရှာ၊ စုပေါင်းကာကွယ်တိုက်ဖျက်ပါ"ဟူ၍ ဖြစ်သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုမှာ ရှိနေဆဲပင်ဖြစ်သည်။ မူးယစ်ဆေးဝါးရောင်းဝယ်နေသူများသည် မိမိတို့ကိုယ်ကျိုးအတွက်ကိုသာ ကြည့်ကြသူများဖြစ်ပြီး မိမိကြီးပွားချမ်းသာရေးအတွက် အခြားသူများ မည်ကဲ့သို့သော အခက်အခဲ၊ ဒုက္ခနှင့် ကြုံတွေ့နေသည်ကို စာနာနားလည်စိတ်မရှိသူများဖြစ်သည်။ မူးယစ်ဆေးဝါးပြဿနာသည် မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများရှိနေသရွေ့၊ မူးယစ်ဆေးဝါးသုံးစွဲသူများရှိနေသရွေ့ သံသရာလည်နေမည်သာဖြစ်ပေသည်။

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့လူသားတစ်ရပ်လုံး၏ ပြဿနာဖြစ်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း နှစ်ပေါင်းကြာရှည်ရင်ဆိုင်နေရသည့် စိန်ခေါ်မှုကြီးတစ်ခုဖြစ်သည်။ နိုင်ငံတိုင်းရင်ဆိုင်ကြုံတွေ့နေရသော ကမ္ဘာလုံးဆိုင်ရာအကြီးမားဆုံးပြဿနာတစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးပြဿနာကို ကမ္ဘာ့နိုင်ငံအားလုံးက နည်းလမ်းမျိုးစုံဖြင့် ဘက်ပေါင်းစုံမှ တိုက်ဖျက်လျက်ရှိသော်လည်း မူးယစ်ဆေးဝါးအန္တရာယ်သည် လူ့အဖွဲ့အစည်း၊ လူ့အသိုင်းအဝိုင်း၏ ကျန်းမာရေး၊ လူမှုရေး၊ ဒေသတွင်းစီးပွားရေးအပေါ် ကြီးမားစွာ ဆိုးကျိုးသက်ရောက်စေပြီး အစိုးရ၏ အုပ်ချုပ်မှုယန္တရားလည်ပတ်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတို့အတွက်လည်း ကြီးမားစွာထိခိုက်စေသည့် အဟန့်အတားကြီးဖြစ်နေသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက ရေရှည်လက်တွဲပူးပေါင်းဖြေရှင်းသွားရမည့် လုပ်ငန်းတာဝန်ကြီးတစ်ရပ်လည်းဖြစ်ပေသည်။

အသုံးများပြီး အလွဲသုံးစားပြုလေ့ရှိသော မူးယစ်ဆေးဝါးဟု သတ်မှတ်ထားသော အရာများမှာ စိတ်ကျစေတတ်သည့် အရက်၊ စိတ်ကြွစေတတ်သော နီကိုတင်းနှင့်ကဖိန်း၊ စိတ်ချောက်ချားစေသည့် ဟယ်လူစင်နိုဂျင်၊ ဘိန်းပါသောဆေးများ၊ ကိုကင်းနှင့် အဖက်တမင်း၊ စိတ်ငြိမ်ဆေး၊ ဆေးခြောက်စသည်တို့ဖြစ်သည်။

အဆိုပါ မူးယစ်ဆေးဝါးအမျိုးမျိုးကို စွဲလမ်းစွာ သုံးစွဲသူများသည် စိတ်ဓာတ်ကြွခိုင်မှုယိုယွင်းလာခြင်း၊ ကာယစွမ်းအားဆုတ်ယုတ်လာခြင်း၊ ဉာဏစွမ်းအားလျော့ပါးလာခြင်း၊ လုံ့လ၊ ဝီရိယနှင့် ဇွဲသတ္တိများဆိတ်သုဉ်းကာ တွေဝေမိန်းမောခြင်းတို့ဖြစ်လာပြီး နောက်ဆုံးတွင် အကျင့်စာရိတ္တယိုယွင်းလာကာ မကောင်းမှုဟူသမျှကို ကျူးလွန်ရန် ဝန်မလေးခြင်းတို့ဖြစ်ပွားတတ်သည်။ မူးယစ်ဆေးဝါးသုံးစွဲသူသည် မူးယစ်ဆေးဝါးမှတစ်ပါး အခြားမည်သည့်အရာကိုမှ စိတ်ဝင်စားမှုမရှိတော့ဘဲ အသက်ရှင်နေသော်လည်း ဘဝသေသူအဖြစ် တန်ဖိုးမဲ့စွာရပ်တည်နေရမည်သာဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် လူသားများအတွက် ကောင်းကျိုးမပေးသော မူးယစ်ဆေးဝါးများ ကင်းစင်ပပျောက်စေရန် တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ နိုင်ငံတော်ကဦးဆောင်၍ သက်ဆိုင်ရာဌာနများက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထုတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်ကြပါရန်တိုက်တွန်းရေးသားလိုက်ရပေသည်။

# မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့ချိတ်ယဉ်အလှဆင် မြင်သူရှုမဝမန်းသူအလှ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ ကျင်းပ



**မန္တလေး ဇွန် ၂၅**

ယခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာ့ချိတ်ယဉ် အလှဆင်မြင်သူရှုမဝမန်းသူအလှ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲကို ဇွန် ၂၄ ရက် မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မမ၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့ဝင်များက အင်အားသစ်နှင့်အတူ ဂုဏ်ပြုတေးသီချင်းကိုသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချောစုဝင်းက အမျိုးသမီးရေးရာအဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ် အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ် အမရပူရမြို့နယ်နှင့် တံတားဦးမြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များက တေးသီချင်း ယိမ်းအကအလှတို့ဖြင့် ဂုဏ်ပြုတင်ဆက်မှုများ၊ မန္တလေးပညာရေးဒီဂရီကောလိပ်မှ အမျိုးသမီးရေးရာအဖွဲ့ဝင်ဆရာမများနှင့် ကျောင်းသူများက မြန်မာ့ချိတ်ယဉ်အလှဆင်မြင်သူရှုမဝ မန်းသူအလှ ခေတ်ငါးခေတ်၏ ဝတ်စားဆင်ယင်မှုတို့ဖြင့် တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့က တေးသီချင်း ယိမ်းအကအလှတို့ဖြင့် တင်ဆက်ခဲ့ကြသည့် အဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# အမရပူရမြို့နယ် ဘနော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ဘနော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားမှု အခြေအနေများကို ဇွန် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၇၄၄ သိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၈၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် သိန်း ၁၂၀၊ အသေးစားလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် သိန်း ၅၄၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၄၄ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ပြောပြ၍ သိရသည်။ **အောင်ရဲကျော်**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**တန့်ဆည် ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နှမ်းဧက အားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၃၇၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် မေလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ နှမ်းဧက ၁၃၇၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် နှမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အောင်မြေသာစံမြို့နယ် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် လူရည်ချွန်ကျောင်းသူများနှင့် တက္ကသိုလ်ပညာသင်ဆုရရှိသူများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားများ ကျင်းပ



**မန္တလေး ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် (MUFL)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်ကျောင်းသူများနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ပညာသင်ဆုရရှိသူများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၂၄ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် သီရိရတနာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင့်တင့်က အမှာစကားပြောကြားပြီး သင်တန်းရေးရာဌာနမှူး ဒေါ်အေးအေးသန့်က လူရည်ချွန်ရွေးချယ်ခဲ့ပုံအဆင့်ဆင့်နှင့် တက္ကသိုလ်ပညာသင် ဆုချီးမြှင့်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့နှင့် ကျင်းဟွာမြို့တို့တွင် ယခုနှစ် မေ ၂၅ ရက်မှ ၂၉ ရက်ထိကျင်းပသော မြန်မာနိုင်ငံ တက္ကသိုလ်များနှင့် အထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ လေ့လာရေးအစီအစဉ်တွင် လိုက်ပါခဲ့သည့် ပြင်သစ်ဘာသာဌာနမှ ကထိက ဒေါ်အေးမြသန္တာထွန်း၊ ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်တွင် ယခုနှစ် မေ ၁၀ ရက်မှ ၃၁ ရက်ထိ ကျင်းပသည့် ထိုင်းဘာသာစကားနှင့် အနုပညာလေ့ကျင့်ရေးအစီအစဉ်တွင်လိုက်ပါခဲ့သည့် ထိုင်းဘာသာဌာနမှ တွဲဖက်ပါမောက္ခ(ဌာနမှူး) ဒေါ်အေးအေးကျင်နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ထိုင်းဘာသာအထူးပြုကျောင်းသား၊ ကျောင်းသူ ၂၉ ဦးမှ ကျောင်းသား၊ ကျောင်းသူခြောက်ဦးတို့က သွားရောက်ခဲ့သည့် အတွေ့အကြုံများကို ပြန်လည်မျှဝေပြောကြားခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်ရွေးချယ်ခြင်းခံရသည့် စီးပွားရေးလုပ်ငန်းသုံး အင်္ဂလိပ်ဘာသာစကားမှ ဒုတိယနှစ်ကျောင်းသူ မဇင်နွေးနွေးဟန်၊ အင်္ဂလိပ်ဘာသာမှ ပထမနှစ်ကျောင်းသူ မသီသီသင်းတို့က လူရည်ချွန်ခရီးစဉ်အတွေ့အကြုံများကို ပြန်လည်မျှဝေပြောကြားခဲ့ကြကြောင်း၊ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များနှင့် သင်တန်းရေးရာ ဌာနမှူးတို့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန် ရွေးချယ်ခြင်းခံရသည့် ကျောင်းသူနှစ်ဦး၊ တက္ကသိုလ်ပညာသင်ဆုရရှိသည့် စီးပွားရေးလုပ်ငန်းသုံး အင်္ဂလိပ်ဘာသာစကားမှ ပထမနှစ် ကျောင်းသူတစ်ဦးနှင့် ဂျပန်ဘာသာစကားမှ ပထမနှစ်ကျောင်းသူတစ်ဦးတို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းဆွေးနွေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၁၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ နေကြာနှင့် အခြားဆီထွက်သီးနှံများ စိုက်ပျိုးမည့် စုစုပေါင်းအသင်းသား၊အသင်းသူ ၈၅ ဦးကို ရန်ပုံငွေကျပ် ၁၁၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# သာစည်မြို့နယ် ချောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ချောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇွန် ၂၄ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ် ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ချောက်ခွဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၃ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၄ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၈ ဒသမ ၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဟုမ္မလင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ လက်ဖက်ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**ဟုမ္မလင်း ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လက်ဖက်ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လက်ဖက် ၉၄၁၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်မှာ လက်ဖက်ကိုအများဆုံး စိုက်ပျိုးကြပါတယ်။ ဟုမ္မလင်းမြို့နယ်ကထွက်ရှိတဲ့ လက်ဖက်က အရည်အသွေးလဲ ကောင်းပါတယ်။ အဲဒီဒေသကထွက်တဲ့ လက်ဖက်တွေကို ပြည်တွင်းဈေးကွက်တွေဆီကို ဖြန့်ဖြူးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်မှ ထွက်ရှိသော လက်ဖက်အစို၊ အခြောက်များကို မန္တလေးဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချရကြောင်း၊ လက်ဖက်စိုက်တောင်သူများအနေဖြင့် လက်ဖက်အထွက်နှုန်းကောင်းမွန်ရန် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ဖက်ပညာရှင်များနှင့် တွေ့ဆုံ၍ နည်းပညာများပို့ချပေးလျက်ရှိကြောင်း သိရသည်။

လက်ဖက်ကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် လက်ဖက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးဖယ်ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးဖယ်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်း ငါးဖယ်ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငါးဖယ်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ ပုံမှန် တင်ပို့ရောင်းချလျက်ရှိ ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လအတွင်း ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ငါးဖယ်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့တာပါ။ ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ ငါးဖယ်တွေမှာယူအားတက်နေပါတယ်။ အခုလို ငါးဖယ်တွေကုန်ချိန်များများ တင်ပို့လာရတာကြောင့် ငါးလုပ်ငန်းနဲ့ဆက်စပ်သူတွေ အလုပ်အကိုင်အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးဖယ်တစ်ပိဿာလျှင် အရွယ်အစားအပေါ်မူတည်၍ ငွေကျပ် ၂၁၅၀၀ မှ ၂၈၅၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်များ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မြန်မာအမျိုးသမီးများနေ့နှင့် အမျိုးသမီးများကို အကြမ်းဖက်မှုမှကာကွယ်ရေး

❖ "အမျိုးသမီးများကို အကြမ်းဖက်ခြင်းဆိုသည်မှာ ဆိတ်ကွယ်ရာ၌ဖြစ်စေ၊ အများပြည်သူရှေ့၌ဖြစ်စေ၊ အမျိုးသမီးများကို ရုပ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ လိင်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ ထိခိုက်နာကျင်စေရန်ဆောင်ရွက်သောလုပ်ရပ်"ဟု ကုလသမဂ္ဂက ဖွင့်ဆိုထားသည်။ အမျိုးသမီးများကို အကြမ်းဖက်မှုပပျောက်ရေးအတွက် ကမ္ဘာတစ်ဝန်းတွင် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ ၁၆ ရက်တာ လှုပ်ရှားမှုကို နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။ ❖

**မြန်မာအမျိုးသမီးများနေ့**
**ဇူလိုင် ၃ ရက်**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုကြသောအားဖြင့် အထိမ်းအမှတ်လှုပ်ရှားသူများနှင့် ဟောပြောပွဲများကို အနယ်နယ်အရပ်ရပ်တွင် တွေ့မြင်ကြားသိနေကြရသည်။

နှစ်စဉ် ဇူလိုင် ၃ ရက်ကို **"မြန်မာအမျိုးသမီးများနေ့"**အဖြစ်သတ်မှတ်ကာ မြန်မာအမျိုးသမီးများ၏ဂုဏ်ရည်ကို မြှင့်တင်ပေးလျက်ရှိသည့်အပြင် အမျိုးသမီးများ၏ အခွင့်အရေးများကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည်။ **မြန်မာအမျိုးသမီးများနေ့**ဟု ဖြစ်ပေါ်လာရခြင်းမှာ မတ် ၈ ရက် **"အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့"**ကြောင့်ပင်ဖြစ်သည်။

**"(၁) ကမ္ဘာ့နိုင်ငံများရှိ အမျိုးသမီးများက နိုင်ငံတကာ အမျိုးသမီးလှုပ်ရှားမှုများပြုလုပ်ပြီး အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးများရရှိနိုင်ရန်၊ (၂) တန်းတူရည်တူ ဆက်ဆံခွင့်ရရှိနိုင်ရန်နှင့် (၃) အမျိုးသမီးများ၏ စွမ်းပကားတောင်းဆိုလှုံ့ဆော်စည်းရုံးမှုများပြုလုပ်ရန်"**ဟူသောရည်ရွယ်ချက်သုံးရပ်ဖြင့် **"ကမ္ဘာ့အမျိုးသမီးညီလာခံများ"**ကို ကျင်းပခဲ့ကြသည်။

ကျင်းပခဲ့ကြသည့်နိုင်ငံများမှာ ၁၉၇၅ ခုနှစ် မက္ကဆီကိုနိုင်ငံ၊ ၁၉၈၀ ပြည့်နှစ် ဒိန်းမတ်နိုင်ငံ (ကိုပင်ဟေဂင်မြို့)၊ ၁၉၈၅ ခုနှစ် ကင်ညာနိုင်ငံ (နိုင်ရိုဘီမြို့)၊ ၁၉၉၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ(ဘေဂျင်းမြို့)၊ ၂၀၁၄ ခုနှစ် အင်္ဂလန်နိုင်ငံ၊ ၂၀၁၅ ခုနှစ် ချီလီနိုင်ငံတို့တွင်ဖြစ်ကြသည်။

ထိုသို့ **"ကမ္ဘာ့အမျိုးသမီးညီလာခံများ"**ကျင်းပရခြင်း၏ အကြောင်းရင်းကလည်းရှိခဲ့သည်။ ၁၉၁၁ ခုနှစ် မတ်လက ရုရှားနိုင်ငံရှိ စက်ရုံမီးလောင်မှုကြောင့် အမျိုးသမီး ၁၄၆ ဦး မီးလောင်သေဆုံးခဲ့ရာ အမျိုးသမီးများ အုံကြွလှုပ်ရှားအရေးဆိုလာခဲ့ကြသည်။ ထို့ကြောင့် **"မတ် ၈ ရက်"** ကို **"အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့"**အဖြစ် သတ်မှတ်ပေးခဲ့ပြီး အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂ ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းများတွင် ပါဝင်သည့် "လူတိုင်း ကျား၊ မ မရွေး နိုင်ငံကြီး၊ ငယ် မရွေး အခြေခံလူအခွင့်အရေးများနှင့် တန်းတူရည်တူအခွင့်အရေးရရှိရေးတို့ကို ဂရုပြုရန်"ဟူသော စာတမ်းကြောင့် "ကမ္ဘာ့အမျိုးသမီးညီလာခံများ"ကို အခါအားလျော်စွာ ကျင်းပခဲ့ကြသည်။

ထိုသို့ကျင်းပခဲ့ကြသည့် ညီလာခံများအနက် ၁၉၉၅ ခုနှစ် တရုတ်ပြည် ဘေဂျင်းမြို့၌ကျင်းပခဲ့သော စတုတ္ထကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံက **"ဘေဂျင်းကြေညာစာတမ်း"**(Beijing Declaration) ကို ပြဋ္ဌာန်းခဲ့သည်။ ထိုကြေညာစာတမ်းတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတိုင်း၌ အမျိုးသားအဆင့်ယန္တရားဖွဲ့စည်းပြီး ဆောင်ရွက်သင့်သည့်ကဏ္ဍအပါအဝင် ကဏ္ဍကြီး (၁၂) ရပ်ပါဝင်ခဲ့ရာ မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်သည့်အနေဖြင့် ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် **"မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ"** ကိုဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီစတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင် ၃ ရက်ကိုပင် **"မြန်မာအမျိုးသမီးများနေ့"**ဟု ဂုဏ်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်ဖွဲ့စည်းပြီးနောက် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ထိ အဆင့်ဆင့်ဖွဲ့စည်းလှုပ်ရှားခဲ့ကြသည်။ ယခုဆိုလျှင် ၂၇ နှစ်ခရီးသို့ရောက်ရှိခဲ့လေပြီ။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဖွဲ့စည်းခဲ့ရာတွင် ရည်ရွယ်ချက် ခုနစ်ချက်ချမှတ်ထားရာ-

(၁) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(၂) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊

(၃) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(၄) တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊

(၅) အမျိုးသမီးများကို အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၆) အမျိုးသမီးများနှင့် ကလေးသူငယ်များကို လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်၊

(၇) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဟူ၍ဖြစ်သည်။

မြန်မာအမျိုးသမီးရေးရာ ကော်မတီသည် အာဆီယံအမျိုးသမီးရေးရာကော်မတီ၏အဖွဲ့ဝင်နိုင်ငံဖြစ်သောကြောင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးအဖွဲ့များနှင့် ပူးတွဲပေါင်းစည်း၍ ချမှတ်ထားသောရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအဆက်ဆက် စဉ်ဆက်မပြတ်လှုပ်ရှားခဲ့ရာ ၂၀၁၃ ခုနှစ် အောက်တိုဘာအတွင်းက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားအဆင့် မဟာဗျူဟာ ၁၀ နှစ် စီမံကိန်း (၂၀၁၃-၂၀၂၂) ကို ချမှတ်ကာ စီမံကိန်းပါလုပ်ငန်းစဉ်များကို အလွှာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လှုံ့ဆော်သမှုပြုခဲ့ကြသည်။ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များအရ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအကြမ်းဖက်မှုကာကွယ်ရေး၊ လူကုန်ကူးမှုကာကွယ် ရေးလုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့ကြသည်။

အထူးသဖြင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက် ခုနစ်ချက်အနက် ပဉ္စမအချက်ဖြစ်သော **"အမျိုးသမီးများကို အကြမ်းဖက်မှုမှကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန်"**ဟူသော ရည်ရွယ်ချက်ကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဦးစားပေး၍ လှုပ်ရှားနေကြသည်။

**အမျိုးသမီးများအား အကြမ်းဖက်မှု**

**"အမျိုးသမီးများကို အကြမ်းဖက်ခြင်းဆိုသည်မှာ ဆိတ်ကွယ်ရာ၌ဖြစ်စေ၊ အများပြည်သူရှေ့၌ဖြစ်စေ၊ အမျိုးသမီးများကို ရုပ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ လိင်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ ထိခိုက်နာကျင်စေရန် ဆောင်ရွက်သောလုပ်ရပ်"**ဟု ကုလသမဂ္ဂက ဖွင့်ဆိုထားသည်။ အမျိုးသမီးများကို အကြမ်းဖက်မှုပပျောက်ရေးအတွက် ကမ္ဘာတစ်ဝန်းတွင် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ ၁၆ ရက်တာလှုပ်ရှားမှုကို နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအတွင်းတွင် (၁) အမျိုးသမီးများအပေါ် အကြမ်းဖက်မှုရပ်တန့်ရေးနေ့ (နိုဝင်ဘာ ၂၅ ရက်)၊ (၂)အပြည်ပြည်ဆိုင်ရာအမျိုးသမီးလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနေ့ (နိုဝင်ဘာ ၂၉ ရက်)၊ (၃) ကမ္ဘာ့ AIDS နေ့ (ဒီဇင်ဘာ ၁ ရက်)၊ (၄) အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (ဒီဇင်ဘာ ၃ ရက်)၊ (၅) မွန်ထရီမြို့ လူသတ်ပွဲနှစ်ပတ်လည်နေ့ (ဒီဇင်ဘာ ၆ ရက်) နှင့် (၆) ကမ္ဘာ့လူ့အခွင့်အရေးနေ့ (ဒီဇင်ဘာ ၁၀ ရက်)တို့ ပါဝင်နေလေရာ ၁၆ ရက်တာ လှုပ်ရှားမှုအတွက် အလေးအနက်ထားနေကြသည်မှာ အမျိုးသမီးထုအတွက် အားတက်ဖွယ်ကောင်းလှသည်။

နိုင်ငံတကာတွင် အကြမ်းဖက်ခံကြရသော အမျိုးသမီးများ၏ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာကို ပြန်လည်ကောင်းမွန်လာစေရေးအတွက် အားလုံးကဘက်ပေါင်းစုံမှ ကူညီစောင့်ရှောက်ပေးကြရာတွင် အဆင့် (၅)ဆင့် သတ်မှတ်ထားသည်။

ထိုအဆင့်(၅)ဆင့်မှာ (၁)အကြမ်းဖက်မှုကြောင့် ဖြစ်နိုင်သော လက္ခဏာများကို သတိပြုမိခြင်း၊ (၂) ကနဦးကူညီမှုများပေးခြင်း၊ (၃)ဆေးကုသစောင့်ရှောက်မှုရရှိနိုင်ရန် ကူညီခြင်း၊ (၄) တရားဥပဒေအရ ကူညီစောင့်ရှောက်ပေးခြင်းနှင့် (၅) ပြန်လည်ထူထောင်ရေးတို့ဖြစ်သည်။

ထိုအဆင့်(၅)ဆင့်စလုံးတွင် အစိုးရ၊ ပြည်သူ၊ ပတ်ဝန်းကျင် လူနေမှုအသိုင်းအဝန်း၊ ရဲတပ်ဖွဲ့၊ ဥပဒေနှင့် ဥပဒေပညာရှင်များ၊ အရပ်လူ့အဖွဲ့အစည်းများကဟန်ချက်ညီစွာ ဝိုင်းဝန်းကူညီကြရပေမည်။

**နိုင်ငံတကာအကြမ်းဖက်မှုများနှင့် မြန်မာနိုင်ငံ**

ကမ္ဘာ့နိုင်ငံအသီးသီးရှိအမျိုးသမီးများ အနိုင်ကျင့်အကြမ်းဖက်အနိုပ်စက်ခံရမှုများ၊ ဗလက္ကာရ ပြုကျင့်ခံရမှုများ၊ လိင်ကျွန်ပြည့်တန်ဆာပြုလုပ်ခံရမှုများ၊ လူကုန်ကူးခံရမှုများကား လျော့နည်းမသွားဘဲ တိုးပွား၍ပင် အဖြစ်များနေကြသည်။

၂၀၁၃ ခုနှစ်က ကုလသမဂ္ဂမှထုတ်ပြန်ချက်အရ မိန်းကလေးများ ညဘက်ထွက်လျှင် ကြောက်စရာအကောင်းဆုံးမြို့မှာ **"အင်ဒိုနီးရှား"** ရှိ **"ဂျကာတာမြို့"** ဖြစ်ကြောင်း၊ ဟွန်ဒူးရပ်နိုင်ငံရှိ အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှာ ၂၀ ရာခိုင်နှုန်းရှိသည်ဟု ထိတ်လန့်ချောက်ချားဖွယ်အခြေအနေကို ကြေညာထားကြောင်း၊ ကမ္ဘာပေါ်မှာ အမျိုးသမီးများအခွင့်အရေးအဆိုးရွားဆုံးသောနိုင်ငံများထဲတွင် **"တူကီယဲနိုင်ငံ"** ပါဝင်ကြောင်း သတင်းများအရ သိရသည်။

**အိမ်တွင်းအကြမ်းဖက်မှု**

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများရှိ အမျိုးသမီးများထဲမှ သုံးဦးတွင် တစ်ဦးသည် အကြမ်းဖက်မှုဒဏ်ကိုခံနေရသည်။ **"အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ မိသားစုအတွင်းရေးအရှုပ်အထွေးပြဿနာများ (လင်ယောကျ်ားများက ဇနီးမယားများကို နှိပ်စက်ညှဉ်းပန်းမှုများ)နှင့် အိမ်ရှင်များက အိမ်ဖော်များကို နှိပ်စက်ညှဉ်းပန်းမှုများ"**ပင်ဖြစ်ကြသည်။

နိုင်ငံပေါင်း ၈၁ နိုင်ငံတွင် လေ့လာချက်အရ အာရှတိုက်မှ အမျိုးသမီးများသည် အိမ်တွင်းအကြမ်းဖက်မှုဒဏ်ကို အများဆုံးခံစားနေကြရပြီး ထိုအထဲမှ အရှေ့တောင်အာရှသည် အရှေ့အလယ်ပိုင်းနှင့် အာဖရိကနိုင်ငံများထက် အိမ်တွင်းအကြမ်းဖက်မှုဒဏ်ခံရသူ ပိုမိုများပြားနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ကမ္ဘာအရပ်ရပ်မှာရော၊ မြန်မာနိုင်ငံမှာပါ အမျိုးသမီးများကို မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ လိင်ကျေးကျွန်ပြုမှု၊ လူကုန်ကူးမှုရှိနေရာ သက်ဆိုင်ရာနိုင်ငံများအလိုက် အမျိုးသမီးများကို အကာအကွယ်ပေးနိုင်သော ဥပဒေများကို ဘာသာရေး၊ ဓလေ့ထုံးစံအရ ပြဋ္ဌာန်းဆောင်ရွက်နေကြသည်။

အချုပ်ဆိုရလျှင် **"မြန်မာအမျိုးသမီးများနေ့"** တွင် မြန်မာအမျိုးသမီးများ၏ နိုင်ငံစီးပွားရေး၊ လူမှုရေး၊ ဘာသာရေးစာပေရေးရာအဖြာဖြာ၌ သမိုင်းစဉ်ဆက် မျက်နှာပန်းလှခဲ့ကြသော အစဉ်အလာကောင်းများကို ဆက်လက်ထိန်းကျောင်းမြှင့်တင်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

## ကမ္ဘာ့ MSME နေ့(World MSME Day) ကျင်းပမည်

**နေပြည်တော် ဇွန် ၂၅**

ကမ္ဘာတစ်ဝန်း၌ အလုပ်အကိုင်ဖန်တီးခြင်း၊ ဆင်းရဲမှုလျှော့ချခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းတို့၌ အဓိကမောင်းနှင်အားဖြစ်သော MSME များ၏အရေးပါမှုကို အသိအမှတ်ပြုရန်အတွက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ ဇွန် ၂၇ ရက်ကို "ကမ္ဘာ့ MSME နေ့"အဖြစ် ၂၀၁၇ ခုနှစ်မှစတင်ကာ နှစ်စဉ်ကျင်းပခဲ့ကြသည်။

ယခုနှစ် ဇွန် ၂၇ ရက်တွင် ကျရောက်မည့် ၁၀ ကြိမ်မြောက်အခမ်းအနား "The Future Generation of MSMEs"(အနာဂတ်မျိုးဆက်သစ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ) ဆိုသည်မှာ နည်းပညာတစ်ဟုန်ထိုးတိုးတက်လာသည့်ခေတ်တွင် ရေရှည်တည်တံ့ပြီး လူသားဗဟိုပြုသော စီးပွားရေးပုံစံသစ်သို့ ကူးပြောင်းခြင်းဖြစ်ပြီး လက်ရှိနည်းပညာနှင့် ဉာဏ်ရည်တု(AI)ခေတ်အတွင်း မျိုးဆက်သစ်စီးပွားရေးလုပ်ငန်းရှင်များ၏အခန်းကဏ္ဍကို အဓိကဦးတည်ထားရှိသည်။

စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် "ကမ္ဘာ့ MSME နေ့(World MSME Day) အခမ်းအနား"ကို

(က) MSME လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းလုံးတွင် အလုပ်အကိုင် ကောင်းမွန်စွာဖန်တီးပေးနိုင်သည့် အဓိကအရင်းအမြစ်ဖြစ်ပြီး ဆင်းရဲမှုလျှော့ချရေးအတွက် အရေးပါသော အခန်းကဏ္ဍတွင်ရှိနေစေရန်၊

( ခ ) လူငယ်များနှင့် လုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုကိုဖော်ထုတ်ပေးနိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဈေးကွက်ချဲ့ထွင်မှုကို အသေးစားလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များထိ တိုးတက်ကြီးထွားလာစေရန်၊

( ဂ ) သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေရှည်တည်တံ့နိုင်သော စီးပွားရေးအလေ့အကျင့်ကောင်းများနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ကမ္ဘာ့လုပ်ငန်းရှင်များအကြား ပျံ့နှံ့သွားစေရန်၊

(ဃ) ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ(SDGs)အောင်မြင်စေရန်အတွက် MSME လုပ်ငန်းများ၏အရေးပါပုံကို ပြည်သူတစ်ရပ်လုံးပိုမိုသိရှိနားလည်လာစေရန်

ဟူသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ MSMEနေ့(World MSME Day) အခမ်းအနားကို ဇွန် ၂၇ ရက် မှ ၂၈ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC– 1)၌ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ MSME အေဂျင်စီများ၏ MSME ဖွံ့ဖြိုးရေးဆိုင်ရာပြခန်းများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အသိပညာပေးဆွေးနွေးပွဲများလည်းပါဝင်မည်ဖြစ်ရာ ပြည်သူများပါဝင်ဆင်နွှဲနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၂၈၁ ဧက စိုက်ပျိုးမည်

**မြောင်းမြ ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၂၈၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပီလောပီနံ ၁၂၈၁ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ပီလောပီနံဧကအားလုံး စနစ်တကျအခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ပီလောပီနံစိုက်ခင်းကို တွေ့ရစဉ်။

"ပီလောပီနံ စိုက်ပျိုးရာမှာ လျာထားဧကအတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး တွေကို အချိုးကျအသုံးပြုတတ်စေဖို့ ဌာနဝန်ထမ်းတွေက ကြိုတင်ကွင်းဆင်းနည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ပီလောပီနံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ရာ ပီလောပီနံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ရဲဝံ့တင့်ဆန်း ပွင့်သောပန်း

- တိုင်းပြည့်အပေါ်၊ ဘယ်ခါသော်မျှ
  ယွင်းချော်မှောက်လှန်၊ မဖောက်ပြန်ဘဲ
  နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့်
  အတိတ်ဖြစ်ရပ်၊ အထပ်ထပ်ကို
  သုံးသပ်ဝေဖန်၊ ဆင်ခြင်ဉာဏ်ဖြင့်
  အမှန်အတိုင်း ပြောတတ်သူ။

- သတင်းစာဆရာ၊ စာရေးဆရာ
  ကဗျာဆရာ၊ ပီသစွာနှင့်
  ဆရာဂုဏ်ဒြပ်၊ ပြည့်စုံလတ်၍
  သိမှတ်ခဲ့ပုံ၊ အတွေ့ကြုံကို
  ပြည့်စုံထင်ရှား၊ အသိပွားအောင်
  တပည့်များကို ဟောတတ်သူ။

- သူချစ်သည်အမှန်၊ သူ့နိုင်ငံတည့်
  မုန်းပြန်သည်ကား၊ အဖျက်သမားတည့်
  ရေးသားခဲ့ရာ၊ စာကဗျာကို
  သေချာဖတ်ကြည့်၊ လူတိုင်းသိလိမ့်
  တိုင်းပြည့်အကျိုး၊ ဂုဏ်ရည်တိုးအောင်
  ဒိုးဒိုးဒေါက်ဒေါက် ဆိုတတ်သူ။

- ဩော်... အမျိုးချစ်ဂုဏ်၊ စာပေဂုဏ်နှင့်
  ဂုဏ်ရည်တောက်ပ၊ ထင်လင်းလှသည့်
  အဘစာဆို၊ အိုစာဆိုင့်
  စာဆိုနှုတ်ဆက်၊ ခရီးထွက်လည်း
  လွမ်းမျက်ရည်စမ်း၊ ဘယ်မခန်းပါ
  တစ်ဝန်းပြည်ကို၊ သာစေလို၍
  ဆိုဟန် ပြောဟန်၊ ရေးသားဟန်နှင့်
  မှတ်ဉာဏ်ရင့်ကျက်၊ ဟောပြောချက်တွေ
  တစ်သက်တာထာဝရ၊ မေ့မရပါ
  ဘစာဆိုကား၊ အမှန်တရားကို
  သားမြေးမြစ်တွေ၊ သိမှတ်ချေအောင်
  စေတနာစွဲ၊ မေတ္တာကဲလျက်
  **"ရဲဝံ့တင့်ဆန်း၊ ပွင့်သောပန်း"**ဟု
  မှတ်တမ်းဝေကာ၊ ဂုဏ်ပြုပါသည်
  ကောင်းရာဘုံဘဝ၊ မြတ်ဌာနမှ
  ဘအို သာစုခေါ်စေသတည်း။ ။

၂၄.၆.၂၀၂၆ရက်နေ့တွင် ကွယ်လွန်သွားရာပြီဖြစ်သော **စာရေးဆရာကြီး တက္ကသိုလ်မြတ်သူ**ကို ဂုဏ်ပြုဖွဲ့ဆိုပါသည်။

**မြင်းမူမောင်နိုင်မိုး**






# ဆွစ်ဇာလန်သမ္မတ ဂိုင်းပါမီလင် အမေရိကန်နိုင်ငံသို့ သွားရောက်မည်



**ဇူးရစ် ဇွန် ၂၅**

ဆွစ်ဇာလန်သမ္မတ ဂိုင်းပါမီလင်သည် အမေရိကန်နိုင်ငံသို့ သွားရောက်၍ အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ် ဂျမေဆင်ဂရီရာနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ယနေ့ သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဆွစ်ဇာလန်သမ္မတ ဂိုင်းပါမီလင်သည် ဇွန် ၂၉ ရက်တွင် စတင်၍ ဇူလိုင် ၉ ရက်တွင် အဆုံးသတ်မည့် တောင်အမေရိကခရီးစဉ်အတွင်း အမေရိကန်နိုင်ငံသို့ ဝင်ရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံခရီးစဉ်အတွင်း ဆွစ်ဇာလန်သမ္မတ ဂိုင်းပါမီလင်သည် အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ် ဂျမေဆင်ဂရီရာနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စများ ဆွေးနွေးမည်ဖြစ်သည်။

ဆွစ်ဇာလန်သမ္မတ ဂိုင်းပါမီလင်သည် ဆွစ်ဇာလန် စီးပွားရေးဝန်ကြီး ရာထူးကိုလည်း တွဲဖက်ရယူထားပြီး ကုန်သွယ်ခွန်စည်းကြပ်မှုများနှင့် ပတ်သက်၍ အမေရိကန်အစိုးရနှင့် သဘောတူညီချက်ရယူရန် ကြိုးပမ်းလျက်ရှိသည်။

ဆွစ်ဇာလန်သမ္မတ ဂိုင်းပါမီလင်သည် မြောက်အမေရိကခရီးစဉ်အတွင်း ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့သို့လည်း ဝင်ရောက်မည်ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဆွစ်ဇာလန်နိုင်ငံ၏ ပို့ကုန်များကို ၃၉ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဟော်မုဇ်ရေလက်ကြား ရေကြောင်းသွားလာမှုများ ပုံမှန်ပြန်ဖြစ်ရေး တရုတ်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

**ပေကျင်း ဇွန် ၂၅**

မဟာဗျူဟာမြောက် ဟော်မုဇ်ရေလက်ကြား ရေကြောင်းသွားလာမှုမှာ အမြန်ဆုံး ပုံမှန်အခြေအနေပြန်လည် ရောက်ရှိရေးအတွက် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ဇွန် ၂၄ ရက်တွင် တောင်းဆိုထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကမ္ဘာ့ စက်မှုလုပ်ငန်းများနှင့် ကုန်စည်စီးဆင်းမှု လမ်းကြောင်းများ တည်ငြိမ်ရေးအတွက် အထောက်အကူပြုနိုင်ရန် ဟော်မုဇ်ရေလက်ကြား ရေကြောင်းသွားလာမှုများ ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရန် လိုအပ်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး မိုဟာမ်မက်အစ်ဟက်ဒါးနှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်း ဖွင့်လှစ်နိုင်ရေး စေ့စပ်ဆွေးနွေးမှုများကို အားပေးထောက်ခံရေးအတွက် သက်ဆိုင်ရာနိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံအနေဖြင့် ဆန္ဒရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့အနေဖြင့် သုံးလကျော်ကြာ အီရန်စစ်ရေးပဋိပက္ခ ပြီးဆုံးရေးအတွက် ယာယီ ငြိမ်းချမ်းရေးသဘောတူချက် ရယူထားသည်။

ထိုယာယီသဘောတူညီချက်အရ ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများကို ပြန်လည်ဖွင့်လှစ်ရန် အီရန်နိုင်ငံက သဘောတူထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ကူဝိတ်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်

**ကူဝိတ်စီးတီး ဇွန် ၂၅**

ကူဝိတ်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးသည် ဇွန် ၂၄ ရက်တွင် သံရုံးဝန်ဆောင်မှု လုပ်ငန်းများ ပြန်လည် စတင်နေပြီဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို၏ ကူဝိတ်နိုင်ငံခရီးစဉ်အတွင်း ကူဝိတ်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက သံရုံးဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

ကူဝိတ်စီးတီးမြို့၌ တည်ရှိသည့် အမေရိကန်သံရုံးအနေဖြင့် အမေရိကန်နိုင်ငံသားများအတွက် အရေးပေါ် သံရုံးဝန်ဆောင်မှုများ စပေးနေပြီး ကျန်သံရုံးဝန်ဆောင်မှုများကို အဆင့်ဆင့်ပြန်လည်စတင်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကူဝိတ်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးသည် သုံးလကျော်ကြာ အီရန်စစ်ရေးပဋိပက္ခ စတင်ခဲ့ပြီးနောက် သံရုံးဝန်ဆောင်မှုလုပ်ငန်းများကို ရပ်တန့်ထားခဲ့ရသည်။

အမေရိကန်နှင့် အစ္စရေးတို့က ဖေဖော်ဝါရီ ၂၈ ရက်တွင် အီရန်ကို စစ်ရေးအရ စတင်တိုက်ခိုက်ခဲ့ရာ အီရန်နိုင်ငံကလည်း ကူဝိတ်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ရှိ အမေရိကန်သံရုံးများကို မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုသည် ဇွန် ၂၄ ရက်တွင် ကူဝိတ်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံး အလံတင်အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# နိုင်ငံတကာရေနံဈေးနှုန်းများ အီရန်စစ်ရေးပဋိပက္ခ မစတင်မီကာလအဆင့်သို့ ပြန်လည်ကျဆင်း

**တီဟီရန် ဇွန် ၂၅**

အရှေ့အလယ်ပိုင်း ဒေသမှ ရေနံစိမ်းများ ဈေးကွက်အတွင်း ဝင်ရောက်လာနိုင်မှုကြောင့် ယနေ့တွင် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများမှာ အီရန်စစ်ရေးပဋိပက္ခ မစတင်မီကာလအဆင့်သို့ ပြန်လည် ကျဆင်းလာခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ယနေ့တွင် နိုင်ငံတကာ ရေနံဈေးကွက်၌ ဘရန့်စံမှတ်ရေနံဈေးနှုန်းမှာ ၁ ဒသမ ၇၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၄၆ ဒေါ်လာထိ ကျဆင်းလာခဲ့သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့၏ ဇွန် ၁၇ ရက်တွင် ရယူထားသော အီရန်စစ်ရေးပဋိပက္ခ ပြီးဆုံးရေး ယာယီ သဘောတူညီချက်အရ ဟော်မုဇ်ရေလက်ကြားကို ရေနံတင်သင်္ဘောများ ဖြတ်သန်းနိုင်ခဲ့ပြီးနောက် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

ယနေ့ ကမ္ဘာ့ရေနံဈေးကွက် ရေနံဈေးနှုန်းသည် သုံးလကျော်ကြာ အီရန်စစ်ရေးပဋိပက္ခမစတင်မီကာလ ရေနံစိမ်းဈေးနှုန်းအဆင့်သို့ ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဇွန် ၁၇ ရက် အီရန်စစ်ရေးပဋိပက္ခပြီးဆုံးရေး ယာယီသဘောတူညီချက်တွင် အပစ်အခတ်ရပ်စဲရေးကာလ ရက် ၆၀ အတွင်း အီရန်နိုင်ငံအနေဖြင့် ၎င်း၏ ရေနံများကို ရောင်းချခွင့်ရရှိထားသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က အီရန်နိုင်ငံကို ယခုနှစ် ဖေဖော်ဝါရီလတွင် စစ်ရေးအရ တိုက်ခိုက်ခဲ့ပြီးနောက် အီရန်နိုင်ငံက ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ခဲ့ရာ နိုင်ငံတကာရေနံဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# သမ္မတရာထူးသက်တမ်းထပ်တိုးရေးဥပဒေကြမ်း ဇင်ဘာဘွေအထက်လွှတ်တော် အတည်ပြု

**ဟာရဲရား ဇွန် ၂၅**

သမ္မတရာထူး သက်တမ်းကို လက်ရှိ ငါးနှစ်မှ ခုနစ်နှစ်ထိထပ်တိုးပေးထားသော ဥပဒေကြမ်းကို ဇင်ဘာဘွေအထက်လွှတ်တော်က ဇွန် ၂၄ ရက်တွင် အတည်ပြုပေးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဥပဒေကြမ်းအရ လက်ရှိ ဇင်ဘာဘွေသမ္မတ အမ်နန်ဂါဂွာသည် သမ္မတရာထူးကို ၂၀၃၀ ပြည့်နှစ်ထိ ဆက်လက်ရယူခွင့်ရှိမည်ဖြစ်သည်။



သမ္မတရာထူး သက်တမ်းထပ်တိုးရေးဥပဒေကြမ်းကို ဇင်ဘာဘွေအထက်လွှတ်တော်က မဲခွဲရာတွင် ထောက်ခံမဲ ၇၅ မဲ၊ ကန့်ကွက်မဲ လေးမဲတို့ဖြင့် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါဥပဒေကြမ်းတွင် သမ္မတကို ပြည်သူများ တိုက်ရိုက်မဲပေးမှုစနစ်ဖြင့် ရွေးချယ်မည့်အစား လွှတ်တော်က ရွေးကောက်တင်မြှောက်ရန်လည်း ပြဋ္ဌာန်းထားသည်။

အဆိုပါဥပဒေကြမ်းကို ဇင်ဘာဘွေ အထက်လွှတ်တော်ကလည်း အတည်ပြုခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

အသက် ၈၃ နှစ်အရွယ် ဇင်ဘာဘွေသမ္မတအမ်နန်ဂါဂွာ၏ သမ္မတရာထူးသက်တမ်းသည် ၂၀၂၈ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ဆက်သွယ်ရေးနည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီက အောင်မြင်စွာလွှတ်တင်ခဲ့



ပေကျင်း ဇွန် ၂၅

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ဆက်သွယ်ရေးနည်းပညာစမ်းသပ်ဂြိုဟ်တု တစ်စင်းကို ဇွန် ၂၃ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဇွန် ၂၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဆက်သွယ်ရေးနည်းပညာစမ်းသပ်ဂြိုဟ်တုကို တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဝန်ချန်အာကာသစခန်းမှတစ်ဆင့် လောင်းမတ်ချ်-၇ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၇ ဒုံးပျံသည် အဆိုပါ ဆက်သွယ်ရေးနည်းပညာစမ်းသပ်ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဆက်သွယ်ရေးနည်းပညာစမ်းသပ်ဂြိုဟ်တုကို ဂြိုဟ်တုဆက်သွယ်ရေး၊ ရုပ်သံထုတ်လွှင့်မှုနှင့် သတင်းအချက်အလက်ပေးပို့ရေး ဝန်ဆောင်မှုများအတွက် အသုံးပြုမည်ဖြစ်သည်။

ထို့ပြင် အဆိုပါဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းပေါ်၌ ဆက်သွယ်ရေးလုပ်ငန်း ဆက်စပ်နည်းပညာများကိုလည်း စမ်းသပ်မည်ဖြစ်ကြောင်းတရုတ်အမျိုးသားအာကာသအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇွန် ၂၃ ရက် လောင်းမတ်ချ်-၇ ဒုံးပျံမစ်ရှင်သည် လောင်းမတ်ချ် အုပ်စုဝင်ဒုံးပျံများ၏ ၆၅၃ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## နာဆာ၏ ရိုမန်စပေ့အာကာသရေဒီယိုတယ်လီစကုပ် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းသို့ ရောက်ရှိနေပြီဖြစ်

ဝါရှင်တန် ဇွန် ၂၅

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ရိုမန်စပေ့ အာကာသရေဒီယိုတယ်လီစကုပ်သည် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဇွန် ၂၄ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် ရိုမန်စပေ့ အာကာသရေဒီယိုတယ်လီစကုပ်ကို မေရီလန်းပြည်နယ် ဂေါ့ဒက်အာကာသစခန်းမှတစ်ဆင့် ကနေဒီအာကာသစခန်းသို့ ပီးဂါးဆပ်တွဲရေယာဉ်ဖြင့် ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ရိုမန်စပေ့ အာကာသရေဒီယိုတယ်လီစကုပ်သည် ဇွန် ၂၂ ရက်တွင် ကနေဒီအာကာသစခန်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း နာဆာ တာဝန်ရှိသူများက ပြောကြားသည်။

ရိုမန်စပေ့ အာကာသရေဒီယိုတယ်လီစကုပ်ကို ကနေဒီအာကာသစခန်း၌ မလွှတ်တင်မီ အကြိုစစ်ဆေးစမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နာဆာအဖွဲ့သည် ရိုမန်စပေ့ အာကာသရေဒီယို တယ်လီစကုပ်ကို စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် ယခုနှစ် ဩဂုတ် ၃၀ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် ရိုမန်စပေ့ အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာဂြိုဟ်နှင့် မိုင်တစ်သန်းခန့်အကွာတွင် နေရာယူ၍စကြဝဠာကိုစူးစမ်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## Rocket Lab ကုမ္ပဏီက အမေရိကန်အာကာသတပ်ဖွဲ့အတွက် ဒုတိယမြောက် Victus Haze အာကာသယာဉ်ကို အောင်မြင်စွာလွှတ်တင်

ဝါရှင်တန် ဇွန် ၂၅

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် အမေရိကန် အာကာသတပ်ဖွဲ့အတွက် ဒုတိယမြောက် Victus Haze အာကာသယာဉ်ကို အောင်မြင်စွာ လွှတ်တင်ပေးခဲ့ကြောင်း ဇွန် ၂၄ ရက် သတင်းများအရ သိရသည်။

Rocket Lab ကုမ္ပဏီသည် Victus Haze အာကာသယာဉ်ကို နယူးဇီလန်နိုင်ငံမှတစ်ဆင့် အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Victus Haze အာကာသယာဉ်ကို Rocket Lab ကုမ္ပဏီကပင် တည်ဆောက် ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်အာကာသတပ်ဖွဲ့၏ ပထမဆုံး Victus Haze အာကာသယာဉ်ကို စပေ့အိတ်ကုမ္ပဏီက ယခုနှစ် မေလအတွင်း လွှတ်တင်ပေးခဲ့ပြီးဖြစ်သည်။

Rocket Lab ကုမ္ပဏီသည် Victus Haze အာကာသယာဉ်ကို လွှတ်တင်ရန် အသိပေးအကြောင်းကြားပြီး ၁၆ နာရီ ၂၄ မိနစ်အတွင်း လွှတ်တင်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် Victus Haze အာကာသယာဉ်၏ ပတ်လမ်းပေါ်၌ ပျံသန်းလှုပ်ရှားမှုများကိုလည်း စီမံခန့်ခွဲပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## အလေးမလေ့ကျင့်ခန်းပြုလုပ်မှုက အသက်ရှည်ရှည် နေနိုင်ရေးအတွက် အထောက်အကူပြုနိုင်

နယူးယောက် ဇွန် ၂၅

အလေးမလေ့ကျင့်ခန်းပြုလုပ်မှုသည် အသက်ရှည်ရှည်နေနိုင်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၂၄ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အလေးမလေ့ကျင့်ခန်းကို တစ်ပတ်လျှင် တစ်နာရီခွဲမှ နှစ်နာရီထိ အချိန်ပေးပြုလုပ်ခြင်းဖြင့် ရောဂါဘယ အမျိုးမျိုးကြောင့် အသက်ဆုံးပါးနိုင်ခြေကို ၁၃ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အမျိုးသားနှင့် အမျိုးသမီး ၁၄၇၃၇၅ ဦးတို့၏ နှစ် ၃၀ ကာလ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အလေးမလေ့ကျင့်ခန်းတစ်မျိုးတည်း လုပ်ဆောင်ခြင်းဖြင့် နှလုံးဖောက်မှု သို့မဟုတ် လေဖြတ်မှုကြောင့် အသက်ဆုံးပါးနိုင်ခြေကို ၁၉ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် အလေးမလေ့ကျင့်ခန်းသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ(Dementia)ကဲ့သို့ အာရုံနှာဗ်ဆဲလ်ရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေကိုလည်း ၂၇ ရာခိုင်နှုန်းလျှော့ချနိုင်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## Teplizumab ခုခံအားစနစ်ဆေးက ပုံစံ-၁ ဆီးချိုရောဂါဖြစ်ပွားမည့်အချိန်ကို ယာယီတားဆီးပေးထားနိုင်

လန်ဒန် ဇွန် ၂၅

Teplizumab အမည်ရှိ ခုခံအားစနစ်ဆေးတစ်မျိုးသည် ပုံစံ-၁ ဆီးချိုရောဂါ ဖြစ်ပွားမည့်အချိန်ကို ယာယီတားဆီးပေးထားနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ဇွန် ၂၄ ရက်တွင် ပြောကြားသည်။

ပုံစံ-၁ ဆီးချိုရောဂါသည် ကမ္ဘာတစ်ဝန်းရှိ ပြည်သူသန်းပေါင်းများစွာခံစားနေရသည့် ရောဂါတစ်မျိုးဖြစ်ပြီး ပုံမှန်အားဖြင့် ကလေးဘဝကာလများတွင် စတင်ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။

ပုံစံ-၁ ဆီးချိုရောဂါသည် ပန်ကရိယက အင်ဆူလင်ဟော်မုန်းကို အနည်းငယ်မျှထုတ်လုပ်နိုင်ချိန် သို့မဟုတ် လုံးဝထုတ်လုပ်နိုင်မှုမရှိတော့သည့် အချိန်များတွင် ဖြစ်ပွားတတ်သည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Teplizumab ဆေးသည် ပုံစံ-၁ ဆီးချိုရောဂါကို ကုသနိုင်မှုမရှိသော်လည်း ၎င်းရောဂါဝင်ရောက်နိုင်မည့်ကာလကို သုံးနှစ်ထိဆိုင်းငံ့ပေးထားနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဗြိတိန်ကျန်းမာရေးတာဝန်ရှိသူများသည် ပုံစံ-၁ ဆီးချိုရောဂါလူနာများကို ကုသရာတွင် Teplizumab ဆေးကို အသုံးပြုခွင့်ပေးရန် သဘောတူညီချက်ပေးထားပြီးဖြစ်သည်။

Teplizumab ဆေးသည် ပုံစံ-၁ ဆီးချိုရောဂါကို တားဆီးကုသရာတွင် နှစ်ပေါင်း ၁၀၀ ကျော်ကာလအတွင်း အဓိကအကျဆုံးဆေးတစ်မျိုး ဖြစ်လာနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today
Trs : KKO






## Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျွန်ရမ်းနှင့် တိုင်ရယ်ဟက်တန်တို့ ပါဝင်ယှဉ်ပြိုင်မည်

အီဒင်ဘာ့ဂ် ဇွန် ၂၅

LIV Golf အဖွဲ့ချုပ်နှင့်ပူးပေါင်းထားသော စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းနှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား တိုင်ရယ်ဟက်တန်တို့သည် စကော့တလန်နိုင်ငံတွင် လာမည့် ဇူလိုင် ၉ ရက်မှစတင်၍ ကျင်းပသွားမည့် Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲသည် DP World Tour အဖွဲ့ချုပ်နှင့် PGA Tour အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး ဂျွန်ရမ်းနှင့် တိုင်ရယ်ဟက်တန်တို့က LIV Golf အဖွဲ့ချုပ်မှ ကစားသမားများဖြစ်ကြသော်လည်း ပြိုင်ပွဲဝင်လိုသည့်အတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်တောင်းခံကာ ပါဝင်ယှဉ်ပြိုင်သွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂျွန်ရမ်းသည် ယခုနှစ် ဂေါက်သီးရိုက်ရာသီအတွင်း LIV Golf အဖွဲ့ချုပ်ကကျင်းပသော ပြိုင်ပွဲများအနက် ပြိုင်ပွဲနှစ်ရပ်တွင် ချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့သကဲ့သို့ တိုင်ရယ်ဟက်တန်သည်လည်း ယခုနှစ်အတွင်း စပိန်နိုင်ငံတွင် ကျင်းပခဲ့သော LIV Golf ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားတစ်လုံးကို ဆွတ်ခူးခဲ့သူများဖြစ်ကြသည်။

လက်ရှိတွင်လည်း LIV Golf အဖွဲ့ချုပ်က ပြိုင်ပွဲများကို ရပ်နားထားသည့်အတွက် ဂျွန်ရမ်းနှင့် တိုင်ရယ်ဟက်တန်တို့က Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Golf Today

Trs : AZL



## Giorgio Armani Tennis Classic တင်းနစ်ပြိုင်ပွဲမှနုတ်ထွက်ကြောင်း ဂျိုကိုဗစ် ကြေညာ

လန်ဒန် ဇွန် ၂၅

ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပမည့် Giorgio Armani Tennis Classic တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်ဟု Deadspin သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Giorgio Armani Tennis Classic တင်းနစ်ပြိုင်ပွဲသည် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲအကြိုကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲအတွက် ပြင်ဆင်လိုသူများ ပါဝင်ယှဉ်ပြိုင်လေ့ရှိကြသည်။

ဂျိုကိုဗစ်သည် ဂရန်းစလန်းဆုဖလားတစ်လုံး ထပ်မံဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေပြီး ၎င်းအနေဖြင့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမတိုင်မီ ဒဏ်ရာရမည်ကို စိုးရိမ်သည့်အတွက် Giorgio Armani Tennis Classic တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်က "Giorgio Armani Tennis Classic တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖြစ်တော့မှာ မဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ ဝင်ဘယ်ဒန်ပြိုင်ပွဲအတွက် ပြင်ဆင်သွားချင်ပါတယ်။ အသက်အရွယ်အရလဲ ပွဲများများကစားဖို့ မဖြစ်နိုင်တော့ပါဘူး။ ဒါပေမဲ့လဲ အခြေအနေအရပ်ရပ်ကြောင့် ပြိုင်ပွဲကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Deadspin

Trs : AZL

## ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ၁၂ ကြိမ်ဆက်အုပ်စုပထမဖြင့် ၃၂ သင်း ရှုံးထွက်အဆင့်သို့ ဘရာဇီးအသင်းတက်ရောက်

ဝါရှင်တန် ဇွန် ၂၅

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(C) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့သည့် စကော့တလန်အသင်းနှင့် ဘရာဇီးအသင်းတို့ပွဲစဉ်တွင် ဘရာဇီးအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီးနောက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ၁၂ ကြိမ်ဆက် အုပ်စုပထမဖြင့် ၃၂ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



အဆိုပါပွဲစဉ်တွင် ဘရာဇီးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခုနစ်မိနစ်နှင့် ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပို သုံးမိနစ်တို့တွင် ဗီနီစီးယက်စ်၊ ပွဲချိန် မိနစ် ၆၀ တွင် ကွန်ဟာတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(C)တွင် အုပ်စုနောက်ဆုံးပွဲစဉ်မတိုင်မီက အုပ်စုပထမ၊ ဒုတိယ၊ တတိယနေရာတို့အတွက် မည်သည့်အသင်း ရပ်တည်နိုင်မည် မသိရှိရဘဲ အဆုံးအဖြတ်ကစားခဲ့ကြရပြီး ဘရာဇီးအသင်းက စကော့တလန်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သကဲ့သို့ မော်ရိုကိုအသင်းကလည်းဟေတီအသင်းကိုလေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်အတွက် ဘရာဇီးအသင်းနှင့် မော်ရိုကိုအသင်းတို့သည် ရမှတ် ခုနစ်မှတ်စီ တူညီနေသော်လည်း ဘရာဇီးအသင်းက ဂိုးကွာခြားချက် အသာစီးရရှိခဲ့ကာ အုပ်စုပထမဖြင့် ၃၂ သင်းရှုံးထွက်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းသည် ၁၉၈၂ ခုနှစ်၊ ၁၉၈၆ ခုနှစ်၊ ၁၉၉၀ ပြည့်နှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၈ ခုနှစ်၊ ၂၀၀၂ ခုနှစ်၊ ၂၀၀၆ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၈ ခုနှစ်၊ ၂၀၂၂ ခုနှစ်၊ လက်ရှိ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတို့ကို အုပ်စုပထမဖြင့် ၃၂ သင်း ရှုံးထွက်အဆင့်သို့ ၁၂ ကြိမ်ဆက် တက်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : B/R Football

Trs : STA

## ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အချို့ပြီးဆုံးခဲ့ပြီး ၃၂ သင်း ရှုံးထွက်အဆင့်တက်ရောက်ခဲ့သည့်အသင်းများ ဆက်လက်ထွက်ပေါ်

ဝါရှင်တန် ဇွန် ၂၅

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(A)၊ (B)၊ (C) တို့တွင် ယနေ့နံနက်ပိုင်းက အုပ်စုပွဲစဉ်များ ပြီးဆုံးခဲ့ပြီး ၃၂ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြသည့် အသင်းများ ဆက်လက်ထွက်ပေါ်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(A)၊ (B)၊ (C) တို့တွင် ၃၂ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ရန် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့ကြရပြီး အုပ်စု(A)တွင် အိမ်ရှင် မက္ကဆီကိုအသင်းက ချက်အသင်းကို သုံးဂိုး ဂိုးမရှိ၊ တောင်အာဖရိကအသင်းက တောင်ကိုရီးယားအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြသည့်အတွက် မက္ကဆီကိုအသင်းက အုပ်စုပထမ၊ တောင်အာဖရိကအသင်းက အုပ်စုဒုတိယဖြင့် ၃၂ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ပြီး တောင်ကိုရီးယားအသင်း အနေဖြင့် အုပ်စုတတိယနေရာတွင် ရပ်တည်ခဲ့သည်။

အလားတူ အုပ်စု(B)တွင်လည်း အုပ်စုနောက်ဆုံးပွဲစဉ်ထိ အဆုံးအဖြတ်ကစားခဲ့ကြရပြီး ဘော့စနီးယားအသင်းက ကာတာအသင်းကို သုံးဂိုး တစ်ဂိုး၊ ဆွစ်ဇာလန်အသင်းက အိမ်ရှင်ကနေဒါအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကြပြီး ဆွစ်ဇာလန်အသင်းက အုပ်စုပထမ၊ ကနေဒါအသင်းက အုပ်စုဒုတိယဖြင့် ၃၂ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြပြီး ဘော့စနီးယားအသင်းက အုပ်စုတတိယနေရာတွင် ရပ်တည်ခဲ့သည်။

ဆက်လက်ပြီး အုပ်စု(C)တွင်လည်း အုပ်စုနောက်ဆုံးပွဲစဉ်တွင် မော်ရိုကိုအသင်းက ဟေတီအသင်းကို လေးဂိုး နှစ်ဂိုး၊ ဘရာဇီးအသင်းက စကော့တလန်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြပြီး ဘရာဇီးအသင်းက အုပ်စုပထမ၊ မော်ရိုကိုအသင်းက အုပ်စုဒုတိယဖြင့် ၃၂ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြပြီး စကော့တလန်အသင်းက အုပ်စုတတိယနေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အပြီးတွင် ရေဝတီအသင်း အမှတ်ပေးဇယားထိပ်ဆုံးမှဦးဆောင်

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အပြီးတွင် လက်ရှိချန်ပီယံ ရေဝတီအသင်းက နှစ်ပွဲဆက်အနိုင်ရခဲ့ပြီး ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။



မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲတွင် နိုင်ငံခြားကစားသမားများကို ခေါ်ယူထားသည့် ရေဝတီအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့သည် ပွဲစဉ်(၂)တွင် ရလဒ်ကောင်းများရခဲ့ကြပြီး ရေဝတီအသင်းက Young Lionesses အသင်းကို အနိုင်ရခဲ့ကာ ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၂)အပြီးတွင် ရေဝတီအသင်းက ဂိုးကွာခြားချက်အသာ ရမှတ် ခြောက်မှတ်ဖြင့် အဆင့်(၁)၊ ISPE အသင်းက ရမှတ် ခြောက်မှတ်ဖြင့် အဆင့်(၂)၊ ရန်ကုန်ယူနိုက်တက်အသင်းကရမှတ် ခြောက်မှတ်ဖြင့် အဆင့်(၃)၊ ရတနာပုံအက်ဖ်စီအသင်းက ရမှတ် သုံးမှတ်ဖြင့် အဆင့်(၄)၊ ဖွဲကပင်ယူနိုက်တက်အသင်းက ရမှတ် သုံးမှတ်ဖြင့် အဆင့်(၅)၊ Young Lionesses အသင်းက ရမှတ် သုံးမှတ်ဖြင့် အဆင့်(၆)၊ ရှမ်းယူနိုက်တက်အသင်းက ရမှတ် တစ်မှတ်ဖြင့် အဆင့်(၇)၊ သစ္စာအားမာန်အသင်းက ရမှတ် တစ်မှတ်ဖြင့် အဆင့်(၈)၊ မြဝတီအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့က ရမှတ် ရရှိခြင်းမရှိသေးဘဲ ဂိုးကွာခြားချက်ဖြင့် အဆင့်(၉)နှင့် အဆင့်(၁၀)နေရာတို့တွင် အစဉ်လိုက် ရပ်တည်နေကြောင်း သိရသည်။

STA

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက ရေတပ်သုံးမောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းတီထွင်ထုတ်လုပ်ရန် အစီအစဉ်များချမှတ်ခဲ့



အိန္ဒိယနိုင်ငံသည် လေယာဉ်တင်သင်္ဘောအခြေစိုက် ရေတပ်သုံးမောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းတီထွင်ထုတ်လုပ်ရန် အစီအစဉ်များ ချမှတ်ခဲ့ကြောင်း The Drone Front သတင်းဌာနက ဇွန် ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Naval Unmanned Combat Aerial Vehicle(NUCAV) ရေတပ်သုံးမောင်းသူမဲ့ တိုက်ခိုက်ရေးဒရုန်းများ ထုတ်လုပ်ရန် စီမံကိန်းသည် အိန္ဒိယစစ်ဘက်အတွက် ဂျက်အင်ဂျင်သုံးလေယာဉ်များ ထုတ်လုပ်ရေးကို အဓိကဦးတည်ထားသည့် အိန္ဒိယနိုင်ငံ၏ ကိုယ်ပိုင် Ghatak စီမံကိန်း အပေါ်အခြေခံ၍ အကောင်အထည် ဖော်သွားမည်လည်းဖြစ်သည်။

ဒေသတွင်းမီဒီယာများ၏ ဖော်ပြချက်အရ ဤရေတပ်သုံးမောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းကို ဖုံးကွယ်တိုက်ခိုက်ခြင်း၊ ခုခံကာကွယ်ခြင်း၊ ကင်းထောက်လှမ်းခြင်း နှင့် ဝေဟင်၌ ဆီဖြည့်တင်းပေးခြင်း စသည့်စစ်ဆင်ရေးကဏ္ဍစုံကို စနစ်တစ်ခုတည်းအတွင်း ပေါင်းစပ်လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရေတပ်သုံးမောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းစနစ်သည် ပြင်းထန်သော တိုက်ပွဲများကြား လေယာဉ်တင်သင်္ဘော တိုက်ပွဲဝင်အုပ်များ၏ လှုပ်ရှားစစ်ဆင်နိုင်မည့်အကွာအဝေးနှင့် ကာကွယ်ရေး စွမ်းရည်ကို ပိုမိုတိုးချဲ့ရန်ဖြစ်သည်။ ၎င်းကို အမေရိကန်၏ B-2 Spirit ဖုံးကွယ်လေယာဉ်နှင့်ဆင်တူသည့် တောင်ပံပုံစံဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး ကုန်ကျစရိတ်နှင့် ရေရှည်ထိန်းသိမ်းမှုအပိုင်းကို လျှော့ချနိုင်ရန်အတွက် တာဘိုဖန်အင်ဂျင်ကို အသုံးပြုသွားရန် စီစဉ်ထားသည်။ ဤဒရုန်းသည် အလေးချိန် ပေါင် ၂၈၆၆၀ ခန့်ရှိမည်ဖြစ်ရာ လက်ရှိ ကမ္ဘာပေါ်တွင် ဒရုန်းတီထွင် ထုတ်လုပ်နေဆဲဖြစ်သော လေယာဉ်တင်သင်္ဘော အခြေစိုက် အကြီးဆုံးရေတပ်သုံး မောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းများအနက် တစ်ခုဖြစ်လာမည်ဖြစ်သည်။

ရေတပ်သုံးမောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းတွင် တိုက်ခိုက်ရေးစွမ်းရည်အတွက် တိကျပဲ့ထိန်းခဲယမ်းများ တပ်ဆင်ထားမည်ဖြစ်ရာ ရန်သူ့ဘက်က အထပ်ထပ်ကာကွယ်ထားသည့် ပစ်မှတ်များကိုပင် လျှို့ဝှက်စွာ ထိုးဖောက်ဖုံးကွယ်နိုင်မည်ဖြစ်သည်။ ထို့ပြင် အဖျက်စွမ်းအားပိုမိုမြင့်မားစေရန်အတွက် ဝေဟင်မှ ဝေဟင်ပစ်လက်နက်များနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေး တန်ပြန်နှောင့်ယှက်မှုစနစ်များကိုပါ ထည့်သွင်းတပ်ဆင်နိုင်ခြေရှိသည်။ ၎င်းကို ဂြိုဟ်တုအခြေပြုကွပ်ကဲမှု ဗဟိုချက်မှတစ်ဆင့် ထိန်းချုပ်သွားရန် စီစဉ်ထားသဖြင့် အိန္ဒိယသမုဒ္ဒရာ တစ်ခုလုံးတွင် အမြင်အာရုံကန့်သတ်ချက်ကျော်လွန်၍ တာဝေးစစ်ဆင်ရေးများကိုပါ ဆင်နွှဲနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ရေတပ်သုံးမောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းစနစ်ကို လူသားမောင်းနှင်သောစနစ်နှင့် မောင်းသူမဲ့စနစ် တွဲဖက်စစ်ဆင်ရေးပုံစံများတွင် အသုံးချနိုင်ရန် လိုက်လျောညီထွေစွာ ပြင်ဆင်ရန် စီစဉ်နေခြင်းဖြစ်သည်။ ထိုသို့ ပြင်ဆင်ခြင်းဖြင့် လက်ရှိအသုံးပြုနေသော MiG-29K တိုက်လေယာဉ်နှင့် အနာဂတ်တွင်ဝယ်ယူမည့် Rafale M တိုက်လေယာဉ်များနှင့်အတူ ဒရုန်းကို တွဲဖက်ပျံသန်းစေကာ စစ်အင်အားကို ဆပွားစေမည့်အပြင် ရန်သူ့လေကြောင်းရန်ကာကွယ်ရေးရေဒါများကိုလှည့်စားမည့် အာရုံပြောင်းပစ်မှတ်အဖြစ်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် တိုက်ခိုက်ရေးတာဝန်များသာမက အလိုအလျောက်လုပ်ဆောင်နိုင်သည့် ဝေဟင်ဆီဖြည့်လေယာဉ်အဖြစ် အသုံးပြုရန်လည်း စီစဉ်နေပြီး ဆီသယ်ယူပို့ဆောင်ရေး လေယာဉ်ကြီးများအပေါ်မှီခိုရမှုကို လျှော့ချနိုင်မည့်အပြင် လေယာဉ်တင်သင်္ဘောအခြေစိုက် ရေတပ်သုံးမောင်းသူမဲ့တိုက်ခိုက်ရေးဒရုန်းများ၏ စစ်ဆင်နိုင်မည့် အကွာအဝေးကိုလည်း ပိုမိုတိုးချဲ့ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**India Pushes Carrier-Based Combat Drone With Stealth Capabilities** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်နိုင်ငံ Palladyne AI ကုမ္ပဏီက ဒရုန်းအုပ်စုကိုကွပ်ကဲနိုင်မည့် AI စနစ်ကိုစမ်းသပ်ခဲ့

အမေရိကန်နိုင်ငံ Palladyne AI ကုမ္ပဏီသည် ဉာဏ်ရည်တု(AI) စနစ်ဖြင့် ဒရုန်းအုပ်စုကို ကွပ်ကဲနိုင်မည့် AI စနစ်ကို Ivy Mass စစ်ရေးလေ့ကျင့်မှုအတွင်း စမ်းသပ်သရုပ်ပြခဲ့သည်ဟု Military AI သတင်းဌာနက ဇွန် ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်မှုသည် စစ်သည်တစ်ဦးတည်းကပင် မောင်းသူမဲ့လေယာဉ်အမြောက်အမြားကို တစ်ပြိုင်နက်တည်း ကြီးကြပ်ကွပ်ကဲနိုင်စွမ်းရှိကြောင်း သက်သေပြခဲ့ပြီး ၎င်းစနစ်ကို ကြည်းတပ်၏ မျိုးဆက်သစ်ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုကွန်ရက်နှင့်လည်း ချိတ်ဆက်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် ကုမ္ပဏီ၏ အလိုအလျောက်မောင်းနှင်မှုဆော့ဝဲ(SwarmOS)ကို ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်မှုသုံး ဒရုန်းအမျိုးအစားစုံလင်သည့် အုပ်စုများအပြင် အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သည့် အသေးစားဖုံးကွယ်ဒရုန်းတို့နှင့်ပါ တွဲဖက်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ၎င်းစနစ်သည် ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်နှောင့်ယှက် ခံထားရသည့် စစ်မြေပြင် ပတ်ဝန်းကျင်တွင်ပင် ဒရုန်းအချင်းချင်း အပြန်အလှန်ပူးပေါင်း ညှိနှိုင်း၍ တာဝန်များကို အလိုအလျောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်စွမ်းရှိသည်။

ထို့ပြင် ကြည်းတပ်၏ မျိုးဆက်သစ်ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုကွန်ရက်ချိတ်ဆက်ထားနိုင်မှုကြောင့် ရန်သူ့ပစ်မှတ်များ၏ တိုက်ရိုက်ရွေ့လျားမှု နောက်ယောင်ခံအချက်အလက်များကို ကွပ်ကဲမှုကွန်ရက်တစ်ခုလုံးထံ အချိန်နှင့်တစ်ပြေးညီ မျှဝေပေးနိုင်ခဲ့ပြီး ဒရုန်းအုပ်စုများကြားရှုပ်ထွေးသောပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အများစုကိုမူ လူသားတို့ပါဝင်ရန်မလိုဘဲ AI ကသာ အလိုအလျောက်ကိုင်တွယ်ဖြေရှင်းသွားခဲ့သည်။



ယခုစမ်းသပ်လိုက်သည့် Palladyne AI ကုမ္ပဏီ၏ နည်းပညာသည် ကမ္ဘာ့စစ်ရေးဗျူဟာတွင် စစ်သည်တစ်ဦးချင်းစီ၏ တိုက်ပွဲဝင်နိုင်စွမ်းကို အဆပေါင်းများစွာမြှင့်တင်ပေးသည့် ပြောင်းလဲတိုးတက်မှုတစ်ရပ်ဖြစ်သည်။ ယခင်က ဒရုန်းအုပ်စုလိုက် တိုက်ခိုက်မှုများကို ထိန်းချုပ်ရန်အတွက် အော်ပရေတာအမြောက်အမြား သို့မဟုတ် ကြီးမားသော ကွန်ပျူတာဆာဗာကြီးများ လိုအပ်ခဲ့သော်လည်း ယခုအခါ အလိုအလျောက်မောင်းနှင်မှုဆော့ဝဲ(SwarmOS)ကြောင့် စစ်သည်တစ်ဦးတည်းကပင် ကင်းထောက်ဒရုန်းနှင့် တိုက်ခိုက်ရေးဒရုန်းများကို ကွန်ပျူတာဂိမ်းဆော့သကဲ့သို့ အလွယ်တကူစေခိုင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဗျူဟာမြောက်အချက်အချာကျသည်မှာ ဤစနစ်သည် ဂြိုဟ်တုအင်တာနက်လုံးဝမလိုဘဲ အီလက်ထရွန်နစ်စစ်ဆင်ရေး ဖြတ်တောက်မှုများအောက်တွင် ဒရုန်းအချင်းချင်း ချိတ်ဆက်လုပ်ဆောင်နိုင်ခြင်းပင်ဖြစ်သည်။ ၎င်းအချက်က အချက်ပြလိုင်း ဖြတ်တောက်သည့်လက်နက်များကို အသုံးမဝင်အောင် ပြုလုပ်နိုင်စွမ်းရှိသည်။

ထို့ပြင် အမေရိကန်ကြည်းတပ်၏ မျိုးဆက်သစ်ကွန်ရက်နှင့် ချိတ်ဆက်ကာ AI က ထောက်လှမ်းရရှိသော ပစ်မှတ်များကို စစ်ဦးစီးချုပ်ရုံးထံ စက္ကန့်ပိုင်းအတွင်း ပို့ဆောင်ပေးနိုင်ခြင်းကြောင့် အနာဂတ်စစ်မြေပြင်တွင် စစ်သည်တစ်ဦးသည် ရိုးရိုးခြေလျင်ရဲဘော်တစ်ဦးမဟုတ်တော့ဘဲ ဒရုန်းတပ်ဖွဲ့ငယ်တစ်ခုကို အမိန့်ပေးသည့် စစ်သေနာပတိငယ်တစ်ဦးအဖြစ်သို့ အသွင်ပြောင်းလဲသွားတော့မည်ဖြစ်ကြောင်း သိရသည်။

**US Army Tests AI That Lets One Soldier Command a Drone Swarm** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး

ဝင်းဇင်(သုတေသန)

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန် ၂၆ ရက်ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ထိုသို့ သတ်မှတ်သောအချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးအလွဲသုံးမှု ကင်းစင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် ၃၉ ကြိမ်မြောက်ရှိပြီဖြစ်သည်။

အလားတူ မြန်မာနိုင်ငံတွင်လည်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို အမျိုးသားရေးအသွင်ဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည်။ ထိုအခမ်းအနားကျင်းပရခြင်းသည် ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးအလွဲသုံးမှု ပပျောက်ရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုသောသန္နိဋ္ဌာန်ကို ခိုင်မာစွာဆုံးဖြတ်ထားကြောင်း ဖော်ညွှန်းနေခြင်းပင်ဖြစ်သည်။

**ခြိမ်းခြောက်လျက်ရှိ**

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၊ လူမျိုးတစ်မျိုးတည်းနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ တစ်ကမ္ဘာလုံးရှိ လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ဆိုးရွားစွာ ခြိမ်းခြောက်နေသောပြဿနာတစ်ခုပင်ဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများသည် နိုင်ငံ့ဖြတ်ကျော်ရာဇဝတ်မှု၊ အကျင့်ပျက်ခြစားမှု၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့နှင့် နက်ရှိုင်းစွာဆက်စပ်နေကာ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးတို့ကိုပါ ထိခိုက်ပျက်စီးစေလျက်ရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများကို ဆိုးရွားစွာထိခိုက်စေပြီး ရာဇဝတ်မှုများလည်း မြင့်တက်လာစေလျက်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါးများကို မည်သည့်နေရာတွင်မဆိုထုတ်လုပ်နိုင်သဖြင့် အုပ်ချုပ်ရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် မတည်ငြိမ်မှုများရှိသည့် ဒေသများတွင် ထုတ်လုပ်မှုများ မြင့်တက်လျက်ရှိသည်။

မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသည် မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နိုင်မှုမရှိသော်လည်း တရားမဝင် နယ်စပ်ဒေသများမှတစ်ဆင့် အလွယ်တကူဝင်ရောက်လျက်ရှိပြီး ထွက်ရှိလာသောမူးယစ်ဆေးဝါးအများစုသည် နယ်စပ်ဒေသများမှတစ်ဆင့် ဒေသတွင်းနိုင်ငံများနှင့် ဝယ်လိုအားမြင့်မားသည့် နိုင်ငံများသို့ သယ်ဆောင်ရောင်းဝယ်လျက်ရှိသည့်အတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

ယခုအခါ နေ့စဉ်ထုတ်သတင်းစာများတွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် သတင်းများကို မကြာခဏဖတ်ရှုနေရသည်။ ယခင်က နယ်စပ်ဒေသများတွင်သာ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိလေ့ရှိသော်လည်း လက်ရှိအချိန်တွင်မူ ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် နေရာအတော်များများ၌ မူးယစ်ဆေးဝါးများ ဖမ်းမိနေသည်။ လူထုအတွင်း ပျံ့နှံ့နေသည့်မူးယစ်ဆေးဝါးပမာဏကို တိတိကျကျ ခန့်မှန်းတွက်ချက်ရန် ခက်ခဲမည်ဖြစ်သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းမှုဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ ဆောင်ရွက်သွားရန် လိုအပ်သည်။

**လူငယ်ထုအတွင်း စီးဆင်းနေ**

မူးယစ်ဆေးဝါးသည် လူငယ်ထုအတွင်းသို့ နည်းမျိုးစုံဖြင့် စီးဆင်းဝင်ရောက်လျက်ရှိသည်။ စိတ်အလိုလိုက်သူများ၊ လက်တည့်စမ်းလိုသူများ၊ အပေါင်းအသင်းမှားသည့် လူငယ်များသည် မူးယစ်ဆေးစွဲလေ့ရှိကြသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။ တာဝန်ရှိပြည်သူများ၏ သတင်းပေးမှုနှင့် ထိရောက်သော ဖမ်းဆီးအရေးယူမှုများကို ဆောင်ရွက်သွားရန်လိုအပ်သည်။ လက်ရှိအချိန်တွင် နည်းပညာတိုးတက်လာသည်နှင့်အမျှ လူငယ်ထုအတွင်း၌ မူးယစ်ဆေးဝါးသုံးစွဲနေမှုကို အသွင်အမျိုးမျိုးဖြင့် တွေ့ရှိလာရသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် စီးပွားရေးနှင့် လူမှုရေးကိုထိခိုက်စေရုံသာမက ဂုဏ်သိက္ခာကိုပါ ညှိုးနွမ်းစေနိုင်သည်။ ထို့ကြောင့် လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်သွားရန်လိုအပ်သည်။



စင်စစ်အားဖြင့် မူးယစ်ဆေးဝါးသည် အကြောက်အလန့်နည်းသော၊ စူးစမ်းချင်သော၊ တက်ကြွလိုသော လူငယ်လူရွယ်များ၏ နယ်ပယ်တွင် ပျံ့နှံ့လေ့ရှိသည်။ မူးယစ်ဆေးဝါးသည် လူငယ်လူရွယ်များ၏ဘဝနှင့်လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းလောကကို နင်းခြေဖျက်ဆီးပစ်နိုင်သည်။ လူငယ်လူရွယ်များသည် အနာဂတ်၏ ပန်းကလေးများပင်ဖြစ်သည်။ လူငယ်လူရွယ်များ ဖျက်ဆီးခံရလျှင် ထိုနိုင်ငံ၏ အနာဂတ်သည်ရင်လေးဖွယ်ရာပင်ဖြစ်သည်။ လူငယ်များသည် မူးယစ်ဆေးဝါးသုံးစွဲပြီးနောက် အမှား၊ အမှန် ခွဲခြားနိုင်စွမ်းမရှိဘဲရာဇဝတ်မှုများကို မမျှော်လင့်ဘဲ ကျူးလွန်မိတတ်သည်။

မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုများတွင် အဓိကပစ်မှတ်များမှာ ကျောင်းသားလူငယ်၊ ကလေးသူငယ်များဖြစ်ကြသည်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဆင်းရဲခြင်း၊ ပညာသင်ယူရန် အခွင့်အလမ်းနည်းပါးခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းများ ကြမ်းတမ်းဆိုးရွားခြင်းတို့သည် လူငယ်များကို မူးယစ်နွံအတွင်း သက်ဆင်းစေနိုင်သည်။ မူးယစ်ဆေးဝါးများသည် ရက်ကွက်၊ ကျေးရွာများထိ စိမ့်ဝင်ထိုးဖောက်ရောက်ရှိလျက်ရှိသဖြင့် လူငယ်လူရွယ်များအတွက် အန္တရာယ်ကြီးမားလှသည်။ အရက်သေစာအပါအဝင် မူးယစ်ဆေးဝါးများ လူ့ဘောင်လောကအတွင်းသို့ အလွယ်တကူရောက်လာမှုများကို ထိထိရောက်ရောက် တားဆီးသွားရန် လိုအပ်သည်။ ထိုသို့ တားဆီးနိုင်ရန်အတွက် နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင်တာဝန်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲမှုလျော့နည်းလာစေရန် ကျောင်းသားလူငယ်များကို မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ တိုက်ရိုက်အသိပညာပေးခြင်း၊ သွယ်ဝိုက်၍ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်သွားရန်လည်း အထူးလိုအပ်သည်။

**အမျိုးသားရေးတာဝန်**

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် ဒေသခံပြည်သူများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် များစွာအရေးပါလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဘိန်းစိုက်ပျိုးသည့်ဒေသများတွင် နှစ်စဉ်ရန်ပုံငွေ အမြောက်အမြားအကုန်အကျခံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ လမ်းတံတား၊ မီးရရှိရေး၊ အသက်မွေးဝမ်းကျောင်း၊ သာသနာရေး၊ ဆက်သွယ်ရေး၊ အသိပညာပေးရေး၊ ကုန်သွယ်ရေး၊ အသေးစားချေးငွေလုပ်ငန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးစွဲသူများကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် ရှုမြင်သုံးသပ်ပြီး HIV ပိုး ရှိ၊ မရှိ စစ်ဆေးပေးခြင်း၊ အသည်းရောင်ရောဂါ ဘီပိုးနှင့်စီပိုး ရှိ၊မရှိ စစ်ဆေးပေးခြင်း၊ ကာလသားရောဂါ စစ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ မူးယစ်ဆေးစွဲကုသမှုခံယူပြီးသူများကို ပိုမိုကောင်းမွန်သောလူမှုဘဝပြန်လည်ရောက်ရှိစေရေးအတွက် စခန်းအခြေပြုနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးစခန်းများဖွင့်လှစ်ပြီး မူးယစ်ဆေးဖြတ်ပြီးသူများကို စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်းနှင့် နောက်ဆက်တွဲကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေးအနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများနှင့် ကျောင်းပြင်ပစခန်းများတွင် မူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်စေရေးအတွက် မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများနှင့် လူငယ်စကားဝိုင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အသိပညာပေးပိုစတာများစိုက်ထူခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များက တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကျောင်းများတွင် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း၊ ပညာပေးစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ပြည်သူတစ်ရပ်လုံး မူးယစ်ဆေးဝါးအန္တရာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရှောင်ရှားနိုင်ရန်အတွက် နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များနှင့် ရုပ်မြင်သံကြားတို့မှလည်း အသိပညာပေးဆောင်ရွက်ပေးလျက်ရှိသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)၊ ဩစတြေးလျနိုင်ငံရဲတပ်ဖွဲ့(AFP)၊ အမေရိကန်နိုင်ငံမူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC)၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) တို့နှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝလုံခြုံရေးနှင့် အေးချမ်းသာယာရေးကို ခြိမ်းခြောက်လျက်ရှိသော မူးယစ်ဆေးဝါးအန္တရာယ်ကို တွန်းလှန်တိုက်ဖျက်ရာတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအပြင် ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍအသီးသီးတို့၌လည်း ဟန်ချက်ညီညီတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ တိုက်ဖျက်နိုင်မည့်အပြင် တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးမှုရှိပြီး ပြည်သူများ၏ ဘဝလုံခြုံမှုရှိကာ အနာဂတ်နိုင်ငံတော်ကြီးကို အတူလက်တွဲတည်ဆောက်နိုင်မည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၂၆-၆-၂၀၂၅ ရက်ထုတ် သတင်းစာများ။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# President of the Republic of the Union of Myanmar U Min Aung Hlaing plants gum-kino sapling at the second national-level monsoon tree-growing ceremony for 2026



President U Min Aung Hlaing addresses the second national-level monsoon tree-growing ceremony for 2026.



President U Min Aung Hlaing plants a gum-kino sapling.

**Nay Pyi Taw June 25**

The second national-level monsoon tree-growing ceremony for 2026 took place near Tawwin Yadana Road in Dekkhithiri Township in Nay Pyi Taw Union Territory this morning, attended by President of the Republic of the Union of Myanmar U Min Aung Hlaing who grew a gum-kino sapling.

Also present at the ceremony were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Amyotha Hluttaw Speaker U Aung Lin Dwe, Commander-in-Chief of Defence Services General Ye Win Oo, Union-level dignitaries, Union ministers, the Nay Pyi Taw Council Chairman, chief ministers of regions and states, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, Hluttaw representatives, officers and departmental personnel from ministries, faculty members and students from universities, colleges and basic education schools in Nay Pyi Taw and officials.

In his speech, the President said that the State has been organizing monsoon tree-planting ceremonies annually with the public participation. These ceremonies aims to promote a green, pleasant, and beautiful environment, ensure a balanced and favorable climate, maintain a stable and healthy ecosystem, prevent and against natural disasters, and raise public awareness on forest conservation.

The national-level tree-growing ceremony took place in Nay Pyi Taw on 13 June by growing 3,000 saplings. At the same time, similar ceremonies were held in townships, districts and regions and states. The initial target set for tree planting was 75 planting locations and 54,810 trees. However, this was exceeded, and a total of 111 planting locations and 80,520 trees were successfully planted through public participation, which is a matter of great satisfaction. At today's tree-planting ceremony, 14 species of trees, totalling 3,000 saplings, will be planted.

Due to environmental changes being experienced in various countries around the world, priorities are being given at the national level to promoting a green and sustainable environment and renewable energy production, through initiatives such as the Green Revolution, Green Energy, and Green Economy. During the recent visit to China, the President recounted that only roads, factories and workshops, residential buildings, agricultural plantations, and forests and trees were visible along the route.

Myanmar is rich in forests, rivers, creeks, lakes, different species of biodiversity, and natural resources. In order to ensure the long-term sustainability of forest resources for future generations, it is necessary to systematically establish forest reserves, protected public forests, and nature conservation areas in accordance with laws. To date, a total of 1,337 forest reserves and protected public forests have been established, covering 26.11 per cent of the country's total land area, as well as 62 nature conservation areas, covering 6.59 per cent of the national territory.

According to 2025 assessments in Myanmar, forest cover is estimated to be 42.15 per cent of the national territory. It is noted that as forest cover increases, ecosystem services will also improve and bring greater benefits to many forms of life. Therefore, in order to pass on stable and healthy ecosystems to present and future generations, efforts should be made to increase forest cover to 50 per cent of the country's total land area. In doing so, it is only when forest cover increases in each region and state that the national forest cover will also raise. Accordingly, it is necessary to accelerate efforts to increase forest cover in the respective regions and states.

Currently, forests are being degraded due to excessive logging, illegal timber extraction, rising demand for wood driven by population growth, expansion of industrial activities and urban areas, and the conversion of forest land to other land uses. According to the 2025 Global Forest Resource Assessment report, over the ten-year period from 2015 to 2025, global forest area was declined by an average of 10.18 million acres per year. In the ASEAN region, out of a total forest area of 593 million acres, approximately 88.96 million acres of forest have been lost over the 35-year period from 1990 to 2025. As a consequence, people around the world are increasingly experiencing the impacts of climate change and natural disasters.

According to the 2026 climate risk index of some international climate monitoring organizations, Myanmar is among the top 10 countries most affected by climate change. In particular, it is forecast that a very strong El Niño phase may develop by the end of this year, and 2026 and 2027 are expected to become the hottest years in recorded world history. Due to climate change and the El Niño phenomenon, droughts, extreme heat and dryness, and forest fires may occur, and there may also be negative impacts on various sectors such as agriculture, livestock, health, and the economy. Therefore, it is necessary to make comprehensive preparations in all aspects.

In responding to climate change, conserving and protecting forests and natural ecosystems is one of the most effective nature-based solutions. Forests absorb and store carbon from the atmosphere, thereby helping to regulate climate change. Areas with tree cover are 2°C to 8°C cooler than urban areas without trees. Trees naturally help reduce heat stress, creating cool shade environments, while the process of evapotranspiration from leaves also helps to cool the surrounding air.

In the international community today, concepts and initiatives like "Cool Cities," "Healthy Cities," "Green Infrastructure" and "Green Space" are common and cities are reconstructed to be livable and climate adaptable ones.

In our country, emphasis must be placed on acceleration of creation of green space like increase in urban forest coverage, greening on both sides of roads and expansion of urban parks. Only then, can livable and healthy communities and climate resilient communities be created. For example, planting trees without gap in towns in dry areas will provide shady shelters and enable the public to take refuge from hot weather under cool and shady trees in the summer.

In turning Nay Pyi Taw union territory into a Green City, Clean City and Smart City, emphasis is placed on greening the environs.

*See Page 13*

# President of the Republic of the Union of Myanmar U Min Aung Hlaing inspects Naypyitaw Gate construction project, gives necessary directives



President U Min Aung Hlaing hears reports on the Naypyitaw Gate construction project.



President U Min Aung Hlaing observes the scale model of the Naypyitaw Gate.

**Nay Pyi Taw June 25**

Endeavours are being made across all sectors to transform the Nay Pyi Taw Union Territory into a green, clean, and smart city for urban development. In addition, the erection of the Naypyitaw Gate is in progress, with the aim of creating a landmark feature at the city entrance, welcoming visitors to the city with full auspiciousness, uplifting the urban prestige and standard, and showcasing the history of Myanmar culture.

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, and officials, inspected the Naypyitaw Gate construction project this morning.

At the briefing hall, Union Minister for Construction U Myo Thant reported on the progress of work.

Regarding the report, the President pointed out the need to systematically build bypasses to prevent the project from causing traffic disturbances, to erect a grand gate decorated with Myanmar artistic works, and to build roads with a minimum number of turns. The President also gave instructions on ensuring seismic resilience of the gateway, saying that the Gate must be structurally sound, aesthetically pleasing, and neatly finished. He said public recreation parks and parking lots must also be included in the project, and if necessary, plans should be drawn to construct underpasses.

The President looked around the project and looked into the requirements. MNA

*From Page 12*

It can be seen that urban green spaces are being created by cultivating seasonal colorful flowering plants, treasured wood trees and shady and evergreen trees on both sides of roads and at every place. Therefore, I would like to urge all to create green spaces in urban areas in respective regions and states by planting similar trees to make urban areas green and pleasant and create favorable weather.

It is necessary to successfully plant targeted 21.36 million trees for this year in 13 districts in dry zone designated for special green tasks, on both sides of the ASEAN highway and roads and in Bagan Ancient Cultural Zone, areas surrounding the Inlay Lake, designated green areas in towns and firewood plantations for people in rural areas.

The benefits of planting trees can be enjoyed not immediately but seven or eight years later. In planting trees, it is very important that every tree planted thrives. As the existence of forests amounts to legacy of the past, benefits of the present and development of the future, forests play a vital role in socioeconomic development, stability of ecosystems and national development. At present, we are enjoying the shade and shelter of age-old trees and bamboo thanks to cultivation and conservation works of our ancestors. Therefore, everyone is urged to carry out systematic conservation tasks out of goodwill to enable all trees planted to thrive for the benefits of posterity.

As forests and trees consistently provide various forest products and services, planting and conservation of forests and trees amount to building the better future for the country. In conclusion, I would like to urge all to place emphasis on consistently planting trees and establishing forests and lush and green forest landscapes for greening of urban and rural areas across the country, to promote investment in green economic development based on the forest sector for the sustainable development of the country and to make concerted efforts to carry out forest conservation tasks as a national responsibility in accordance with the policy, "Let us protect our environment for the prosperity of the Nation."

Then, the President led the campaign by planting a gum-kino tree at the designated place.

Afterward, those present at the ceremony including Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, the Speaker of the Amyotha Hluttaw, the Commander-in-Chief of Defence Services, union-level officials and union ministers, the chairman of Nay Pyi Taw Council and chief ministers of regions and states, deputy ministers, Hluttaw representatives, officials and personnel from departments from ministries, sectors, pro-rectors, lecturers, faculty members, students and officials from universities and colleges in Nay Pyi Taw planted seedlings simultaneously and happily.

Then, the President and party inspected the tree-planting activities of those present at the Monsoon Second State-level Tree-planting ceremony.

At the ceremony today, a total of 3,000 seedlings from 14 tree species including flowering trees such as Gangaw (Ceylon ironwood), star flower, Cassia, Jacaranda, Pride of India, gumkino and Indian mahogany, treasured wood trees such as teak, Ironwood, rosewood and mahogany and evergreen trees such as oil Eugenia, white teak and Surian.

MNA

# Pwintbyu Township plans to grow more than 1,300 acres of sunflower

**Pwintbyu June 25**

According to the township Agriculture Department, local farmers will cultivate 1,337 acres of sunflower as monsoon crops in Pwintbyu Township of Magway Region this year.

In Pwintbyu Township, a total of 1,337 acres of sunflower are planned to be cultivated during this year's monsoon cropping season, and planting activities will begin in June to ensure that the targeted acreage is fully achieved.

"This year, during the monsoon cropping season, Pwintbyu Township has set a target to cultivate 1,337 acres of sunflower. Efforts will be made to ensure the full achievement of the target acreage and to increase crop yields," said Daw Moe Moe Wai, head of the Pwintbyu Township Agriculture Department.

During this year's monsoon cropping season, the Agriculture Department will systematically provide field supervision and farmer education to sunflower growers in Pwintbyu Township so that cultivation acreage can be expanded and yields improved. The department will assist farmers in using high-quality, regionally suitable seed varieties, adopting GAP cultivation practices, and preventing pest and disease infestations.

Township head Daw Moe Moe Wai also said that if sunflower can be cultivated with good yield and quality, it will help meet local edible oil consumption demands and surplus production can be exported abroad. As a result, farmers will earn crop income and socio-economic conditions will improve. Therefore, efforts must be made to expand sunflower cultivation in all suitable regions.

Ye Win Naing (NyaungU)

# President of the Republic of the Union of Myanmar U Min Aung Hlaing addresses MSME Development Central Committee meeting

## National economy will definitely develop if efforts are being made with good intentions and a positive mindset for the betterment of the country



President U Min Aung Hlaing addresses the MSME Development Central Committee meeting.

**Nay Pyi Taw June 25**

The MSME Development Central Committee held a meeting at the meeting hall of the Ministry of Industry and MSME Development in Nay Pyi Taw this morning, addressed by Chairman of the Central Committee President U Min Aung Hlaing.

Also present were Chairman of the MSME Development Work Committee Vice President (1) U Nyo Saw, Vice President (2) Daw Nan Ni Ni Aye, Commander-in-Chief of Defence Services General Ye Win Oo, Secretary of the Central Committee Union Minister for Industry and MSME Development Dr. Charlie Than, union ministers, union level dignitaries, the Nay Pyi Taw Council chair, region/state chief ministers, senior military officers of the Office Commander-in-Chief, deputy ministers, chairs of Union of Myanmar Federation of chambers of Commerce and Industry and Myanmar bank associations, the patron of Myanmar Engineering Federation and officials.

In his keynote address, the President said the past experiences and situations show that a nation will achieve stability only if its economy is good. As Myanmar is a developing country, its needs a strong economic driving force. Normally, MSMEs can operate in large numbers with little capital. MSMEs are being encouraged as they will be very supportive of the national economy just by fulfilling their basic needs.

MSMEs play a main role in increasing a nation's GDP. The aims of MSME development are: supporting and promoting the national economy through MSMEs, boosting the domestic growth, production of goods for import substitution, and increasing foreign exchange earnings by manufacturing and exporting value-added goods. Even in the ASEAN, Myanmar is a country with a lower GDP. In this regard, boosting domestic production had become a must. Developing the production industry with the involvement of MSMEs will generate job opportunities, increase per-capita income, and bring socioeconomic development. Consequently, both demand and supply will grow, followed by a rise in GDP.

Generally, developing countries import goods from abroad annually, and Myanmar is no exception. The country will be able to lessen foreign exchange expense and trade deficit, if it can reduce imports and increase domestic production. Achieving production growth through MSME development will be the answer to domestic sufficiency and boosting exports. The country should improve the quality of goods that have market demand. If the quality is the same, the price must be lower; if the price is the same, the quality must be better. Rise in exports will lead to lowering foreign exchange deficit, and striking a balance between the country's income and expenditure, followed by a trade surplus. In this way, national development can be conducted on a large-scale. Hence, MSMEs are the nation's important economic driving force.

During the tenure of the first democratic government, the initiative was launched as an SME (Small and Medium Enterprise) program. In 2021, under the administration of the State Administration Council, it was transformed into an MSME (Micro, Small and Medium Enterprise) program. It was noted that even developed countries have been implementing and promoting SME-related enterprises. As a developing country, Myanmar's MSME sector plays a significant role in supporting national development and economic growth. Therefore, recognizing its importance in boosting the national economy, the Central Committee was established on May 20, 2026 under my personal leadership.

The MSME sector is primarily intended to contribute to the promotion of the national economy. It is necessary to have a mindset focused on how to improve and strengthen economic driving forces and how to implement effective reforms. By strengthening the economy, individual citizens will develop greater trust and confidence in their country, along with a stronger sense of patriotism and a desire to defend the nation. This, in turn, will enhance the country's overall defense capacity. It is emphasized that if the economy is strong, the people's sense of willingness to defend the nation will also rise accordingly.

Our country is one that primarily focuses on agriculture and livestock sectors and already possesses a large pool of human resources. About 70 percent of the population lives in rural areas, and around 50 percent are engaged in activities related to agriculture, livestock, forestry, as well as fish and shrimp farming industries. Therefore, it is necessary to improve the social and economic conditions of rural communities. Accordingly, it is essential to work towards increasing the productivity of agriculture and livestock activities, which are the main livelihoods of rural people, and to ensure higher and more efficient production of agricultural and livestock products.

By producing value-added products from agricultural and livestock outputs, it will be possible to generate higher income. Such value-added production can be carried out through MSME activities. Therefore, it is necessary to encourage MSME enterprises to process raw materials derived from agriculture into finished goods. MSME operations primarily require raw materials, inputs, capital, and human resources. I have already conducted more than 40 rounds of meetings with regional and state authorities to discuss the development of MSME activities. During these visits, MSME entrepreneurs have reported shortages of raw materials. In manufacturing through MSMEs, producing value-added goods based on locally available domestic raw materials is the most reliable form of production. Where necessary, it is also important to facilitate the import of essential raw materials. Inputs also include fuel and electricity. Although there are challenges regarding fuel supply, efforts are being made to meet these needs as much as possible. Regarding electricity requirements, the State is working to ensure sufficient power generation. In areas where electricity is limited, power generation using solar energy and coal-based energy can be implemented by respective regions and states.

In promoting domestic production, efforts are being made to encourage domestic investment. As production activities expand, more employment opportunities will be created, leading to higher incomes for the public. Regarding production inputs, while the State is providing necessary support, it is also important for regions and states' governments to carry out their respective responsibilities in this regard. In terms of capital, investment funds are being provided to support the development of MSME enterprises through the National Economic Promotion Fund, and further expansion of such support will continue to be implemented.

Regarding human resource requirements, since more than 25 percent of the country's population is made up of young people, efforts are being made to enhance their knowledge and skills.

*See Page 15*

*From Page 14*

In building a developed nation, it is essential to construct it with capable and competent youth. To support the development of young people's capacities, the Ministry of Youth Affairs has been established under the current administration. Similarly, as 52 percent of the population consists of women, the Ministry of Women's Affairs has also been established to enhance women's participation and roles in national development activities. Activities that can be carried out by women should likewise be encouraged and promoted. Through such efforts, they will contribute in various ways to the advancement of the national economy.

He stated that it is necessary to open and teach training courses related to agriculture and livestock businesses, factories, and workshops for the public to obtain employment, and from one side, it is also necessary to carry out educational promotion operations for the public, and to ensure employment availability at working age, basic technical, agricultural, and livestock subjects are being taught starting from the basic education middle school level, and it is necessary to place emphasis on carrying out operations to be able to produce human resources required for agriculture and livestock businesses, which are the main economy of our country.

He also stated that if agricultural businesses can carry out operations to achieve the per-acre target yields, it will be more beneficial, and it is important to have good varieties according to the mainly cultivated crops as well as to sufficiently obtain agricultural water and irrigation water, and by being able to produce increased yields from agricultural businesses, MSME manufacturing businesses will also progress further, and therefore, MSME business is fundamental for the state economy and it is required to be able to continue carrying out Agro-based Industries.

Then, he stated that the cotton industry is also included in successfully operated MSME businesses, and there are over 500,000 cotton cultivation acres in our country, and it is required to step-by-step produce cotton fiber from cotton, yarn from cotton fiber, and fabric from yarn, and cotton seed oil can also be produced and cotton seed cakes can also be used as animal feed, and it is found that the cotton industry is the most beneficial and best business for our country, and therefore, it is necessary to strive to carry out operations according to regions and states for cotton cultivation and production to be successful and thriving.

Similarly, there are many bamboos naturally provided in our country, and paper pulp and other bamboo-based value-added products can be produced from bamboo, and during his state visit to China in recent days, he also visited and studied businesses producing clothing and various other consumer goods from bamboo, and MSME businesses based on naturally provided bamboo can be carried out.

He then stated that rubber-based consumer goods, and tires and tubes for motor vehicles, motorcycles, and bicycles can be produced in our country, and rather than exporting raw rubber materials produced from domestic sources, being able to produce finished goods through MSME businesses domestically will be highly beneficial for the country, and similarly, coffee grown successfully in our country also has a massive market demand in the world, and therefore, it is necessary to carry out coffee cultivation successfully. He further explained that in carrying out Agro-based Industries, it is required to produce machinery needed for agricultural businesses domestically, and for example, producing seed feeders required for agricultural businesses, transplanters, threshers, and harvesters can be carried out through MSME industrial businesses, and because MSME exhibitions and competitions were held during the past 5-year period and experiences could be exchanged, it is found that MSME businesses have progressed more than before. Also, he stated that it is found that MSME businesses in our country are mainly food production businesses, and it is found that the improvement in product packaging and the enhancement of product quality are due to the mutual exchange of experiences, and because of the improved packaging and product quality, increased export earnings have been obtained, and it is necessary to encourage and carry out operations according to regions and states for the progress of MSME businesses within their respective regions, and just like the slogan "Let us encourage production for prosperity of the Nation," by successfully encouraging and supporting MSME businesses, the state economy will progress and the country will develop, and therefore, he wants Region and State Chief Ministers to place emphasis on carrying out operations.

Subsequently, the Chairman of the Work Committee for the Development of Micro, Small and Medium Enterprises, Vice-President (1) U Nyo Saw, clarified that the MSME Work Committee has already established the MSME Agency, the Fund Management Team, and the Business Review and Reporting Team to support the development of domestic MSMEs. He further explained that the MSME Agency, together with regional agencies at various levels, is addressing challenges faced by MSMEs, including access to financial capital, technology, markets, human resources, information, infrastructure, and the creation of a favourable business environment. He also emphasised that, as the development of private enterprises and MSMEs is a key driver of national progress, the MSME Work Committee would diligently work towards the development of the MSME sector in accordance with the policy directives of the Central Committee.

Afterwards, the Secretary of the Central Committee for the Development of Micro, Small and Medium Enterprises, Union Minister for Industry and MSME Development Dr Charlie Than presented on the formation of the Central Committee and its terms of reference; the status of Central Committee meetings held; the measures undertaken for MSME development; the status of Union-level exhibitions; and the action plans to be carried forward.

Subsequently, members of the Central Committee Union Ministers, the Governor of the Central Bank, the president of the Republic of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI), the chairman of the Myanmar Banks Association, and the patron of the Myanmar Engineering Society presented clarifications on the status of sectoral activities for MSME development; the provision of financial capital, technology, market linkages, and human resource enhancement; points that should be incorporated into the new MSME Development and Protection Law currently being drafted; the health-related requirements that MSMEs need to comply with; the support being provided by relevant ministries; the ongoing efforts of UMFCCI, the Myanmar Banks Association, and the Myanmar Engineering Society to foster MSME growth; and the feasibility of establishing MSME Centres through public-private partnerships to further enhance and effectively support business development.

Subsequently, the President delivered concluding remarks. He expressed gratitude for the active and thorough discussions. He stated that he wished for all to be aware of the policies for MSME development and to understand how to continue achieving success at the regional level. He noted that, regarding financial investment, banks should invest more in production and business enterprises rather than in real estate speculation, thereby contributing to national economic development.

He stressed that training programmes for human resource development should not be short-term but should ensure genuine proficiency. Moreover, after completing training, refresher courses that directly support practical work should also be provided. Where necessary, scholarships in specific subjects should be offered to nurture talent. Investment in education, he said, is an investment in the future development of the State. He also called for the media to play a role in raising awareness and fostering interest in industrial and agricultural sciences. Such awareness-raising efforts must be clear, accessible to all relevant social strata, and effective. Publications containing essential knowledge about MSMEs should also be produced. He noted that service-oriented MSME businesses could also be developed, and that enhancing tourism and providing quality services in each region and state could improve the socio-economic well-being of local communities.

He observed that collective action creates strength, and that if MSME production businesses were organised through cooperative systems, great success could be achieved. He highlighted that policies, plans, and directives for business development must be based on statistical data. Therefore, accuracy in submitted information is crucial. When establishing industrial zones and estates regionally, proper organisation is essential. Residential areas and industrial sites must not be intermingled, so regulation and oversight are necessary.

With the rapid advancement of artificial intelligence (AI), he said, MSMEs must keep pace with technology and utilise it effectively. In production activities, it is necessary to understand market demand and meet it adequately. Responsible parties should therefore work to ensure market intelligence and market access for their products. National economic development is a very broad undertaking, and for MSME growth, the Chairman of the Committee for MSME Development, Vice-President (1), should lead further detailed discussions with Region and State Chief Ministers.

This meeting, he noted, was the first MSME development meeting of the new government, and follow-up action must be taken on the discussions held. The government has a duty to ensure national development. In line with the adopted motto, "Let us promote production to enrich the nation," all must work to encourage the growth of production enterprises. Myanmar possesses abundant natural resources, favourable conditions, and many fundamental advantages; what is needed is genuine effort and unity. If all act with good will and resolve to improve the country, the national economy will inevitably improve. With economic and political improvement will come stability, security, and peace for the State. Accordingly, relevant ministries and Region and State Chief Ministers must strive to bring about development in their respective sectors. With these remarks, the meeting came to a close. MNA

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် ဒုတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိကဆရာ၊ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ်ဦးဆောင်ကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး၊ ဂေဟစနစ်တည်ငြိမ်ကောင်းမွန်စေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေးနှင့် ပြည်သူများအကြား သစ်တောထိန်းသိမ်းရေး အသိပညာများပိုမိုနိုးကြားလာစေရေးအတွက် ရည်ရွယ်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို ကျင်းပခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အဆင့် ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲတော်ကို ယခုလ ၁၃ ရက်တွင် နေပြည်တော်၌ကျင်းပခဲ့ပြီး အပင်ပေါင်း ၃၀၀၀ စိုက်ပျိုးခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့် မြို့နယ်အသီးသီး၌လည်း တစ်ပြိုင်တည်း သစ်ပင်စိုက်ပျိုးပွဲတော်များကိုကျင်းပခဲ့ရာ မူလစိုက်ပျိုးရန် လျာထားချက်ဖြစ်သည့် သစ်ပင်စိုက်ပွဲ ၇၅ နေရာ၊ အပင်ပေါင်း ၅၄၈၁၀ ထက် ကျော်လွန်ပြီး သစ်ပင်စိုက်ပွဲ ၁၁၁ နေရာ၊ အပင်ပေါင်း ၈၀၅၂၀ ကို ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ပြီး ဝမ်းသာစရာပင်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်မျိုး ၁၄ မျိုး၊ အပင်ပေါင်း ၃၀၀၀ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင်ကြုံတွေ့နေရသည့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများကြောင့် Green revolution, Green energy, Green economy စသည်ဖြင့် နိုင်ငံတစ်ဝန်း



ဒုတိယသမ္မတ ဦးညိုစော ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

**လက်ရှိနှင့်အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်တည်ငြိမ်သည့် ပတ်ဝန်းကျင်ဂေဟစနစ်များ လက်ဆင့်ကမ်းနိုင်ရေးအတွက် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းရောက်အောင် ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ် . . .**

**သစ်တောသစ်ပင်များသည် နိုင်ငံအတွက် သစ်တောထွက်ပစ္စည်းအမျိုးမျိုးနှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိသောကြောင့် သစ်တောသစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းသည် နိုင်ငံ၏ကောင်းမွန်သည့်အနာဂတ်ကို တည်ဆောက်ခြင်းပင်ဖြစ် . . .**

စိမ်းလန်းသာယာစိုပြည်ရေး၊ ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရေးကို ဦးစားပေးဆောင်ရွက်နေသည်ကိုတွေ့ရကြောင်း၊ ပြီးခဲ့သည့် တရုတ်နိုင်ငံခရီးစဉ်၌ လမ်းတစ်လျှောက်ကားလမ်း၊ စက်ရုံ၊ အလုပ်ရုံ၊ လူနေအဆောက်အအုံ၊ စိုက်ခင်းနှင့် သစ်တောသစ်ပင်များသာ တွေ့ရှိရကြောင်း။

မိမိတို့နိုင်ငံသည် သစ်ပင်သစ်တောများ၊ မြစ်ချောင်းအင်းအိုင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သစ်တောသယံဇာတများ သားစဉ်မြေးဆက်တိုင်အောင် ရေရှည်တည်တံ့နိုင်စေရေးအတွက် စနစ်တကျအုပ်ချုပ်လုပ်ကိုင်နိုင်ရေး ဥပဒေများနှင့်အညီ သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို ဖွဲ့စည်းဆောင်ရွက်ကြရကြောင်း၊ ယနေ့ထိ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောစုစုပေါင်း ၁၃၃၇ ခု၊ နိုင်ငံဧရိယာ၏ ၂၆ ဒသမ ၁၁ ရာခိုင်နှုန်း တည်ထောင်နိုင်ခဲ့ပြီး သဘာဝထိန်းသိမ်းရေးနယ်မြေ ၆၂ ခု၊ နိုင်ငံဧရိယာ၏ ၆ ဒသမ ၅၉ ရာခိုင်နှုန်း ဖွဲ့စည်းထားနိုင်ခဲ့ပြီးလည်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၂၀၂၅ ခုနှစ် ဆန်းစစ်လေ့လာချက်များအရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ဟု လေ့လာသိရှိရကြောင်း၊ သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုများသည်လည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး သက်ရှိများစွာကို များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း လက်ရှိနှင့်အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်တည်ငြိမ်သည့် ပတ်ဝန်းကျင်ဂေဟစနစ်များ လက်ဆင့်ကမ်းနိုင်ရေးအတွက် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းရောက်အောင် ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သစ်တောဖုံးလွှမ်းမှု တိုးတက်လာအောင် ဆောင်ရွက်နိုင်မှသာ နိုင်ငံ၏သစ်တောဖုံးလွှမ်းမှုသည်လည်း တိုးလာမည်ဖြစ်သည့်အတွက် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်း။

သို့သော်လည်း ယနေ့ကာလတွင် သစ်အလွန်အကျွံထုတ်ယူခြင်း၊ တရားမဝင်သစ်ခိုးထုတ်ခြင်း၊ လူဦးရေတိုးပွားလာမှုနှင့်အတူ သစ်လိုအပ်ချက်များမြင့်မားလာခြင်း၊ စက်မှုလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် မြို့ပြများချဲ့ထွင်လာခြင်း၊ သစ်တောများကို အခြားမြေအသုံးချမှုအဖြစ် ပြောင်းလာခြင်းတို့ကြောင့် သစ်တောများ ပြုန်းတီးလာလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ သစ်တောသယံဇာတအခြေအနေကို ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ ၂၀၁၅ ကနေ ၂၀၂၅ ခုနှစ်ထိ ၁၀ စုနှစ်အတွင်း နှစ်စဉ်သစ်တောဧရိယာဧက ၁၀ ဒသမ ၁၈ သန်း ကျဆင်းခဲ့သည်ကိုသိရကြောင်း၊ အာဆီယံဒေသ၏သစ်တောဖုံးလွှမ်းမှုသည်လည်း ဧရိယာ ဧက ၅၉၃ သန်းရှိသည့်အနက် ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်ထိ ၃၅ နှစ်တာကာလအတွင်း စုစုပေါင်းသစ်တောဧရိယာ ဧက ၈၈ ဒသမ ၉၆ သန်းခန့်ပျက်စီးဆုံးရှုံးခဲ့ကြောင်းကို လေ့လာသိရှိရကြောင်း၊ အကျိုးဆက်အနေဖြင့် ကမ္ဘာတစ်ဝန်းရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်များကိုခံစားလာနေကြရခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတကာ ရာသီဥတုပြောင်းလဲမှုလေ့လာစောင့်ကြည့်ရေးအဖွဲ့အချို့၏ ၂၀၂၆ ခုနှစ် ရာသီဥတုဘေးဖြစ်နိုင်ခြေအညွှန်းကိန်းအရ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ခံစားမှုအများဆုံး ၁၀ နိုင်ငံတွင်ပါဝင်နေကြောင်း၊ အထူးသဖြင့် ယခုနှစ်ကုန်ပိုင်းတွင် အလွန်အားကောင်းသည့် အယ်လ်နီညိုအဆင့်ထိ ရောက်ရှိလာနိုင်သည်ဟုခန့်မှန်းထားပြီး ၂၀၂၆ ခုနှစ်နှင့်

၂၀၂၇ ခုနှစ်တို့သည် ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးနှစ်ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်တို့ကြောင့် မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ တောမီးလောင်ကျွမ်းခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်ကဏ္ဍအသီးသီးအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်သည့်အတွက် အဘက်ဘက်ကကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်ရာတွင် သစ်တောများနှင့်သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းသည် သဘာဝအခြေပြုဖြေရှင်းနည်းများ (Nature-based Solutions)အနက် အလွန်ထိရောက်သည့်နည်းလမ်းတစ်ခုဖြစ်ကြောင်း၊ သစ်တောများသည် လေထုထဲမှ ကာဗွန်ကို စုပ်ယူသိုလှောင်ပေးပြီး ရာသီဥတုပြောင်းလဲ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားသို့တက်ရောက်လာကြသူများက ပျိုးပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

မှုကိုထိန်းညှိပေးကြောင်း၊ သစ်ပင်အရိပ်အာဝါသရှိသည့်နေရာသည် သစ်ပင်မရှိသည့် မြို့ပြနေရာများထက် အပူချိန် ၂ ဒီဂရီဆဲလ်ဆီးယပ်မှ ၈ ဒီဂရီဆဲလ်ဆီးယပ်ထိ ပိုမိုအေးမြစေကြောင်း၊ သစ်ပင်များသည် သဘာဝအလျောက် အပူဒဏ်ကိုထိန်းသိမ်းပေးသောကြောင့် အေးမြသည့်အရိပ်အာဝါသကိုဖြစ်စေပြီး သစ်ရွက်များမှ ရေငွေ့ပြန်ခြင်းဖြစ်စဉ်သည်လည်း ပတ်ဝန်းကျင်လေထုကို အေးမြစေကြောင်း။

ယနေ့နိုင်ငံတကာတွင် **"Cool Cities", "Healthy Cities", "Green Infrastructure", "Green Space"** စသည့် အယူအဆဆောင်ရွက်ချက်များနှင့် မြို့များကို ပိုမိုနေချင်စဖွယ်ရှိပြီး ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့်မြို့များအဖြစ် ပြောင်းလဲတည်ဆောက်နေကြကြောင်း။

မိမိတို့နိုင်ငံတွင်လည်း မြို့ပြသစ်တောများ ဖွံ့ဖြိုးရေး၊ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး၊ မြို့ပြပန်းခြံများတိုးချဲ့ရေး အစရှိသည့် Green Space များ တိုးမြှင့်ဖန်တီးရေးကို အထူးအလေးထားပြီးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာနေထိုင်ချင်စဖွယ်ကောင်းသည့် မြို့များ၊ ကျန်းမာသည့် လူမှုအသိုက်အဝန်းများနှင့် ရာသီဥတုပြောင်းလဲမှုကိုကြံ့ကြံ့ခံနိုင်သည့် လူနေမှုပတ်ဝန်းကျင်များကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် အပူပိုင်းမြေလတ်ဒေသမြို့များတွင် သစ်ပင်များစွေ့နေအောင် စီမံစိုက်ပျိုးခြင်းသည် အရိပ်အာဝါသကောင်းများရရှိစေပြီး နွေရာသီတွင် အေးမြသည့် သစ်ပင်အရိပ်များ၌ အပူရှောင်အနားယူနိုင်မည်ဖြစ်ကြောင်း။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို Green City, Clean City, Smart City အဖြစ် ဖော်ဆောင်လျက်ရှိရာတွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အဓိကအလေးထားဖော်ဆောင်လျက်ရှိကြောင်း၊ အားလုံးမြင်တွေ့ကြရသည့်အတိုင်း ရာသီအလိုက်အရောင်အသွေးစုံစုံလင်လင်ဖြင့် ဖူးပွင့်သည့် သစ်ပင်ပန်းမန်များ၊ ရတနာတန်းဝင် သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ၊ အမြဲစိမ်းသစ်မျိုးများကို လမ်းဘေးဝဲယာနှင့် နေရာအနှံ့စနစ်တကျ စိုက်ပျိုးထားပြီး Urban Green Space များအဖြစ် ဖော်ဆောင်ထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့ပြများတွင်လည်း အလားတူ သစ်ပင်များစိုက်ပျိုးပြီး Urban Green Space များ ဖော်ဆောင်ခြင်းဖြင့် မြို့ပြစိမ်းလန်းစိုပြည်သာယာလှပပြီး ရာသီဥတုမျှတကောင်းမွန်အောင် ဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း။

အထူးစိမ်းလန်းစိုပြည်ရေး လုပ်ငန်းအဖြစ် စိုက်ပျိုးလျက်ရှိသည့် အပူပိုင်းဒေသ ၁၃ ခရိုင်၊ မီးရထားလမ်းများ၊ အာဆီယံလမ်းမကြီးနှင့် ကားလမ်းဘေး ဝဲယာများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ အင်းလေးကန်တစ်ဝိုက်ဇရိယာများနှင့် ကမ်းရိုးတန်းဒေသများ၊ မြို့တွင်းသတ်မှတ်ထားသည့် Green Area များ၊ ကျေးရွာပြည်သူများအတွက် ကျေးရွာထင်းစိုက်ခင်းများစသည်ဖြင့် ယခုနှစ်အတွင်း၌ စိုက်ရန်လျာထားသည့် သစ်ပင်ပေါင်း ၂၁ ဒသမ ၃၆ သန်းကို အောင်မြင်အောင် စိုက်ပျိုးကြရန်လည်း လိုအပ်ကြောင်း။

သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို လက်ငင်းခံစားရခြင်းမျိုးမဟုတ်သော်လည်း နောင် ခုနစ်နှစ် ရှစ်နှစ်ခန့်တွင် အကျိုးခံစားရမည်ဖြစ်ကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင်လည်း တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်ရန်လည်း အလွန်အရေးကြီးကြောင်း၊ သစ်တောများတည်ရှိနေခြင်းသည် **"အတိတ်ကာလ၏ အမွေ၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်၏ ဖွံ့ဖြိုးတိုးတက်မှု"**ဖြစ်သောကြောင့် သစ်တောများသည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ဂေဟစနစ်တည်ငြိမ်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလွန်အရေးပါသည့် ကဏ္ဍလည်းဖြစ်ကြောင်း၊ ယခုအချိန် မိမိတို့ကိုယ်တိုင် ယခင်က ဘိုးဘွားမိဘများစိုက်ပျိုးထိန်းသိမ်းခဲ့မှုများကြောင့် သစ်ကြီးဝါးကြီးများ၏ အရိပ်အာဝါသကို ခံစားရပြီဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ လာမည့်သားစဉ်မြေးဆက်ကိုလည်း ကောင်းကျိုးခံစားရစေလိုသည့် စိတ်ဖြင့် စိုက်ပျိုးသည့်အပင်များအားလုံး ရှင်သန်စေရေးအတွက် စနစ်တကျဆက်လက်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စေတနာထားပြီး ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သစ်တောသစ်ပင်များသည် နိုင်ငံအတွက် သစ်တောထွက်ပစ္စည်းအမျိုးမျိုးနှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိသောကြောင့် သစ်တောသစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းသည် နိုင်ငံ၏ကောင်းမွန်သည့် အနာဂတ်ကို တည်ဆောက်ခြင်းပင်ဖြစ်ကြောင်း၊ **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"**ဟူသည့် မူဝါဒကို အလေးထားလိုက်နာပြီး နိုင်ငံတစ်ဝန်းမြို့ပြများနှင့် ရပ်ရွာ၊ ကျေးလက်ဒေသအသီးသီး၌ စိမ်းလန်းစိုပြည် သာယာစေရေးအတွက် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်း Landscape များကို စဉ်ဆက်မပြတ်တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်သစ်တောကဏ္ဍကိုအခြေခံသည့် **အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများ၌** ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ဆောင်ရွက်ပေးကြရန်၊ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပိတောက်ပျိုးပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက်အခမ်းအနားသို့တက်ရောက်လာကြသည့် ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကထိကဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တစ်ပြိုင်တည်း တပျော်တပါး စိုက်ပျိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် ဒုတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားသို့တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် ဒုတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားတွင် ပန်းပွင့်သောသစ်မျိုးများဖြစ်ကြသည့် ကံ့ကော်၊ ခရေ၊ ပန်းမဲဇလီ၊ စိန်ပန်း၊ ပျဉ်းမ၊ ပိတောက်၊ ရင်းမာ ရတနာတန်းဝင်သစ်မျိုးများဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ တမလန်း၊ မဟော်ဂနီနှင့် အမြဲစိမ်းသစ်မျိုးများဖြစ်သည့် ဆီသပြေ၊ ယမနေ၊ ရေတမာစသည့် သစ်မျိုးစုစုပေါင်း ၁၄ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## နေပြည်တော်မြို့အဝင်မုခ်ဦး(Naypyitaw Gate) တည်ဆောက်နေမှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ လမ်းညွှန်မှာကြား






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်မြို့အဝင်မုခ်ဦး(Naypyitaw Gate) တည်ဆောက်နေမှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် စိမ်းလန်းစိုပြည်သောမြို့ (Green City)၊ သန့်ရှင်းသောမြို့(Clean City)နှင့် ခေတ်မီနည်းပညာအခြေပြုမြို့ပြ (Smart City) အဖြစ် ဘက်စုံကဏ္ဍစုံမှ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိပြီး နေပြည်တော်မြို့အဝင်မုခ်ဦး(Naypyitaw Gate) ကိုလည်း မြို့တော်အဝင် အထင်ကရ အမှတ်အသားဖြစ်စေရန်၊ မြို့တော်အတွင်းသို့ ဝင်ရောက်လာသူများကို မင်္ဂလာရှိစွာ ကြိုဆိုရန်၊ နိုင်ငံ၏ မြို့ပြဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို မြှင့်တင်နိုင်ရန်၊ မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းကို ထိန်းသိမ်းဖော်ပြရန် စသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစော၊ ဒေါ်နန်းနီနီအေးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နေပြည်တော်မြို့အဝင်မုခ်ဦး တည်ဆောက်နေမှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များကို ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က နေပြည်တော်မြို့အဝင်မုခ်ဦး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မြို့အဝင်မုခ်ဦး တည်ဆောက်ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြောင့် ယာဉ်များသွားလာမှုမပျက်စေရေး ရှောင်ကွင်းလမ်း(By Pass)များ စနစ်တကျဖောက်လုပ်ပေးရန်၊ မုခ်ဦးကို မြန်မာမှုလက်ရာများဖြင့် ခမ်းခမ်းနားနား စနစ်တကျတည်ဆောက်သွားရန်၊ လမ်းများကို ထောင့်ချိုးများအနည်းဆုံးဖြင့် တည်ဆောက်သွားရန်၊ မုခ်ဦးအဆောက်အအုံကို ငလျင်ဒဏ်ခံနိုင်စေရေးနှင့် ခိုင်မာလှပ သေသပ်စွာဆောင်ရွက်ရန်၊ အများပြည်သူများ အပန်းဖြေနေရာများနှင့် ကားရပ်နားရန် နေရာများကိုလည်း စနစ်တကျထည့်သွင်းတည်ဆောက်သွားရန်၊ လိုအပ်ပါက လူကူး Underpass များ ထည့်သွင်းလျာထား ဖောက်လုပ်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်မြို့အဝင်မုခ်ဦး(Naypyitaw Gate) ပုံစံငယ်အား ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နေပြည်တော်မြို့အဝင်မုခ်ဦး တည်ဆောက်နေမှုလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ဝင်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ဝင်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း မော်လမြိုင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြား၊ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေကြသူများကို ကြည့်ရှုအားပေး၊ တပ်ရင်း၊ တပ်ဖွဲ့များကို ကြည့်ရှုစစ်ဆေး





ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း မော်လမြိုင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် လုပ်ဆောင်လာသူမှန်သမျှကို တပ်မတော်အနေဖြင့် နှိမ်နင်းဆောင်ရွက်သွားမည်ဖြစ်၊ ထိုကဲ့သို့ ဆောင်ရွက်ရန်အတွက် တပ်မတော်အနေဖြင့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော တပ်မတော်ဖြစ်ရန်လို . . .**

နေပြည်တော် ဇွန် ၂၅

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကိုတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် မဲမသမာမှုများဆောင်ရွက်ပြီး နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့အရေးအတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထမ်းဆောင်ခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်တွင် တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် တရားမဝင်ဖွဲ့စည်းထားသည့် CRPH နှင့် NUG အမည်ခံ အကြမ်းဖက် အဖွဲ့အစည်းများသည် နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်အကြမ်းဖက် လမ်းစဉ်ကိုရွေးချယ်ကာ နိုင်ငံ၏နယ်မြေဒေသအချို့တွင် အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်လာကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် တိုင်းရင်းသားပြည်သူများနှင့်လက်တွဲကာ အကြမ်းဖက်သမားများကို တရားဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်း။




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် စာအုပ်စာစောင်များပေးအပ်ရာ တိုင်းမှူးကလက်ခံရယူစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၏ ဇနီး ဒေါ်နန်းကူးကူ တပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တိုင်းမှူး၏ဇနီးက လက်ခံရယူစဉ်။

ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တသည့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီရရှိရေးအတွက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလများတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကျင်းပပေးကာ ပြည်သူလူထု၏သဘောဆန္ဒအလျောက် ကြိုက်နှစ်သက်ရာပါတီများကို ဆန္ဒမဲများပေးခြင်းဖြင့် အစိုးရသစ်တစ်ရပ်ပေါ်ထွန်းလာခဲ့ကြောင်း၊ ယခုအခါ အစိုးရသစ်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီးများကို အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုအောက်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်လျက်ရှိကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးများကို တပ်မတော်က တာဝန်ယူဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်တွင် အင်အားတောင့်တင်းခိုင်မာရမည်ဖြစ်ကြောင်း၊ တပ်မတော်အင်အားလျော့နည်းလာအောင် ပြည်ပအင်အားကြီး နိုင်ငံအချို့အနေဖြင့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို အားပေးအားမြှောက်ပြုကာ လိုအပ်သည်များထောက်ပံ့ပေးခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေရန်အတွက် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နိုင်စေရန် အားပေးကူညီခြင်းများ လုပ်ဆောင်နေကြကြောင်း။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် လူမျိုးရေး၊ အယူဝါဒရေးဟူ၍ ခေါင်းစဉ်အမျိုးမျိုးဖြင့် အကြောင်းပြကာ လက်နက်ကိုင်လုပ်ဆောင်နေကြသော်လည်း မြေပြင်အမှန်မှာ ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက်သာ အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သို့ပင်အကြောင်းပြစေကာမူ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၈)တွင် ပြဋ္ဌာန်းထားပြီး နိုင်ငံသားအားလုံး တန်းတူအခွင့်အရေးရရှိပြီးဖြစ်သော်လည်း အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ကိုယ်ကျိုးစီးပွားအတွက် နည်းလမ်းမျိုးစုံကိုအသုံးပြုပြီး တစ်ဖက်နိုင်ငံမှပစ္စည်းများကို တရားမဝင်တင်သွင်းခြင်း၊ မိမိနိုင်ငံမှ အဖိုးတန်သယံဇာတများကိုလည်း တစ်ဖက်နိုင်ငံသို့ ခိုးထုတ်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကရရှိမည့် အခွန်အခများ၊ ဘဏ္ဍာများကို များစွာဆုံးရှုံးနစ်နာရကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းများမှ ရရှိလာသည့် ဝင်ငွေများဖြင့် အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ ၎င်းအပြင် အကြမ်းဖက်အဖွဲ့များသည် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများတွင် ပါဝင်ပတ်သက်လျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်း လောင်းကစားမှုနှင့် ဒုစရိုက်မှုများကို တားဆီးကာကွယ် နှိမ်နင်းခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ အဆိုပါလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် အဆိုပါလုပ်ရပ်များကို လုံးဝအမြစ်ပြတ်ပပျောက်သွားစေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ထိထိရောက်ရောက် တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် လုပ်ဆောင်လာသူမှန်သမျှကို တပ်မတော်အနေဖြင့် နှိမ်နင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရန်အတွက် တပ်မတော်အနေဖြင့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော တပ်မတော်ဖြစ်ရန်လိုကြောင်း၊ စွမ်းရည်ထက်မြက်ရန်အတွက် မိမိတို့နှင့်သက်ဆိုင်ရာ နေ့စဉ်လုပ်ဆောင်ရသည့် သမားစဉ်လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နေကြရန်လိုကြောင်း၊ ထို့ပြင် မိမိတို့အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် ဘာသာရပ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်အောင် Professional ကျကျ အမြဲမပြတ် လေ့လာဆည်းပူးနေကြရန်လိုကြောင်း၊ လေ့ကျင့်သင်ကြားထားရှိသည့် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကို “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်နေမှသာ ကျွမ်းကျင်မှုရှိ၍ မိမိကိုယ်ကို ယုံကြည်မှုရှိလာမည်ဖြစ်ပြီး တိုက်ပွဲဝင်သည့်အခါ ရဲစွမ်းသတ္တိများဖြင့် အောင်ပွဲဆင်နိုင်မည်ဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်လာသည့် နည်းပညာမြင့် စစ်လက်နက်ပစ္စည်းများ၊ စစ်အတတ်ပညာများကိုလည်း စဉ်ဆက်မပြတ်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် ကြုံတွေ့ရသည့် အတွေ့အကြုံများနှင့် ပေါင်းစပ်၍ စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ရာတွင် အောင်မြင်အောင် ထမ်းဆောင်ကြရန်လိုကြောင်း။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

တပ်မတော်သားများအနေဖြင့်ရန်သူ၏ အလေ့အထနှင့် ကျင့်သုံးလျက်ရှိသည့် နည်းပညာများကို မျက်ခြည်မပြတ် စောင့်ကြည့်နေရန်လိုအပ်ပြီး ၎င်းတို့ထက် ပိုမိုသာလွန်အောင် ရနိုင်သည့်နည်းလမ်းမျိုးစုံကို ကြိုးစားကြံဆဆောင်ရွက်နေမှသာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်က အားကိုးယုံကြည်ပြီး ပြည်သူလူထုက အားထားရသည့် စွမ်းရည်ရှိသော တပ်မတော်ဖြစ်မည် ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် အခက်အခဲမှန်သမျှကို ရင်ဆိုင်ကျော်လွှားလိုသည့် အောင်စိတ်များလည်းရှိရန်လိုကြောင်း။

ခေါင်းဆောင်မှု ကောင်းခြင်းသည် စစ်ပွဲကိုအောင်နိုင်ရန်အတွက် များစွာ အထောက်အကူပြုလျက် ရှိကြောင်း၊ အဆင့်ဆင့်သော ခေါင်းဆောင်များက မှန်ကန်ကောင်းမွန်သော ခေါင်းဆောင်မှု ရှိရန်လိုကြောင်း၊ ခေါင်းဆောင်ကောင်းများအနေဖြင့် လက်အောက်ငယ်သားများ၏ သက်ဆိုင်ရာနယ်ပယ်အလိုက် စစ်အတတ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း။

စည်းရုံးရေးအနေဖြင့် တပ်တွင်းစည်းရုံးရေးနှင့် တပ်ပြင်စည်းရုံးရေးဟူ၍ ရှိကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်မှု ရှိရန်အတွက် တစ်ဦးနှင့်တစ်ဦး၊ အထက်နှင့်အောက် အပြန်အလှန် လေးလေးစားစားဖြင့် နေထိုင်ကြရမည်ဖြစ်ကြောင်း၊ အချင်းချင်း စည်းလုံးညီညွတ်မှုရှိပါက မည်သို့သော စိန်ခေါ်မှုမျိုးကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်များ၊ တပ်မှူးများအနေဖြင့်လည်း တပ်တွင်းစည်းလုံးညီညွတ်မှုရှိစေရေး ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ ကျင့်ကြံနေထိုင်အုပ်ချုပ်ရန်လိုကြောင်း၊ တပ်ပြင်စည်းရုံးရေးအနေဖြင့် လက်တွေ့ပါသော စည်းရုံးရေးနှင့် လက်တွေ့မပါသော စည်းရုံးရေးဟူ၍ ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် စစ်သည်တော်ကျင့်ဝတ်တွင် ပါရှိသော ပြည်သူလူထုအပေါ်ပြုကျင့်ရမည့် ကျင့်ဝတ်များအတိုင်း နေထိုင်ကျင့်ကြံကြရန်လိုကြောင်း၊ စည်းကမ်းတကျ နေထိုင်ကြခြင်းနှင့် ကိုယ်ချင်းစာစိတ်ဖြင့် ပြုမူဆောင်ရွက်ခြင်းသည်လည်း တပ်ပြင်စည်းရုံးရေးကို လုပ်ဆောင်နေခြင်းပင် ဖြစ်ကြောင်း။

အုပ်ချုပ်ရေးစွမ်းရည်တိုးတက်စေရန် တပ်မှူးများအနေဖြင့် မိမိတို့၏ဦးစီးအဖွဲ့များ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ရုံးလုပ်ငန်းများကို စနစ်တကျ မှန်မှန်ကန်ကန်ဆောင်ရွက်ရန်အတွက် မပြတ်ကြပ်မတ်နေကြရန်လိုကြောင်း၊ တပ်မတော်သားများ၏ ရသင့်ရထိုက်သည့် လစာနှင့် စရိတ်များကို မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲပြီး တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးကို စေတနာထား၍ ထိထိရောက်ရောက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သို့မှသာ စွမ်းရည်သုံးရပ် တိုးတက်ကောင်းမွန်သော တပ်များဖြစ်လာမည်ဖြစ်ကြောင်း။

တပ်မတော်သား မိသားစုဝင် ပါရမီဖြည့်ဖက်များအနေဖြင့် မိမိကိုယ်တိုင်နှင့် ခင်ပွန်း၊ သားသမီးများ၏ ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်လိုကြောင်း၊ တပ်မတော်သားမိသားစုဝင်များအနေဖြင့် မိမိတို့ သားသမီးများ၏ ပညာရည်မြင့်မားရေးကို အလေးပေး၍ကြိုးစားဆောင်ရွက်အားပေးနေကြရန်လိုကြောင်း၊ မိမိတို့၏ သားသမီးများကို မိမိတို့ထက်သာလွန်ကောင်းမွန်သော ပညာတတ်မျိုးဆက်များ ဖြစ်အောင် မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ မိမိတို့၏သားသမီးများ ပညာရေးသာမက မိမိတို့ကိုယ်တိုင်လည်း အသိပညာများ တိုးပွားလာစေရန်အတွက် သုတ၊ ရသ စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ စာဖတ်ခြင်းသည် ဘဝတိုးတက်ရေးအတွက် အထောက်အပံ့များစွာပေးနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သားမိသားစုဝင်များအနေဖြင့် မိမိတို့ရရှိသည့် ဝင်ငွေနှင့်ထွက်ငွေကို မျှတအောင် သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့်ထွက်ငွေ မျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိဆောင်ရွက်ကြရန် လိုကြောင်း ဖြင့် ပြောကြားသည်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များကို တစ်ဦးချင်း ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၏ ဇနီး ဒေါ်နန်းကူးကူး အမျိုးသမီးနှင့်ကလေးကုသဆောင်ရှိ လူနာများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် စာအုပ်စာစောင် ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူသည်။

အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီးက တပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လက်ခံရယူသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်၍ယနေ့ နေ့လယ်ပိုင်းတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ ပါရဂူများ၊ ဆေးမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

၎င်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ နယ်မြေခံတပ်မတော် ဆေးရုံတွင် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ တစ်ဦးချင်းရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်လာမှု အခြေအနေများကို တစ်ဦးချင်းရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်နန်းကူးကူးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့်ကလေးကုသဆောင်သို့ သွားရောက်၍ ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် လူနာများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တပ်နယ်အတွင်းရှိ တပ်ရင်း၊တပ်ဖွဲ့များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ပြည်ပြန်)

## တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၅၈/၂၀၂၆**
၁၃၈၈ ခုနှစ် ပထမဝါဆိုလဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ် ဇွန်လ ၂၅ ရက်)

**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၄ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)တို့ရ ဒေါ်အေးအေးသန်းအား တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၅၉/၂၀၂၆**
၁၃၈၈ ခုနှစ် ပထမဝါဆိုလဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ် ဇွန်လ ၂၅ ရက်)

**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(ဃ)တို့ရ ဒေါ်ထွေးထွေးအား တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

☆ **ကျောဖုံးမှအဆက်**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် နာယကနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်ခုတွင် စီးပွားရေးအားကောင်းမွန်မှသာ နိုင်ငံ တည်ငြိမ်မှုရှိမည်ကို ဖြတ်သန်းလာခဲ့ရသည့် အတွေ့အကြုံများနှင့် အခြေအနေများအရသိရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သဖြင့် စီးပွားရေး မောင်းနှင်အား ကောင်းမွန်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အဓိကအားဖြင့် အရင်းအနှီးနည်းနည်းဖြင့် အရေအတွက်များများ ဆောင်ရွက်နိုင်သည်မှာ MSME လုပ်ငန်းများဖြစ်ပြီး အခြေခံလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ပါက တိုင်းပြည်၏စီးပွားရေးအတွက် များစွာအထောက်အပံ့ပေးနိုင်ခြင်းကြောင့် MSME လုပ်ငန်းကို အားပေးဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း။

MSME လုပ်ငန်းများသည် နိုင်ငံတစ်ခု၏ GDP တိုးတက်ရေးတွင် အဓိကပါဝင်သည်ကိုတွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများကို နိုင်ငံ၏စီးပွားရေးကို အားပေးမြှင့်တင်ရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကိုမြှင့်တင်ရန်၊ သွင်းကုန်အစားထိုးရန်၊ တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်၍ ပြည်ပတင်ပို့ခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေများ တိုးမြှင့်ရရှိရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများထဲတွင် GDP နည်းပါးကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို မဖြစ်မနေ မြှင့်တင်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို MSME လုပ်ငန်းများဖြင့် မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ပြီး တစ်ဦးချင်းဝင်ငွေများရရှိကာ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ဝယ်လိုအားနှင့် ရောင်းလိုအားများ တိုးတက်လာကာ နိုင်ငံ၏ GDP တိုးတက်စေရေးအတွက် များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ပြည်ပသွင်းကုန်များကို အများအားဖြင့်တင်သွင်းဆောင်ရွက်ကြရပြီး မိမိတို့အနေဖြင့်လည်း ပြည်ပမှသွင်းကုန်များကို နှစ်စဉ်တင်သွင်းနေရကြောင်း၊ ထို့ကြောင့် ပြည်ပသွင်းကုန်များကိုလျှော့ချနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုနှင့် ကုန်သွယ်မှုလိုငွေများကို လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်တွင်းသုံးစွဲမှုဖူလုံပြီး ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်များကို အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက ပစ္စည်းပိုကောင်းရမည်ဖြစ်ကြောင်း၊ ပို့ကုန်များ တိုးတက်များပြားလာပါက နိုင်ငံခြားလိုငွေများနည်းပါးလာပြီး နိုင်ငံ၏ဝင်ငွေနှင့် ထွက်ငွေများ မျှတလာမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ပိုလျှံငွေများဖြစ်ပေါ်လာကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများသည် နိုင်ငံအတွက်အရေးပါသည့် စီးပွားရေးမောင်းနှင်အားတစ်ခု ဖြစ်ကြောင်း။

ဒီမိုကရေစီ ပထမအစိုးရသက်တမ်းကာလတွင် SME လုပ်ငန်းအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် MSME လုပ်ငန်းအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့ကြောင်း၊ SME လုပ်ငန်းများကို ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် MSME လုပ်ငန်းများသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အရေးကြီးသဖြင့် ၂၀၂၆ ခုနှစ် မေ ၂၀ ရက်တွင် ဗဟိုကော်မတီကို မိမိကိုယ်တိုင်ဦးဆောင်၍ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

အဓိကအားဖြင့် MSME လုပ်ငန်းသည် နိုင်ငံ့စီးပွား မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်ရန်အတွက် မည်ကဲ့သို့ ပြုပြင်ဆောင်ရွက်မည်၊ မည်ကဲ့သို့ ကောင်းအောင်ဆောင်ရွက်မည် ဆိုသည့် စိတ်များရှိရန်လိုကြောင်း၊ စီးပွားရေးအားကောင်းအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း မိမိတို့တိုင်းပြည်အပေါ် ယုံကြည်ကိုးစားမှုများဖြစ်ပေါ်လာပြီး နိုင်ငံကို ချစ်သည့်စိတ်၊ နိုင်ငံတော်ကိုကာကွယ်လိုသည့်စိတ်များ ရှိလာမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကာကွယ်ရေး စွမ်းပကားများ ရှိလာမည်ဖြစ်ကြောင်း၊ စီးပွားရေး ကောင်းမွန်မည်ဆိုပါက နိုင်ငံတော်ကိုကာကွယ်လိုသည့် စိတ်ဓာတ်များလည်း မြင့်မားလာမည်ဟု ပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်သည့်နိုင်ငံတစ်ခုဖြစ်ပြီး လူသားအရင်းအမြစ်များ များစွာရှိပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ၅၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောကဏ္ဍ၊ ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်းကဏ္ဍနှင့် ဆက်နွယ်နေသည့် လုပ်ငန်းများကို ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝများကို မြှင့်တင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ အဓိကဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်မှုမြင့်မားလာစေရေးနှင့် စွမ်းအားပြည့်ထုတ်လုပ်နိုင်စေရေး မဖြစ်မနေဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ခြင်းဖြင့် ဝင်ငွေကိုပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ထိုသို့ တန်ဖိုးမြှင့် Value added ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် အတွက် MSME လုပ်ငန်းများဖြင့်ဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို ကုန်ချောပစ္စည်းများထုတ်လုပ်နိုင်ရေး MSME လုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများတွင်အဓိကအားဖြင့် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ မိမိအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့သွားရောက်၍ MSME လုပ်ငန်းများတိုးတက်စေရေး တွေ့ဆုံဆွေးနွေးပွဲများကို အကြိမ်ပေါင်း ၄၀ ကျော်ထိ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့သွားရောက်ချိန်တွင် MSME လုပ်ငန်းရှင်များအနေဖြင့် ကုန်ကြမ်းများလိုအပ်ချက်ရှိသည်ဟု တင်ပြကြကြောင်း၊ MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်ရာတွင် မိမိတို့ဒေသတွင်းနှင့် ပြည်တွင်း၌ရှိပြီးဖြစ်သည့် ကုန်ကြမ်းပစ္စည်းများကိုအခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းသည် အသေချာဆုံးသော ကုန်ထုတ်လုပ်ငန်းပင်ဖြစ်ကြောင်း၊ လိုအပ်ချက်ရှိပါကလည်း အရေးကြီးသည့်ကုန်ကြမ်းများ တင်သွင်းနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သွင်းအားစုတွင် စက်သုံးဆီနှင့် လျှပ်စစ်ဓာတ်အားများပါဝင်ကြောင်း၊ ထို့ကြောင့် စက်သုံးဆီနှင့်ပတ်သက်၍ လိုအပ်ချက်ရှိသော်လည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် ပတ်သက်၍လည်း နိုင်ငံတော်ကလျှပ်စစ်ဓာတ်အားများ လုံလောက်စွာထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိသည့် ဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်နိုင်ကြောင်း။

ပြည်တွင်း ကုန်ထုတ်လုပ်မှုများကို မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်ငန်းများတိုးတက်လာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး ပြည်သူများ ဝင်ငွေတိုးတက်လာမည်ဖြစ်ကြောင်း၊ သွင်းအားစုများနှင့်ပတ်သက်၍ နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အရင်းအနှီးနှင့်ပတ်သက်၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ထပ်မံတိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လူသားအရင်းအမြစ် လိုအပ်ချက်နှင့် ပတ်သက်၍ မိမိတို့နိုင်ငံလူဦးရေ၏ ၂၅ ရာခိုင်နှုန်းကျော်မှာ လူငယ်များဖြစ်သဖြင့် လူငယ်များအသိပညာ၊ အတတ်ပညာများ တိုးတက်လာစေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းရည်၊ စွမ်းအားရှိသော လူငယ်များဖြင့် တည်ဆောက်နိုင်ရေး လူငယ်များ၏ စွမ်းရည်တိုးတက်အောင် မြှင့်တင်ဆောင်ရွက်ပေးနိုင်သော လူငယ်ရေးရာဝန်ကြီးဌာနကို မိမိတို့အစိုးရလက်ထက်တွင် တိုးချဲ့ဖွဲ့စည်းပေးထားကြောင်း၊ အလားတူ နိုင်ငံလူဦးရေ၏ ၅၂ ရာခိုင်နှုန်းမှာလည်း အမျိုးသမီးများဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်နိုင်မှု အခန်းကဏ္ဍများ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက်လည်း အမျိုးသမီးရေးရာဝန်ကြီးဌာနကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ကြောင်း၊ အမျိုးသမီးများ ဆောင်ရွက်၍ရသည့် လုပ်ငန်းများကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊

ပြည်သူများ အလုပ်အကိုင်ရရှိရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများနှင့် ပတ်သက်သည့် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရန် လိုကြောင်း၊ တစ်ဖက်မှလည်း ပြည်သူများ၏ ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလုပ်လုပ်နိုင်သည့်အရွယ်တွင် အလုပ် လုပ်နိုင်ရေး အခြေခံပညာအလယ်တန်း အဆင့်မှစ၍ စက်မှုနှင့်စိုက်ပျိုးမွေးမြူရေး အခြေခံပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးသည့် သီးနှံများအလိုက် မျိုးကောင်းရန်လိုသကဲ့သို့ စိုက်ပျိုးရေနှင့် အောင်ရေများလည်း လုံလောက်စွာရရှိရန် အရေးကြီးကြောင်း၊

**စာမျက်နှာ ၂၂ သို့**

**စာမျက်နှာ ၂၁ မှအဆက်**

စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ကုန်များ ပိုမိုတိုးတက်အောင်ထုတ်လုပ်နိုင်ခြင်းဖြင့် MSME ကုန်ထုတ်လုပ်ငန်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းသည် နိုင်ငံ့စီးပွားရေးအတွက် အခြေခံကျပြီး Agro-based Industries ကိုလည်း ဆက်လက်ဆောင်ရွက်သွားနိုင်ရန် လိုအပ်ကြောင်း။

အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် MSME လုပ်ငန်းများတွင် ဝါလုပ်ငန်းလည်းပါဝင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးဧက ငါးသိန်းကျော်ခန့်ရှိကြောင်း၊ ဝါမှဝါဂွမ်း၊ ဝါဂွမ်းမှချည်၊ ချည်မှအထည်ကို အဆင့်ဆင့် ထုတ်လုပ်ရကြောင်း၊ ဝါစေ့ဆီကိုလည်း ထုတ်လုပ်၍ရပြီး ဝါကြိတ်ဖတ်များကိုလည်း တိရစ္ဆာန်အစာအဖြစ်အသုံးပြုနိုင်ကြောင်း၊ ဝါလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် အကျိုးအရှိဆုံးနှင့် အကောင်းဆုံးလုပ်ငန်းပင်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးထုတ်လုပ်မှုများ အောင်မြင်ဖြစ်ထွန်းစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

အလားတူ မိမိတို့နိုင်ငံတွင် သဘာဝအရပေးထားသည့် ဝါးများ များစွာရှိကြောင်း၊ ဝါးမှ စက္ကူပျော့ဖတ်နှင့် ဝါးကိုအခြေခံသည့် အခြားတန်ဖိုးမြှင့်ထုတ်ကုန်များကိုထုတ်လုပ်နိုင်ကြောင်း၊ မကြာမီရက်ပိုင်းက မိမိတရုတ်နိုင်ငံသို့ နိုင်ငံတော်အဆင့် ခရီးစဉ်သွားရောက်စဉ်ကလည်း ဝါးမှအဝတ်အထည်နှင့် အခြားလူသုံးကုန်ပစ္စည်း အမျိုးမျိုးထုတ်လုပ်သည့်လုပ်ငန်းကို သွားရောက်လေ့လာခဲ့ကြောင်း၊ သဘာဝမှပေးထားသည့် ဝါးကိုအခြေခံသည့် MSME လုပ်ငန်းကို ဆောင်ရွက်နိုင်ကြောင်း။

မိမိတို့နိုင်ငံတွင် ရော်ဘာကိုအခြေခံသည့် လူသုံးကုန်ပစ္စည်းများ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် စက်ဘီးများအတွက် တာယာများနှင့် ကျွတ်များကို ထုတ်လုပ်နိုင်ကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများကို ပြည်ပသို့တင်ပို့ခြင်းထက် ပြည်တွင်း၌ MSME လုပ်ငန်းများဖြင့် ကုန်ချောများကို ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံအတွက် များစွာ အကျိုးရှိမည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ကော်ဖီသည်လည်း ကမ္ဘာပေါ်တွင် ဈေးကွက်လိုအပ်ချက် ကြီးမားကြောင်း၊ ထို့ကြောင့်ကော်ဖီစိုက်ပျိုးမှုကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ Agro-based industries ကို ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပမာအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့် မျိုးစေ့ချကိရိယာ (Seed Feeder)များ ထုတ်လုပ်ခြင်း၊ ကောက်စိုက်စက်၊ ခြွေလှေ့စက်နှင့် ရိတ်သိမ်းစက်များကို MSME စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း MSME ပြပွဲများနှင့် ပြိုင်ပွဲများကိုကျင်းပပြုလုပ်ခဲ့ပြီး အတွေ့အကြုံများဖလှယ်နိုင်ခဲ့ခြင်းကြောင့် MSME လုပ်ငန်းများ ယခင်ကထက် ပိုမိုတိုးတက်လာသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ MSME လုပ်ငန်းများတွင် အဓိကအားဖြင့် အစားအသောက် ထုတ်လုပ်ခြင်းလုပ်ငန်းများ ဖြစ်သည်ကိုတွေ့ရှိရပြီး ကုန်ပစ္စည်းများ ထုပ်ပိုးမှုများ ပိုမိုတိုးတက်ကောင်းမွန်လာခြင်းနှင့် ထုတ်ကုန်များအရည်အသွေး တိုးတက်လာခြင်းသည် အတွေ့အကြုံများ အပြန်အလှန် ဖလှယ်နိုင်ခြင်းကြောင့် ဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ထုပ်ပိုးမှုများနှင့် ကုန်ပစ္စည်းများ၏အရည်အသွေးများ ကောင်းမွန်လာခြင်းကြောင့် ပြည်ပပို့ကုန်များ ပိုမိုတိုးတက်ရရှိလာကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသတွင်းရှိ MSME လုပ်ငန်းများ တိုးတက်စေရေး အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆိုသည့်

> **MSME လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်တွင်းသုံးစွဲမှုဖူလုံပြီး ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်၊ ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်များကို အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ရန်လို၊ ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက ပစ္စည်းပိုကောင်းရမည်ဖြစ်၊ ပို့ကုန်များတိုးတက်များပြားလာပါက နိုင်ငံခြားလိုငွေများ နည်းပါးလာပြီး နိုင်ငံ၏ဝင်ငွေနှင့် ထွက်ငွေများ မျှတလာမည်ဖြစ် . . .**

အတိုင်း မိမိတို့အနေဖြင့် MSME လုပ်ငန်းများကို အောင်မြင်အောင်အားပေးဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ အနေဖြင့် အလေးထား ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ(၁) ဦးညိုစောက MSME လုပ်ငန်းကော်မတီအနေဖြင့် ပြည်တွင်း MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် MSME အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့တို့ကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊MSME လုပ်ငန်းများတွင် တွေ့ကြုံရသည့် အခက်အခဲများဖြစ်သည့် ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်၊ လူ့စွမ်းအားအရင်းအမြစ်နှင့် သတင်းအချက်အလက်များရရှိရေး၊ အခြေခံအဆောက်အအုံနှင့် စီးပွားရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းဖန်တီးရေး ကိစ္စရပ်များကို MSME အေဂျင်စီနှင့် ဒေသဆိုင်ရာ အေဂျင်စီများ အဆင့်ဆင့်ဖွဲ့စည်း ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားများ ဖြစ်သောကြောင့် MSME လုပ်ငန်းကော်မတီအနေဖြင့် ဗဟိုကော်မတီ၏ မူဝါဒဆိုင်ရာလမ်းညွှန်မှာကြားချက်များနှင့်အညီ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအတွင်းရေးမှူး စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များနှင့် ဗဟိုကော်မတီအစည်းအဝေးကျင်းပခဲ့မှုအခြေအနေများ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများနှင့် ပြည်ထောင်စုအဆင့်ပြပွဲများ ကျင်းပခဲ့မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နာယကတို့က အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ငွေကြေးအရင်းအနှီးနှင့် နည်းပညာများပံ့ပိုးပေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဥပဒေအသစ်ပြင်ဆင်ပြဋ္ဌာန်းရန်ရေးဆွဲလျက်ရှိသည့် MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေတွင် ဖြည့်စွက်ပြဋ္ဌာန်း ဆောင်ရွက်သင့်သည့်အချက်များ၊ MSME လုပ်ငန်းများအနေဖြင့် ကျန်းမာရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်သွားရန် လိုအပ်သည့်အချက်များ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့မှ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထိရောက်စွာအထောက်အကူဖြစ်စေရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် MSME Center များ ဆောင်ရွက်သင့်သည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အသေးစားအငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့တက်ကြွစွာဖြင့် ဝိုင်းဝန်းဆွေးနွေးပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများသိရှိပြီး မိမိတို့ဒေသအလိုက် မည်ကဲ့သို့အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားနိုင်မည်ကို သိရှိစေလိုခြင်းဖြစ်ကြောင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ဘဏ်များအနေဖြင့် အိမ်ခြံမြေဈေးကွက်များ၌ အလုံးအရင်းဖြင့် ရင်းနှီးမြှုပ်နှံခြင်းများအစား ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများတွင် ပိုမိုသုံးစွဲခြင်းဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

လူသားအရင်းအမြစ်ကောင်းများ ရရှိရေးအတွက် သင်တန်းများဖွင့်လှစ်ရာတွင် ကာလတိုမဟုတ်ဘဲ အမှန်တကယ်တတ်မြောက်အောင်မြင်အောင် သင်ကြားပေးရန်လိုကြောင်း၊ ထို့ပြင် သင်တန်းများတက်ရောက်ပြီးပါကလည်း လက်တွေ့လုပ်ငန်းကို တိုက်ရိုက်အထောက်အပံ့ပေးနိုင်မည့် မွမ်းမံသင်တန်းများကိုလည်း သင်ကြားပေးသွားရန်လိုကြောင်း၊ လိုအပ်ပါက သီးခြားဘာသာရပ်အလိုက် ပညာသင်ဆုများပေးခြင်းဖြင့်လည်း မွေးထုတ်လေ့ကျင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပင်ဖြစ်ကြောင်း၊ စက်မှုနှင့် စိုက်ပျိုးမွေးမြူရေး ပညာရပ်များကို စိတ်ပါဝင်စားစွာ သင်ကြားသင်ယူလာစေရေးအတွက်လည်း မီဒီယာအခန်းကဏ္ဍမှ အသိပညာပေးခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ အသိပညာပေးခြင်း ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာလူတန်းစား အလွှာအသီးသီးအတွက် လွယ်ကူရှင်းလင်းစွာဖြင့် နားလည်နိုင်ရန်နှင့် ထိထိရောက်ရောက်ဖြစ်ရန်လိုကြောင်း၊ MSME လုပ်ငန်းများနှင့် ပတ်သက်သည့် သိသင့်သိထိုက်သည့် စာအုပ်စာပေများကိုလည်း ထုတ်ဝေခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ဆောင်မှုနှင့်ပတ်သက်သည့် MSME စီးပွားရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားနိုင်သဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့ဒေသအလိုက် ဝန်ဆောင်မှုကောင်းများပေးနိုင်ခြင်းဖြင့် ဒေသ၏လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

စုပေါင်းဆောင်ရွက်ခြင်းသည် အားကိုဖြစ်စေနိုင်သောကြောင့် MSME ကုန်ထုတ်လုပ်ငန်းများကို စုပေါင်းသမဝါယမစနစ်ဖြင့် ဆောင်ရွက်သွားမည်ဆိုပါကလည်း များစွာအောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ စီမံချက်များ၊ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ရာတွင် ကိန်းဂဏန်း အချက်အလက်များကို အခြေခံ၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တင်ပြသည့်အချက်အလက်များအနေဖြင့် မှန်ကန်မှုရှိရန် အထူးအရေးကြီးကြောင်း၊ မိမိတို့ဒေသအလိုက် စက်မှုရပ်ကွက်များ၊ စက်မှုဇုန်များ တည်ထောင်ရာတွင်လည်း စနစ်တကျဖြစ်ရန်လိုကြောင်း၊ လူနေရပ်ကွက်များနှင့် စက်မှုလုပ်ငန်းဆောင်ရွက်သည့်နေရာများသည် ရောယှက်၍မရသဖြင့် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန်လည်းလိုကြောင်း။

ဉာဏ်ရည်တုနည်းပညာ AI သည်လည်း အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လျက်ရှိသဖြင့် MSME လုပ်ငန်းများဆောင်ရွက်ရာ၌ နည်းပညာကိုမျက်ခြည်မပြတ်အသုံးချဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် ဈေးကွက်လိုအပ်ချက်ကိုသိရှိရန်နှင့် လိုအပ်ချက်ပြည့်မီစွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဈေးကွက်သိရှိနိုင်ရေးနှင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်ကျယ်ပြန့်သည့်ကိစ္စရပ်ဖြစ်ပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတကဦးဆောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် အသေးစိတ် ဆက်လက်ဆွေးနွေးဆောင်ရွက်သွားရန်လိုကြောင်း။

ယခုအစည်းအဝေးသည် မိမိတို့အစိုးရသစ်၏ ပထမအကြိမ်ပြုလုပ်သည့် MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအစည်းအဝေးဖြစ်ကြောင်းနှင့် ယခုအစည်းအဝေးမှ ဆွေးနွေးချက်များအပေါ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဆောင်ရွက်သွားရန် တာဝန်ရှိကြောင်း၊ "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"ဟု ချမှတ်ထားသည့် ဆောင်ပုဒ်အတိုင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မိမိတို့အနေဖြင့် အားပေးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝသယံဇာတနှင့် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီး အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် စည်းလုံးညီညွတ်မှုရှိရန်သာလိုကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းအောင် ဆောင်ရွက်သွားမည်ဟု စိတ်စေတနာကောင်းများဖြင့် ခံယူချက်ကောင်းစွာဖြင့် ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ့စီးပွားရေးမလွဲမသွေတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် နိုင်ငံရေးကောင်းမွန်လာပါက နိုင်ငံတော်တွင် တည်ငြိမ်လုံခြုံအေးချမ်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် ကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်မှုရှိလာစေရေး ကြိုးပမ်းဆောင်ရွက် သွားကြရန်လိုကြောင်းဖြင့်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပ



**နေပြည်တော် ဇွန် ၂၅**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံသားမှတ်ပုံတင်လျှောက်ထားရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများ ဖြေရှင်းပေးနိုင်ရေး၊ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (BP) စာအုပ် လွယ်ကူလျင်မြန်စွာ ထုတ်ယူရရှိနိုင်ရေး၊ စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေး၊ ဒေသခံဆရာဝန်များ ပေါ်ထွန်းရန် ဆေးတက္ကသိုလ်များတွင် တက်ရောက်ခွင့်ရရှိရေး၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ သတ်မှတ်စံနှုန်းဖြစ်စေရေး၊ ဆောက်လုပ်ဆဲကျောင်းဆောင်များ အပြီးသတ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ရှစ်ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျေးသီးမဲဆန္ဒနယ်မှ ဒေါ်နန်းတင်ဦး၏ **ကျေးသီးနှင့် မိုင်းကိုင်မြို့နယ်တို့တွင် နိုင်ငံသားမှတ်ပုံတင်လျှောက်ထားရာတွင် ရက်ချိန်းမမှန်ခြင်း၊ ပိုက်ဆံအဆမတန်တောင်းခံခြင်းများကို အစိုးရက အောက်ခြေဌာနဝန်ထမ်းများထံသို့ ညွှန်ကြားစာများ ထုတ်ဆင့်ပေးပါရန် သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ပြည်သူလူထုကို ဝန်ဆောင်မှုပေးရသည့် ဌာနဖြစ်ပြီး ပြည်သူလူထုက မိမိဌာနသို့ လုပ်ငန်းများ လာရောက်ဝန်ဆောင်မှုရယူရာတွင် အကြိမ်ကြိမ်ချိန်းဆိုခြင်းနှင့် အချိန်ကြန့်ကြာမှု မဖြစ်ပွားစေရေးအတွက် အလေးအနက်ထားလိုက်နာ ဆောင်ရွက်ရန် ညွှန်ကြားထားပါကြောင်း၊ နိုင်ငံသားလုပ်ငန်းနှင့်ပတ်သက်၍ ကြန့်ကြာမှုမရှိစေရေးအတွက် ညွှန်ကြားထားရှိပြီး အထောက်အထားပြည့်စုံသည့် မွေးရာပါနိုင်ငံသားများကို နေ့ချင်းပြီးထုတ်ပေးရန်နှင့် လိုင်စင်ခာတ်ပုံ၊ သွေးအုပ်စုစစ်ဆေးချက် မပြည့်စုံသောသူများကို ၁၄ ရက်အတွင်း ထုတ်ပေးရန်၊ ဥပဒေအရ နိုင်ငံသားများနှင့်ပတ်သက်၍ မြို့နယ်ရုံးတွင် ခုနစ်ရက်အတွင်း အမှုတွဲပြုစုပြီး ခရိုင်ဦးစီးမှူးက ရက် ၃၀ အတွင်း လက်မှတ်ရေးထိုးရန် ညွှန်ကြားထားရှိပါကြောင်း၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများ အမှုတွဲများနှင့်ပတ်သက်၍ မြို့နယ်အဆင့်၊ ပြည်နယ်အဆင့် နိုင်ငံသားစုံစမ်းစစ်ဆေးရေးအဖွဲ့များက စိစစ်ပြီး ဦးစီးဌာန(ရုံးချုပ်)မှ ဗဟိုအဖွဲ့သို့ အဆုံးအဖြတ်ခံယူနိုင်ရေး တင်ပြဆောင်ရွက်ရပါကြောင်း။

မြို့နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူးများသည် မိခင်ဌာနလုပ်ငန်းများအပြင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် နိုင်ငံတော်က တာဝန်ပေးအပ်ထားသဖြင့် လုပ်ငန်းသဘာဝအရ ကွင်းဆင်းဆောင်ရွက်ရသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ရပါကြောင်း၊ သို့ဖြစ်၍ မြို့နယ်ဦးစီးမှူးများအနေဖြင့် မြို့နယ်ရုံးများတွင် အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိသည့်အတွက် ပြည်သူများကို ပြန်လည်ချိန်းဆိုရသည့် ဖြစ်စဉ်များလည်းရှိနိုင်ပါကြောင်း။

လုပ်ငန်းဆောင်ရွက်မှု အဆင်မပြေသဖြင့် တိုင်ကြားမှုများကို ဝန်ကြီးဌာနအနေဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေး၍ မှန်ကန်ပါက တာဝန်ရှိသူဝန်ထမ်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိသကဲ့သို့ ရှမ်းပြည်နယ်တွင် နိုင်ငံသားလုပ်ငန်းများနှင့်ပတ်သက်၍ ငွေကြေးတောင်းခံမှုဖြစ်စဉ် စစ်ဆေးပေါ်ပေါက်သဖြင့် အရာထမ်း လေးဦး၊ အမှုထမ်း ရှစ်ဦးကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့်အညီ အရေးယူခဲ့ပြီး အခကြေးငွေရယူ၍ နိုင်ငံသားလုပ်ငန်းဆောင်ရွက်ပေးသည့် ပွဲစားဦးရေ ၃၀ ကို သက်ဆိုင်ရာမြို့နယ်များတွင် ရာဇသတ်ကြီးဥပဒေအရ အရေးယူထားရှိပြီးဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့်ကိစ္စနှင့်ပတ်သက်၍ ခရိုင်ဦးစီးမှူးများ ဦးဆောင်သည့် ရှေးဦးစုံစမ်းရေးအဖွဲ့များ ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပြီး စုံစမ်းရေးအဖွဲ့များအနေဖြင့် ကျေးသီးမြို့နယ်တွင် မိမိဌာနမှ ဝန်ထမ်း နှစ်ဦး၊ နိုင်ငံသားလုပ်ငန်းဆောင်ရွက်သူ ပြည်သူ ငါးဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး တစ်ဦးနှင့် မိုင်းကိုင်မြို့နယ်တွင် မိမိဌာနမှ ဝန်ထမ်း ခြောက်ဦး၊ နိုင်ငံသားလုပ်ငန်းဆောင်ရွက်သူ ပြည်သူ လေးဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး သုံးဦးတို့ကို စစ်ဆေးခဲ့ပြီး ဖြစ်စဉ်ပေါ်ပေါက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် ငွေကြေးပေးဆောင်ရပါက နစ်နာသူက တိကျစွာတိုင်ကြားပေးမှသာလျှင် ဌာနအနေဖြင့် အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မူဆယ်မဲဆန္ဒနယ်မှ ဦးအောင်ဇော်မိုးခေါ် အောင်ဇော်မိုးထွန်း၏ **မူဆယ်မြို့ ဒေသခံများ တရုတ်နိုင်ငံ ရွှေလီမြို့သို့ ဝင်ရောက်ရန် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (BP)စာအုပ် လျင်မြန်လွယ်ကူစွာရရှိရေး ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(BP)စာအုပ်ကို နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များ၊ နယ်စပ်တွင်နေထိုင်သူများမှ သတ်မှတ်လျှောက်ထားရမည့်ပုံစံများတွင် ဖြည့်စွက်လျှောက်ထားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်၊ ခရိုင်ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသားစိစစ်ရေးကတ်၊ နိုင်ငံသားပြုခွင့်စိစစ်ရေးကတ်၊ UID ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း စသည်တို့ဖြင့် အချက်အလက်များ မှန်ကန်ခြင်းရှိ၊ မရှိ ကာယကံရှင်နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ အမည်မည်းစာရင်းနှင့် တရားခံပြေးစာရင်းတွင် ပါဝင်ခြင်းရှိ၊ မရှိတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်းစိစစ်၍ အချက်အလက်မှန်ကန်သူ တရားခံပြေးစာရင်းနှင့် အမည်မည်းစာရင်း ကင်းရှင်းသူများကို နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (BP)စာအုပ် ထုတ်ပေးခြင်းဖြစ်ပါကြောင်း။

နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (BP) စာအုပ် ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ မသမာမှုများ လုပ်ဆောင်နေကြောင်း တွေ့ရှိပါက နစ်နာတိုင်ကြားသူများအနေဖြင့် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်တို့ ပြည့်စုံစွာဖြင့် မသမာမှုဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နေရာ၊ နေ့ရက်၊ အချိန်၊ တာဝန်ကျဝန်ထမ်းအမည်တို့ကို ဖော်ပြတိုင်ကြားနိုင်ပြီး မိမိတို့ဝန်ကြီးဌာနက စိစစ်ဖော်ထုတ်၍ မှန်ကန်ပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါကြောင်း။

ကွတ်ခိုင်မြို့နယ်(တာမိုးညဲအပါအဝင်)သည် ကွတ်ခိုင်ခရိုင်အတွင်း ပါဝင်ခဲ့သောကြောင့် အဆိုပါဒေသခံများကို နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (BP) စာအုပ် ထုတ်ပေးခြင်း မရှိနိုင်တော့ကြောင်း၊ ကွတ်ခိုင်ဒေသမှ ဒေသခံပြည်သူလူထုများသည်လည်း တိုက်ပွဲဖြစ်စဉ်များကြောင့် မူဆယ်ဒေသတွင် လာရောက်နေထိုင်လျက်ရှိသဖြင့် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (BP) စာအုပ် ထုတ်ပေးပါက ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း အကြံပြုချက်နှင့်စပ်လျဉ်း၍ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်အပိုဒ် ၂၀ အရ မူဆယ်နယ်စပ်ဒေသခရိုင်အတွင်း နေထိုင်သူများကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(BP)စာအုပ် ထုတ်ပေးနေခြင်းဖြစ်သဖြင့် တိုက်ပွဲဖြစ်စဉ်များကြောင့် လုံခြုံစိတ်ချရသည့် မူဆယ်မြို့သို့ လာရောက်နေထိုင်သော ကွတ်ခိုင်မြို့နယ် (တာမိုးညဲအပါအဝင်)ဒေသမှ ဒေသခံပြည်သူများသည်လည်း သတ်မှတ်ချက်များနှင့်အညီ ကွတ်ခိုင်မှ မူဆယ်သို့ အိမ်ထောင်စုစာရင်းပြောင်းရွှေ့နေထိုင်မည်ဆိုပါက နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (BP) စာအုပ်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ပေးရန် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုးမြို့တို့တွင် အစိုးရစက်သုံးဆီခွဲဝေပေးမှု မရရှိခြင်းကြောင့် မြို့နယ်အသီးသီးသို့ စက်သုံးဆီခွဲဝေပေးမှု မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် အစဉ်တစိုက်စီမံဆောင်ရွက်ပေးလျက်ရှိပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း နယ်မြေဒေသအခြေအနေ ကောင်းမွန်တည်ငြိမ်စဉ်က အဆိုပါ စက်သုံးဆီအရောင်းဆိုင်များ တစ်ရက် 92 RON လီတာ ခြောက်သိန်းခန့်၊ 95 RON လီတာ ငါးသောင်းခွဲခန့်၊ ဒီဇယ် လီတာ သုံးသိန်းခန့်နှင့် ပရီမီယမ်ဒီဇယ် လီတာ ငါးသိန်းခွဲခန့်တို့ကို ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းမှတစ်ဆင့် ကျောက်မဲမြို့၊ သီပေါမြို့တို့ရှိ စက်သုံးဆီအရောင်းဆိုင်များအတွက် စက်သုံးဆီခွဲတမ်း(Purcahase Order–PO) နောင်ချိုမြို့၊ လားရှိုးမြို့နယ်၊ တန့်ယန်း၊ မိုင်းရယ်၊ နမ့်လန်မြို့နယ်တို့ရှိ စက်သုံးဆီအရောင်းဆိုင်များအတွက် စက်သုံးဆီခွဲတမ်း PO ကို ၂၀၂၄ ခုနှစ် ဩဂုတ်လထိ ခွင့်ပြုပေးခဲ့ပြီး နောက်ပိုင်း နယ်မြေဒေသအခြေအနေအရ ယာယီရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ လက်ရှိအချိန်ထိ လမ်းခရီးတွင် အဆင့်ဆင့်ခွင့်ပြုချက်များ ရယူသွားလာနေရပြီး စက်သုံးဆီသယ်ယူမှုအဆင်ပြေချောမွေ့မှု မရှိသေးသည့်အခြေအနေဖြစ်ကြောင်း သုံးသပ်ရပါသဖြင့် စက်သုံးဆီခွဲတမ်းကို ဆက်လက်ယာယီရပ်ဆိုင်းထားခဲ့ပါကြောင်း။

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်ပတ်သက်၍ နယ်မြေဒေသအခြေအနေနှင့် စက်သုံးဆီများ သယ်ဆောင်မည့် လမ်းခရီးအခြေအနေတို့ အဆင်ပြေချောမွေ့ကောင်းမွန်ခြင်းရှိ၊ မရှိ စဉ်ဆက်မပြတ်စောင့်ကြည့်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အရန်စက်သုံးဆီ အလုံအလောက်ရှိနေခြင်းကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့များသို့ စက်သုံးဆီဖြန့်ဖြူးပေးပို့နိုင်ရန် အခက်အခဲမရှိသော်လည်း စက်သုံးဆီများကို မသက်ဆိုင်သည့် အဖွဲ့အစည်းများသို့ မရောက်ရှိအောင် ထိန်းသိမ်းကြပ်မတ်ရန်အတွက်မူ များစွာခက်ခဲလှပါကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များအတွက် နယ်မြေဒေသတည်ငြိမ်မှုရှိပြီး စက်သုံးဆီများ သယ်ယူပို့ဆောင်မည့် လမ်းခရီးအဆင်ပြေချောမွေ့ ကောင်းမွန်ချိန်တွင် စက်သုံးဆီခွဲတမ်း ပြန်လည်ခွင့်ပြုပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကမာရွတ်မဲဆန္ဒနယ်မှ ဦးကိုကိုသင်း၏ **စက်သုံးဆီပြတ်လပ်မှု မရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ခိုင်မာသောမဟာဗျူဟာမြောက် အရန်ဆီ သိုလှောင်မှုစနစ် (Strategic Petroleum Reserve) ဖော်ဆောင်ရန်နှင့် တင်သွင်းဖြန့်ဖြူးမှုကွင်းဆက်ကို စနစ်တကျထိန်းကျောင်းပေးနိုင်သည့် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက မြန်မာနိုင်ငံ၏ စက်သုံးဆီအရင်းအမြစ်သည် တင်သွင်းမှုအခြေခံစနစ်ဖြစ်ပြီး လက်ရှိတွင် စက်သုံးဆီတင်သွင်းမှုကို စင်ကာပူ Source တစ်ခုတည်းကို Trading Hub အဖြစ် မှီတည်နေရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် "နိုင်ငံတော်၏ စွမ်းအင်လုံခြုံရေးအတွက် မတူညီသည့်အရင်းအမြစ်၊ လမ်းကြောင်းများမှ စွမ်းအင်တင်သွင်းမှုနည်းလမ်းများကို အကောင်အထည်ဖော်ရန်နှင့် ကမ္ဘာ့နိုင်ငံများနှင့် စွမ်းအင်ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန်" ဆိုသည့်မူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် စက်သုံးဆီတင်သွင်းမှုပြတ်လပ်ခြင်း မဖြစ်စေရန်နှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်တို့အတွက် အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် Long-term Supply Agreement များ ချုပ်ဆိုနိုင်ရေးကိုလည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

Supply Chain တစ်လျှောက် မလိုအပ်သောကုန်ကျစရိတ်များ လျှော့ချနိုင်ရေးနှင့် စက်သုံးဆီတင်သွင်းရေးလုပ်ငန်းစဉ်အတွင်း စနစ်တကျစီမံဆောင်ရွက်နိုင်ရေးတို့အတွက် သိုလှောင်ကန်များတွင် ATG (Automatic Tank Gauge)စနစ်၊ ဆီတင်ကား GPS စနစ်၊ လက်လီအရောင်းဆိုင်များတွင် QR Code စနစ်ဖြင့် Real Time Monitoring စောင့်ကြည့်ခြင်းများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း စွမ်းအင်ဖူလုံမှုရှိစေရေးအတွက် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများသင့်တင့်မျှတသည့် တန်ဖိုးနှုန်းထားဖြင့် အသုံးပြုခွင့်ရရှိစေရေး၊ စက်သုံးဆီပြတ်လပ်မှုမရှိစေရေးနှင့် ဖူလုံမှုရှိစေရေးအတွက် စက်သုံးဆီ ဖြန့်ဖြူးမှုကွင်းဆက်တစ်လျှောက် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လဲချားမဲဆန္ဒနယ်မှ စိုင်းစိန်ဝင်း၏ **ဒေသဆရာဝန်များပေါ်ထွန်းရန် ခရိုင်၊ မြို့နယ်အလိုက် ခွဲတမ်းဖြင့် ဆေးကျောင်းတက်နိုင်မည့် အခွင့်အလမ်းဖွင့်ပေးရန် မူဝါဒရေးဆွဲပေးရေး အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်ကထုတ်ပြန်ထားသည့် ဒေသစရိတ်ခံစားခွင့်ရှိပြီး သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခု (နာဂ၊ ဓနုပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ "ဝ" )တို့ရှိ စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများကို **စာမျက်နှာ ၂၄ သို့**

# တတိယအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၂၅**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၃ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) စိုင်းဝင်းခိုင်၏ **ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့တွင် ၂၅ ခုတင်ဆံ့ဆေးရုံမှ ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ၂၅ ခုတင်ဆံ့ တန့်ယန်းမြို့နယ် ပြည်သူ့ဆေးရုံ၏ သုံးနှစ်တာကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် တစ်နေ့ပျမ်းမျှ အတွင်းလူနာ ၂၄ ဦးဖြစ်ပြီး ဆေးရုံခွင့်ပြု ခုတင်အသုံးပြုမှုသည် သုံးနှစ်စာ ပျမ်းမျှ ၉၇ ရာခိုင်နှုန်းဖြစ်သည့်အတွက် ဦးစားပေးမှုအရ ခုတင်အဆင့်မြှင့်တင်ရန် လိုအပ်ချက်ရှိနေပါသော်လည်း လတ်တလော ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ်တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ ဆေးရုံခုတင်အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်မပေးနိုင်သေးသော်လည်း ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်ရန်အတွက် ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ လူနာခုတင်၊ မွေ့ရာ၊ Bed Side Locker အပါ ၁၀ စုံကို ၂၀၂၆ ခုနှစ် မေလအတွင်း ပို့ဆောင်ခဲ့ပြီး ယခုလအတွင်း နောက်ထပ် ၁၀ စုံကို ပေးပို့မည်ဖြစ်ပါကြောင်း၊ ခွဲစိတ်ခန်းသုံးပစ္စည်းများဖြစ်သည့် Operation Table တစ်ခု၊ Patient Monitor နှစ်ခု၊ Suction Machine နှစ်ခု၊ Spot Lamp တစ်ခု၊ ECG Machine တစ်ခုနှင့် Syringe Pump နှစ်ခုတို့ကိုလည်း ယခုလအတွင်း ပို့ဆောင်ပေးပြီးဖြစ်ပါကြောင်း၊ ထို့ပြင် Infant Incubaton Digital Blood Pressure Cuff၊ portable Ultra Sound၊ Drip Stand များလည်း ခွင့်ပြုပေးထားပြီး ဆက်လက်ပေးပို့သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။




မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်လှထွေး၏ **မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ်ရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေနံချောင်းမြို့တွင် ရေကြောင်း ဆက်သွယ်ရေးဆိပ်ကမ်းများ ပြန်လည်ဖွဲ့စည်းထားရှိပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ဧရာဝတီမြစ်ရေလမ်းကောင်းမွန်ရေး ပင်မစီမံချက်အရ ရေနံချောင်းမြို့သို့ ဧရာဝတီမြစ်၏ ပင်မရေလမ်းကြောင်း မစီးဆင်းနိုင်သည့်အတွက်လည်းကောင်း၊ ရေနံချောင်းမြို့၏ အထက်ဘက် ငါးမိုင်ခန့်အကွာရှိပင်းချောင်း၏ သဲနုန်းပို့ချမှုကြောင့် ရေနံချောင်းမြို့ရှေ့တွင် မြေနုကျွန်းအဖြစ် တည်ရှိနေသည့်အတွက်လည်းကောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ရေလမ်းအခြေအနေအရလည်းကောင်း ရေနံချောင်းမြို့တွင် ရေကြောင်းဆက်သွယ်ရေးဆိပ်ကမ်းအဖြစ် ဆောင်ရွက်၍ မရနိုင်ပါကြောင်းနှင့် လက်ရှိအချိန်တွင် ပုဂ္ဂလိကရေယာဉ်များနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များ ဆိုက်ကပ်အသုံးပြုလျက်ရှိသည့် ရေနံချောင်းမြို့ အောက်ဘက် ခုနစ်မိုင်ခန့်အကွာရှိ ရုံးဆိပ်ဆိပ်ကမ်းတွင် ရေကြောင်းဆက်သွယ်ရေး **စာမျက်နှာ ၂၅ သို့**

**စာမျက်နှာ ၂၃ မှအဆက်**

အထူးကိစ္စရပ်အနေဖြင့် ဆေးတက္ကသိုလ်များသို့ တက်ရောက်ခွင့်ပြုနိုင်ရေးအတွက် နိုင်ငံပိုင်သတင်းစာများနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနတို့၏ Website တို့တွင် နှစ်စဉ်ကြော်ငြာထည့်သွင်းပြီး လျှောက်လွှာခေါ်ယူခဲ့ပါကြောင်း။

ဒေသအလိုက် ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူများအနက်မှ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများကို နှစ်စဉ်ဆေးတက္ကသိုလ်များ၏ မူလပုံမှန်ဝင်ခွင့်ပြုအနိမ့်ဆုံးရမှတ်အောက် လျှော့ပေါ့ပြီး တက်ရောက်ခွင့်ပြုခဲ့သည့်အနက် ၁၀၀ ကျော် ဆေးပညာဘွဲ့ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနက ဒေသဆရာဝန်များ ပေါ်ထွန်းရန်အတွက် ခရိုင်၊ မြို့နယ်အလိုက် ခွဲတမ်းသတ်မှတ်၍ မရဘဲ ဒေသအလိုက် လျှောက်ထားမှု၊ တက်ရောက်ခွင့်ရရှိခဲ့မှု၊ တာဝန်ထမ်းဆောင်မှု၊ လက်ထောက်ဆရာဝန် လစ်လပ်မှု အပေါ်မူတည်ပြီး ဝေးလံခက်ခဲဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများကို မူလပုံမှန်ဝင်ခွင့်ပြုအနိမ့်ဆုံးရမှတ်အောက် လျှော့ပေါ့ပြီး ဆေးတက္ကသိုလ် တက်ရောက်ခွင့်ပြုရေးစီစဉ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၏ **Grade 11 ENGLISH TEXT-BOOK Unit 6 TRAVEL IN SOUTHEAST ASIA II 6 A Reading "Myanmar" Page 59 တွင် ဖော်ပြထားသည့် "old pagodas" အစား "ancient monuments"ဟု ပြင်ဆင်သင်ကြားပေးရန် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က မေးခွန်းနှင့်စပ်လျဉ်း၍ သရုပ်ခွဲကြည့်ရာ ဝေါဟာရအသုံးအနှုန်းနှင့် အရေအတွက်ဆိုပြီး နှစ်ပိုင်းတွေ့ရှိရပါကြောင်း၊ ဝေါဟာရအသုံးအနှုန်းအနေနှင့် မြန်မာစာအဖွဲ့က ထုတ်ဝေသည့် အင်္ဂလိပ်-မြန်မာ အဘိဓာန်တွင် Pagodas ကို "စေတီပုထိုးများ" ဟုလည်းကောင်း၊ Monuments ကို "အထိမ်းအမှတ်အဆောက်အအုံ၊ မော်ကွန်းတိုင်၊ ရုပ်တု၊ ထိန်းသိမ်းစောင့်ရှောက်ထားသော သမိုင်းဝင်အဆောက်အအုံ ထင်ရှားသော သာဓကဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း၊ ၂၀၂၆ ခုနှစ်တွင် ထုတ်ဝေသည့် Oxford Advanded learns Dictionary (11th edition)တွင် Pagoda ကို temple ဟု define လုပ်ထားပါကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ယူနက်စကို ကမ္ဘာ့အမွေအနှစ်စင်တာသို့ တင်ပြသော ကမ္ဘာ့အမွေအနှစ်အဆိုပြုလွှာစာတွဲ၌ "Bagan includes 3595 surviving monuments" ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပညာရေးဝန်ကြီးဌာနသို့ ပြန်ကြားစာတွင် ၂၀၁၈ ခုနှစ် ကမ္ဘာ့အမွေအနှစ်စင်တာသို့ တင်ပြခဲ့သည့် ရှေးဟောင်းအဆောက်အအုံ (Monuments) တင်ပြထားပါကြောင်း။

သင်ရိုးညွှန်းတမ်း ပြုစုရာတွင် သုတေသနစာတမ်းအနေဖြင့် မဟုတ်ဘဲ သင်ကြားရေးရှုထောင့်အနေဖြင့် ရေးသားပြုစုကြပါကြောင်း၊ ရှေးယခင် ကျောင်းသင်ခန်းစာများတွင် "လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်း"ဆိုပြီး "ဘုရား"ဟု သုံးနှုန်းသင်ကြားခဲ့ပါကြောင်း၊ Grade-11 Textbook ပြုစုစဉ်ကလည်း ဘာသာရပ်ပါမောက္ခကြီးများက သင်ကြားရေးရှုထောင့်ဖြင့် old pagodas ဟု သုံးနှုန်းပြုစုခဲ့ခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိသင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်တည်းဖြတ်လျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်၏ ယခုအကြံပြုချက်ကို အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီနှင့် ဘာသာရပ်သင်ကြားရေးအဖွဲ့ ပညာရှင်ပါမောက္ခကြီးများက အလေးအနက်ထားကာ ခိုင်လုံသော ဝေါဟာရအသုံးအနှုန်းနှင့် အရေအတွက်ကို လိုအပ်သလိုစိစစ် တည်းဖြတ်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၏ **စစ်ကိုင်းမြို့နယ်ရှိ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်စာသင်ကျောင်းများ၌ ပညာရေးဝန်ကြီးဌာနက သတ်မှတ်စံနှုန်းများဖြင့် များစွာကွဲပြားနေကြောင်း တွေ့ရှိရသဖြင့် နိုင်ငံတော်က စီမံကြပ်မတ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အမျိုးသားသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ပုဂ္ဂလိကအခြေခံပညာအထက်တန်း၊ အလယ်တန်း၊ အခြေခံပညာမူလတန်းကျောင်း ၉၇ ကျောင်း ဖွင့်လှစ်ခွင့်ရရှိခဲ့ပါကြောင်း၊ ပုဂ္ဂလိကကျောင်းများတွင် အတန်းကျော်အပ်နှံခြင်း၊ ကျောင်းသားများ အမှန်တကယ်ကျောင်းတက်ရောက်ခြင်းမရှိဘဲ အမည်စာရင်းသာသွင်းထားခြင်း၊ ကျောင်းသားဝင်ဆံ့အင်အားထက် ပိုမိုလက်ခံထားခြင်း စသည့်အခြေအနေများ ဖြစ်ပွားခဲ့သည့်အတွက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ထိုသို့သောပြဿနာများ မဖြစ်ပေါ်စေရေးအတွက် ပညာရေးဝန်ကြီးဌာနက စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကကျောင်းများတွင် သင်ကြားသင်ယူမှုလုပ်ငန်းများ စနစ်တကျနှင့် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သာသနာရေး ဝန်ကြီးဌာနသည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို အဆောက်အအုံနှင့် ကျောင်းသုံးပရိဘောဂပြည့်စုံပြီး အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမ အင်အားရှိ၍ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်သော ကျောင်းဖြစ်ကြောင်း အဆင့်ဆင့်ထောက်ခံတင်ပြမှသာ ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ ဆရာ၊ ကျောင်းသားစာရင်းများ မှန်ကန်မှုရှိစေရေး၊ ခွင့်ပြုအတန်းအဆင့်ထက်ကျော်လွန်သင်ကြားမှု မရှိစေရေးအတွက်ကို လစဉ်စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်ကြားရေး၊ သင်ယူမှုလုပ်ငန်းစဉ်များကို ချမှတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်လမ်းညွှန်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ကျောင်းသားဝင်ဆံ့ဦးရေအရ ကျောင်းအပ်လက်ခံဆောင်ရွက်ရေး၊ စာသင်ခန်း၊ စာသင်ခုံနှင့် ဆရာအင်အားပြည့်စုံလုံလောက်မှုရှိစေရေး စိစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီအောင် အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **အုတ်တွင်းမြို့နယ် အ.ထ.က(အုတ်တွင်း) ကျောင်းမှ လေးခန်းတွဲ သုံးထပ်ကျောင်းဆောင်၊ ဇီးဖြူသောင်အုပ်စု ပဲကြီးကုန်းကျေးရွာ(အခြေခံပညာအလယ်တန်းကျောင်းခွဲ)ရှိ တစ်ထပ်ကျောင်းဆောင်နှင့် ဘန့်ဘွေးပင်ကျေးရွာ မူလွန်ကျောင်း တစ်ထပ်ကျောင်းဆောင်တို့ကို တာဝန်ယူတည်ဆောက်ခဲ့သည့် တင်ဒါအောင်ကုမ္ပဏီတို့က ရပ်တန့်ထားသော လုပ်ငန်းဆောင်ရွက်မှုတို့ကို မည်သည့်အချိန်တွင် ပြန်လည်စတင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အုတ်တွင်းမြို့နယ်အတွင်းရှိ အ.ထ.က (အုတ်တွင်း) RCC သုံးထပ်ကျောင်းဆောင်ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေကျပ် ၆၁၅ ဒသမ ၂၃၉ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး မြေပြင်ပြီးစီးမှုရာခိုင်နှုန်းမှာ ၄၅ ရာခိုင်နှုန်းသာပြီးစီးပြီး ၅၅ ရာခိုင်နှုန်း ဆောင်ရွက်ရန် ကျန်ရှိနေပါကြောင်း၊ အလက(ခွဲ) ပဲကြီးကုန်းတွင် ပေ ၆၀ x ၃၀ တစ်ထပ်ကျောင်းဆောင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေကျပ် ၃၅ ဒသမ ၈၂၀ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး မြေပြင်ပြီးစီးမှုရာခိုင်နှုန်းမှာ ၅၀ ရာခိုင်နှုန်းသာပြီးစီးပြီး ၅၀ ရာခိုင်နှုန်းဆောင်ရွက်ရန် ကျန်ရှိနေပါကြောင်း၊ မူလွန်ဘန့်ဘွေးပင်တွင် တစ်ထပ်ကျောင်းဆောင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေကျပ် ၅၃ ဒသမ ၇၈၀ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး မြေပြင်ပြီးစီးမှုရာခိုင်နှုန်းမှာ ၅၀ ရာခိုင်နှုန်းသာ ပြီးစီးပြီး ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ရန် ကျန်ရှိနေကြောင်း စိစစ်တွေ့ရှိရပါကြောင်း၊ အဆိုပါလုပ်ငန်း သုံးခုသည် ကုမ္ပဏီ၏အားနည်းချက်ကြောင့် လုပ်ငန်းများပြန်လည်အပ်နှံရခြင်းဖြစ်ပါသဖြင့် စာချုပ်ပါစည်းကမ်းနှင့်အညီ လုပ်ငန်းအာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူပြီး လုပ်ငန်းလုပ်ပိုင်ခွင့် ရပ်ဆိုင်းထားပြီးဖြစ်ပါကြောင်း။

ယခုကဲ့သို့ မပြီးပြတ်သေးသည့်လုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိဒေသပေါက်ဈေးနှုန်းများအရ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သတ်မှတ် PAE နှုန်းထားများနှင့်အညီ စီမံကိန်းတန်ဖိုးပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ပြီး စီမံကိန်းတန်ဖိုးပြောင်းလဲဆောင်ရွက်ရာတွင် နိုင်ငံပိုင်ကဏ္ဍ ငွေလုံးငွေရင်းစရိတ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းသို့မဟုတ် လုပ်ငန်းစီမံကိန်းများ၏ ခန့်မှန်းစီမံကိန်းတန်ဖိုးပြောင်းလဲခြင်းနှင့်စပ်လျဉ်းပြီး အမိန့်ကြော်ငြာစာအရ အမျိုးသားစီမံကိန်းဥပဒေတွင် ထည့်သွင်းအတည်ပြုနိုင်ရန် နောက်ဆုံးထားတင်ပြခြင်းများ ဆောင်ရွက်ရပါကြောင်း။

သို့ဖြစ်ပါ၍ အုတ်တွင်းမြို့နယ်မှ မပြီးပြတ်သေးသော လုပ်ငန်း သုံးခုကို မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိကိုစိစစ်ဆောင်ရွက်ပြီး စီမံကိန်းတန်ဖိုးပြောင်းလဲဆောင်ရွက်ခွင့် ရရှိသည့်အခါ သက်ဆိုင်ရာဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေမှ ခွင့်ပြုနိုင်ရေး လျာထားတင်ပြခြင်းများကိုဆောင်ရွက်၍ အပြီးသတ်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဇွန် ၂၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၂၄ မှအဆက်**

ဆိပ်ကမ်းအဖြစ် ဖွံ့စည်းဆောင်ရွက်အသုံးပြုလျက်ရှိပါကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးချစ်ဆွေ၏ **စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုကွင်းဆက်များ စနစ်တကျအကောင်အထည်ဖော်နိုင်ရန်အတွက် သင့်လျော်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနပြုရေးစင်တာများ ဖွင့်လှစ်သွားရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုကွင်းဆက်များ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ပြည်နယ်များတွင် ဒေသဖွံ့ဖြိုးရေးနှင့် သုတေသနပြုစင်တာများကို စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနတို့မှ ကျွမ်းကျင်ပညာရှင်အရာထမ်း၊ အမှုထမ်းများဖြင့် ဘာသာရပ်ဆိုင်ရာ သုတေသနပြုလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

"မွေးမြူရေးသုတေသနဦးစီးဌာန ဖွဲ့စည်းဆောင်ရွက်ရေးကို အမြန်ဆုံးဆောင်ရွက်သွားရန်လိုအပ်ကြောင်း" လမ်းညွှန်မှာကြားချက်အရ မွေးမြူရေးသုတေသနဦးစီးဌာနကို ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်ဖွင့်လှစ်ပြီး သုတေသနစခန်း ၁၄ ခု ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် စိုက်ပျိုးမွေးမြူရေး သုတေသနပညာရှင်များ စဉ်ဆက်မပြတ် လေ့ကျင့်ပေးနိုင်ခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ခြင်း၊ ထုတ်ကုန်များ ပိုမိုတိုးတက်ဖြစ်ထွန်းစေပြီး တောင်သူလယ်သမားများ ဝင်ငွေပိုမိုတိုးတက်မြင့်မားလာစေခြင်း၊ ရေမြေဒေသနှင့်ကိုက်ညီသည့် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမျိုးသစ်များ၊ မျိုးသန့်မျိုးစေ့များ တိုးချဲ့စိုက်ပျိုးမွေးမြူလာနိုင်စေခြင်း၊ အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ချက်များ ရေးဆွဲနိုင်ခြင်း၊ မျိုးရိုးဗီဇအရင်းအမြစ်များ ထိန်းသိမ်းနိုင်ခြင်း စသည့် သုတေသနအကျိုးကျေးဇူးများ ရရှိလျက်ရှိပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနပြုရေးစင်တာ (Regional Development and Research Center-RDRC) များ၏ ရည်ရွယ်ချက်၊ လုပ်ငန်းဆောင်ရွက်များနှင့်တူညီသည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနနှင့် နည်းပညာဖြန့်ဖြူးရေးဌာန၊ ခြံများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖွင့်လှစ်ကာ ဝန်ကြီးဌာနရှိ စိုက်ပျိုးမွေးမြူရေးလူငယ်ပညာရှင်များ၊ ဒေသခံတောင်သူလယ်သမားများပူးပေါင်း၍ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနပြုရေးစင်တာ ( Regional Development and Research Center-RDRC) ဖွင့်လှစ်ဆောင်ရွက်သွားရေးနှင့်ပတ်သက်၍ ကျွမ်းကျင်သူများ၊ ပညာရှင်များအပါအဝင် Stakeholers များက ဆန်းစစ်လေ့လာပြီးမှ ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးအောင်ကျော်မင်း၏ **တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးသွင်းအားစုများ၊ နည်းပညာပံ့ပိုးမှုများနှင့် စွမ်းအင်လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက တောင်သူများ လိုအပ်သည့် သွင်းအားစုများနှင့် ထွက်ရှိသည့် သီးနှံလဲလှယ်မှုအစီအစဉ်ကို ငွေကျပ်ဘီလီယံ ၂၃၀ နှင့် နွေစပါး၊ မိုးစပါးသီးနှံများအတွက်လည်းကောင်း၊ ငွေကျပ် ၅၆ ဒသမ ၃၁ ဘီလီယံနှင့် ဆီထွက်သီးနှံများအတွက် လည်းကောင်း၊ အရင်းမပျောက်မတည်ရန်ပုံငွေပုံစံဖြင့် ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်ထားရှိမှုအနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်ထိ နွေစပါး၊ မိုးစပါး အစီအစဉ်တွင် ကျပ် ၁၀၃၄ ဒသမ ၄၆၁ ဘီလီယံသုံးစွဲ၍ ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ)အစီအစဉ်မှာ ၂၀၂၃-၂၀၂၄ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်ထိ ကျပ် ၁၆၇ ဒသမ ၅၄၉ ဘီလီယံသုံးစွဲခဲ့ပြီး ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအစီအစဉ် ဆောင်ရွက်နေမှုကို လွှတ်တော်ကိုယ်စားလှယ်များ၊ Stake-holers များနှင့်ပေါင်းစပ်ပြီး ကျယ်ပြန့်စွာ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်းရှိ ဓာတ်မြေဩဇာစက်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရေးနှင့် ပုဂ္ဂလိကကဏ္ဍမှ သဘာဝဓာတ်မြေဩဇာနှင့် ဇီဝမြေဩဇာစက်ရုံများ တည်ထောင်ရာတွင် ရင်းနှီးမြှုပ်နှံမှုအထူးအခွင့်အရေးနှင့် နည်းပညာပံ့ပိုးမှုများ ပေးအပ်သွားရန်နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ)နှင့် အမှတ်(၅) ဓာတ်မြေဩဇာ(ကန်ကြီးထောင့်)တို့သည် စက်စွမ်းအားတစ်ရက်လျှင် တန် ၅၀၀ ရှိသော်လည်း လက်ရှိစက်ရုံသက်တမ်း ၁၅ နှစ်ကျော်လာပြီဖြစ်သည့်အတွက် တစ်ရက်လျှင်တန် ၃၀၀ နှုန်းစီဖြင့် နှစ်စဉ် ယူရီးယားဓာတ်မြေဩဇာတန်ချိန်ပေါင်း ၅၀၀၀၀ မှ ၈၀၀၀၀ ခန့်ထိ ထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ သဘာဝမြေဩဇာနှင့် ဇီဝမြေဩဇာထုပ်လုပ်မှုအနေဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သဘာဝမြေဩဇာစက်ရုံ ၃၁၈ ရုံမှ သဘာဝမြေဩဇာ ၁၂၇၈၈၂ တန်ခန့်၊ ဇီဝမြေဩဇာစက်ရုံ ၁၂ ရုံမှ ဇီဝမြေဩဇာတန်ချိန် ၂၃၆၅ တန်ခန့်၊ Gypsum သဘာဝမြေဩဇာ ၂၈၀၄၈ တန်ခန့်တို့ ထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၅၊ ပုဒ်မ ၇၇ နှင့် ပုဒ်မ ၇၈ တို့အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်၊ သက်သာခွင့်များ စသည့် အခွင့်အရေးများကို ခံစားရရှိနိုင်မည်ဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် မြေအသုံးချမှုအတွက် ဥပဒေနှင့်အညီ ခွင့်ပြုကူညီနိုင်ပြီး နည်းပညာလိုအပ်ပါက ပံ့ပိုးကူညီရန် ပညာရှင်များ အသင့်ရှိပါကြောင်း။

ဈေးကွက်အတွင်းရှိ မြေဩဇာနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးဆေးဝါးများ အရည်အသွေးပြည့်မီစေရန် ရွေ့လျားဓာတ်ခွဲခန်းများ(Mobile Lab)ဖြင့် ကွင်းဆင်းစစ်ဆေးပေးရန်နှင့် တောင်သူများ မြေဩဇာနှင့် ဆေးဝါးများကို အကျိုးရှိရှိသုံးစွဲနိုင်ရန်အတွက် မြို့နယ်အဆင့်ဌာနများတွင် မြေဆီလွှာစစ်ဆေးပေးခြင်း(Soil Testing) နှင့် ပိုးမွှားရောဂါဆိုင်ရာ အကြံပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့မှ ပညာရှင်များပါဝင်သည့် ကွင်းဆင်းပညာပေးရေးအဖွဲ့များသည် လိုအပ်ချက်နှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်များအရောက် နည်းပညာဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာန Call Center မှ မေးခွန်းများဖြေကြားပေးခြင်း၊ Mobile Application ငါးခုဖြင့် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးဦးစီးဌာန အင်တာနက်စာမျက်နှာမှ နည်းပညာဖြန့်ဖြူးပေးခြင်း၊ အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ပေါင်းစပ်၍ တောင်သူကြီး AI (Version 1 Beta) အနေဖြင့် စတင်ဆောင်ရွက်လျက်ရှိပြီး မြေဆီလွှာစစ်ဆေးပေးခြင်း(Soil Testing)နှင့် ပိုးမွှားရောဂါဆိုင်ရာအကြံပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အသေးစားနှင့် အလတ်စား ဆိုလာစွမ်းအင်သုံးရေတင်စနစ်(Solar Irrigation System)များ တည်ဆောက်ပေးရန် သို့မဟုတ် ဆိုလာရေတင်စနစ် တပ်ဆင်လိုသော တောင်သူများအတွက် အရည်အသွေးမီဆိုလာရေတင်စနစ်များကို အရစ်ကျသို့မဟုတ် သက်သာသောအတိုးနှုန်းနှင့် နှစ်ရှည်ချေးငွေဖြင့် ရောင်းချပေးရန်နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်စ၍ နှစ်စဉ် ပြည်ထောင်စု (ငွေလုံးငွေရင်း)ရန်ပုံငွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရန်ပုံငွေများဖြင့် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ၁၄ ခု၊ လျှပ်စစ်+ဆိုလာစနစ်ဖြင့် လုပ်ငန်းပေါင်း ၄၂ ခု ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုရှိ တောင်သူတစ်ဦးချင်းအတွက် ဆိုလာစက်ရေတွင်း ၃၇၄ တွင်းနှင့် ဘတ်ဂျက်ငွေဖြင့် ဆိုလာရေတင် ခြောက်ခုဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့်လည်း တိုင်းဒေသကြီး၊ ပြည်နယ် ၁၂ ခုရှိ မြို့နယ် ၉၁ မြို့နယ် ကျေးရွာ ၃၁၇ ရွာအတွက် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းပေါင်း ၅၄၀ ဆောင်ရွက်ပေးခဲ့ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှ ဆိုလာရေတင်စနစ်ဖြင့် လုပ်ငန်း ၅၀၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရန်ပုံငွေများမှ လုပ်ငန်း ၄၁ ခုကို ဆောင်ရွက်သွားရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရန်ပုံငွေခွင့်ပြုချက်အရ တိုင်းဒေသကြီး၊ ပြည်နယ် ကိုးခုတွင် ဆိုလာစနစ်ရေတင်စီမံကိန်း ၄၃ ခု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တောင်သူများအနေဖြင့် အရည်အသွေးမီ ဆိုလာရေတင်စနစ်များကို ဝယ်ယူလိုသည့် ကုမ္ပဏီ၊ လုပ်ငန်းရှင်၊ အရောင်းဆိုင်များမှ အရစ်ကျစနစ်ဖြင့် သက်သာသောအတိုးနှုန်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ချေးငွေ)မှ စီစဉ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဘဏ်များ၊ ငွေကြေး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ပေးအပ်ခံရသည့် တပ်မတော်သားကိုယ်စားလှယ်ဗိုလ်မှူးကြီး စိုးမြင့်အောင်က ဘဏ်များ၊ ငွေကြေး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဘဏ်များ၊ ငွေကြေး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်းနှင့် အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဒေါ်အေးချမ်းမုံတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် ဘဏ်များ၊ ငွေကြေး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တာဝန်ပေးအပ်ခံရသည့် တပ်မတော်သားကိုယ်စားလှယ်ဗိုလ်မှူးကြီး ဆန်းသွင်က ပို့ဆောင်ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပို့ဆောင်ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဦးခင်မောင်တင့်နှင့် အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်နီနီမာတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် ပို့ဆောင်ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တာဝန်ပေးအပ်ခံရသည့် တပ်မတော်သားကိုယ်စားလှယ်ဗိုလ်မှူးချုပ် အောင်အောင်က တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကော်မတီ၌ ကော်မတီဥက္ကဋ္ဌအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်အောင်နှင့် အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်ဇော်မြင့်တို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ တက္ကသိုလ်အသီးသီးတွင် ဘွဲ့၊ ဒီဂရီရရှိခဲ့သည့် လူငယ်များကို နိုင်ငံတော်ဝန်ကြီးဌာနအသီးသီးက အလုပ်ခန့်အပ်ပေးရန်အတွက် အရည်အချင်းသတ်မှတ်ချက်များနှင့်တကွ အလုပ်လျှောက်ထားရန် ခေါ်ယူခြင်းကိစ္စအပေါ် နိုင်ငံတော်နှင့် လူငယ်များ၏ အနာဂတ်အတွက် ဖြေလျှော့စဉ်းစားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးရန်နိုင်ဦးက တင်သွင်းရာတွင် အစိုးရဝန်ကြီးဌာနများတွင် အလုပ်လျှောက်ထားကြရာ၌ သာမန်အားဖြင့် လျှောက်ထားသူအများစုသည် ကိုဗစ်ကာလနှင့် အခြေအနေအရပ်ရပ်ကြောင့် ကျောင်းနှင့် တက္ကသိုလ်များ၏ ပညာသင်ကြားမှုများ ရပ်ဆိုင်းခဲ့ရသဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် မလိုအပ်ဘဲ အသက်အရွယ် တစ်နှစ်၊ နှစ်နှစ်ခန့် ပိုမိုကြီးရင့်ခဲ့ရပါကြောင်း၊ ဘွဲ့ရလူငယ်များသည် အစိုးရဝန်ကြီးဌာနအသီးသီးက အလုပ်နေရာများ ခေါ်ယူသည့်အခါတွင် သာမန်ထက် အသက် တစ်နှစ်၊ နှစ်နှစ်ခန့် ပိုမိုကြီးရင့်နေပြီး သတ်မှတ်ချက်ထက် အသက်ကျော်လွန်နေခဲ့ကြပါကြောင်း။

အစိုးရဝန်ကြီးဌာနများတွင် အသက်အရွယ် အနည်းငယ်ကြီးရင့်မှုကြောင့် အစိုးရဝန်ထမ်းဖြစ်ခွင့်မရတော့ဘဲ ဘဝအတွက် မရေရာသည့်ကြုံရာကျရာအလုပ်များကိုသာ ဝင်ရောက်လုပ်ကိုင်ကြရသောကြောင့် နိုင်ငံတော်အတွက် ပညာတတ်လူငယ်များစွာ လေလွင့်ဆုံးရှုံးပြီး ပြင်ပလမ်းမှားသို့ ရောက်ရှိခဲ့ရသည့်အခြေအနေများနှင့်လည်း ကြုံတွေ့ကြရပါကြောင်း၊ မိမိနိုင်ငံတော်အစိုးရအဖွဲ့ကို ယုံကြည်သက်ဝင်အားကိုး၍ အစိုးရဝန်ထမ်းဆိုသည့် အစိုးရဌာနဆိုင်ရာ ထီးရိပ်တွင် အလုပ်လုပ်ချင်သည့်စိတ်ဓာတ်ဖြင့် ခံယူရောက်ရှိလာကြသည့် ဘွဲ့ရပညာတတ်လူငယ်များသည် နိုင်ငံတော်အတွက် အရေးကြီးပြီး အသက်အရွယ်ကြီးရင့်မှုကို အကြောင်းပြု၍ လမ်းလွဲလမ်းမှားခြင်းများနှင့် ကြုံတွေ့ရမည်ဆိုပါက ပညာတတ်လူငယ်များ သာမက နိုင်ငံတော်အတွက်ပါ များစွာနစ်နာရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် လူငယ်များ၏ ရေရှည်အကျိုးကို ရည်မှန်းလျက် ဘွဲ့ရပညာတတ်လူငယ်များအတွက် အသက်ကန့်သတ်ချက်များကို လျှော့ပေါ့စဉ်းစားပေးခြင်းဖြင့် အလုပ်ခန့်ထားပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဦးအေးပိုင်က ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုကို လွှတ်တော်က ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက်တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဇွန် ၂၉ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့သို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေထံမှ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအများစုသည် မူးယစ်ဆေးဝါးပြဿနာကို ကာလ ရှည်ကြာစွာဖြေရှင်းနေရလျက်ရှိပါသည်။ မူးယစ်ဆေးဝါးပြဿနာ၏ နောက်ဆက်တွဲပြဿနာများကြောင့် နိုင်ငံအသီးသီးတွင် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးတို့ကို များစွာထိခိုက်စေလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုပြဿနာနှင့် လူလုပ် မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သုံးစွဲမှု၊ သယ်ဆောင်ရောင်းဝယ်မှုစသည့် ပြဿနာများကို ရင်ဆိုင်ဖြေရှင်းနေရလျက်ရှိပါသည်။ ထိုပြဿနာများ ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ဗဟိုအဖွဲ့က ချမှတ်ထား သောမူဝါဒများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ကိုဖွဲ့စည်းပြီး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပြဿနာကို ဦးစားပေးဖြေရှင်း ဆောင်ရွက်ရမည့် လုပ်ငန်းအဖြစ်မူဝါဒချမှတ်ပြီး အရှိန်အဟုန်မြှင့် ကြိုးပမ်း ဆောင်ရွက်နေလျက်ရှိပါသည်။ သို့သော် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးမတည် ငြိမ်မှုများကိုအခွင့်ကောင်းယူကာ အချို့သောတိုင်းရင်းသားအမည်ခံ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် PDF အကြမ်းဖက်အဖွဲ့များသည် မူးယစ်ဆေးဝါးထုတ်လုပ်၊သယ်ဆောင်၊ရောင်းဝယ်မှုများကိုတိုးမြှင့်လုပ် ဆောင်နေကြကြောင်း ဖမ်းဆီးရမိမှုဖြစ်စဉ်များက သက်သေခံလျက်ရှိ ပါသည်။

အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအနေဖြင့် ၎င်းတို့၏ အဓိကဝင် ငွေရလမ်းဖြစ်သည့် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ် မှုများမှရရှိလာသော အကျိုးအမြတ်များဖြင့် လူသစ်စုဆောင်းခြင်း၊ လက်နက်၊ ခဲယမ်းနှင့် အသုံးအဆောင်ပစ္စည်းများဝယ်ယူခြင်းတို့ပြုလုပ် ကာ နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုထိခိုက်စေသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေလျက်ရှိပါသည်။

နိုင်ငံတော်အကြီးအကဲကလည်း **“ဖက်ဒရယ်အရေး၊ ဒီမိုကရေစီ အရေးနှင့် တိုင်းရင်းသားလူမျိုးအရေးကိုအကြောင်းပြပြီး လက်နက်ကိုင် လမ်းစဉ်ကိုမစွန့်လွှတ်လိုသည့် အကြမ်းဖက်သမားများသည် မူးယစ် ဆေးဝါးကုန်သွယ်မှုနှင့် အဓိကဝင်ငွေရှာဖွေနေကြပြီး Online လိမ်လည် မှုနှင့် Online လောင်းကစားမှုများအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ ကိုလည်း ကျူးလွန်လျက်ရှိနေကြကြောင်း” “ထိုကိစ္စများသည် အကြမ်း ဖက်သောင်းကျန်းသူများသက်ဆိုးရှည်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကို အန္တရာယ်ပေးနေသည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထူးစစ်ဆင်ရေးများနှင့် တိုက်ဖျက်လျက်ရှိသည့်အပြင် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းလက်တွဲ တိုက်ဖျက်လျက်ရှိကြောင်း”** အသိပေးပြောကြားခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်း များကို အထူးစစ်ဆင်ရေးစီမံချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ အထူးစစ်ဆင်ရေး ၄၁ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သလို ယခုနှစ်မှာလည်း အထူးစစ်ဆင်ရေးတစ်ရပ်ကို စီမံချက်ရေးဆွဲဆောင်ရွက် လျက်ရှိပါသည်။ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းဆောင်ရွက်ရာတွင် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့သည် နိုင်ငံတော် နှင့် လူမျိုးအတွက် အသက်ခန္ဓာကို စွန့်လွှတ်ပေးခဲ့ရပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်း များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၅၃၇၀၊ တရားခံ ၇၅၆၂ ဦး၊ မြန်မာကျပ်ငွေ ၁၇၆၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါး၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရာတွင် အရင်းအမြစ်ထိ အရေးယူ နိုင်ရန်အတွက် ပြစ်မှုကျူးလွန်သူများ၊ ဆက်စပ်တရားခံများ၊ နောက် ကွယ်မှကြိုးကိုင်သူများကိုပါ ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည့်အပြင် ပြစ်မှုထပ်မံမကျူးလွန်နိုင်အောင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ နှင့်လည်း အရေးယူလျက်ရှိပါသည်။ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ရာမှ ရရှိသော အကျိုးအမြတ်များကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်း လျက်ရှိရာ ၂၀၂၅ ခုနှစ်အတွင်း တန်ဖိုးငွေကျပ် ၄၂၈၅ သန်းကျော်ကို သိမ်းဆည်းနိုင်ခဲ့ပါသည်။

ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို နှစ်စဉ် ဇွန် ၂၆ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲ သုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၌ မီးရှို့ဖျက်ဆီး လျက်ရှိရာ ၂၀၂၅ ခုနှစ်တွင် မြန်မာငွေကျပ် ၁၀၇၂ ဘီလီယံကျော် တန်ဖိုး ရှိ မူးယစ်ဆေးဝါး၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ဖျက်ဆီးနိုင်ခဲ့ ပါသည်။ ယခုနှစ်တွင်လည်း ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့တို့တွင် မီးရှို့ဖျက်ဆီးပွဲများကို နိုင်ငံတော်အဆင့် စည်းကားသိုက်မြိုက်စွာကျင်းပ သွားမည်ဖြစ်ပြီး မြန်မာငွေကျပ် ၂၂၀၉ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ် ဆေးဝါး၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ဖျက်ဆီးသွားမည်ဖြစ် ပါသည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများ ကြောင့် ဖမ်းဆီးရမိမှုများမြင့်တက်လာခဲ့ရာ ယခင်နှစ်ကထက်နှစ်ဆ ကျော်ခန့် တိုးမြှင့်ဖျက်ဆီးသွားရမည်ဖြစ်ပါသည်။

နိုင်ငံအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကိုလျှော့ချနိုင်ရန် အစားထိုး ဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့၊ သီးနှံများအစားထိုး စိုက်ပျိုးရေးအဖွဲ့နှင့် မွေးမြူရေးအဖွဲ့တို့က အဓိကတာဝန်ယူဆောင်ရွက် နေပြီး အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို လျှော့ချလျက်ရှိပါသည်။

အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်မှ ၂၀၂၈-၂၀၂၉ ခုနှစ်ထိ ဒုတိယအကြိမ် ရှေ့ပြေးစီမံ ကိန်းကို ဟိုပုံးနှင့် ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၆၅ ရွာတွင် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အတူ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)နှင့်ပူးပေါင်း၍ ရှမ်း ပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် နောင်တရားဒေသတွင် လည်းကောင်း၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး(UNODC) နှင့်ပူးပေါင်း၍ တောင်ကြီးနှင့် ဟိုပုံးဒေသတို့တွင်လည်းကောင်း အစား ထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

အစားထိုးဖွံ့ဖြိုးရေးဒေသမှထွက်ရှိသော ထုတ်ကုန်များကို နိုင်ငံ တကာသို့တင်ပို့ရောင်းချလျက်ရှိရာ ဟိုပုံးနှင့် လွိုင်လင်ဒေသမှထွက်ရှိ သောကော်ဖီကို ၂၀၂၄ ခုနှစ်တွင် ၁၅၃ တန်ကျော်၊ ၂၀၂၅ ခုနှစ်တွင် ၂၀၅ ဒသမ ၅ တန်ကျော်တို့ကို ပြင်သစ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့ပါ သည်။ ထို့ပြင် ၂၀၂၅ ခုနှစ်အတွင်း နောင်တရားဒေသမှထွက်ရှိသည့် ကော်ဖီသီးလုံးခြောက် ခြောက်တန်ကျော်ကို ထိုင်းနိုင်ငံသို့တင်ပို့၍ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။

သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့အနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း စိုက်ပျိုးရေးပညာပေးစခန်းများဖွင့်လှစ်ခြင်း၊ နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဖြူး ခြင်း၊ နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးခြင်း၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးဖြန့်ဝေ ပေးခြင်း၊ သီးနှံစံပြကွက်နှင့် စမ်းသပ်ကွက်များစိုက်ပျိုးခြင်း၊ ပညာပေး သင်တန်းများဖွင့်လှစ်ခြင်း၊ နှစ်ချင်းသီးနှံ၊ နှစ်ရှည်ပျိုးပင်များ တိုးချဲ့စိုက် ပျိုးခြင်းတို့ကို စီမံကိန်းဝင်မြို့နယ် ၅၅ မြို့နယ်တွင် မြန်မာငွေကျပ် ၄၄၃၁ သန်းကျော်အကုန်အကျခံပြီး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မွေးမြူရေးအဖွဲ့အနေဖြင့် ဒေသကြက်နှင့်ဝက်များ ထောက်ပံ့ပေး ခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်းအထောက် အကူပြုပညာပေးဟောပြောပွဲများကျင်းပခြင်း၊ ပျားမွေးမြူရေးသင်တန်း များပေးခြင်း၊ ကျွဲ၊ နွား၊ ကြက်၊ ဝက်နှင့် အခြားတိရစ္ဆာန်များ ရောဂါ ကာကွယ်ကုသပေးမှုများဆောင်ရွက်လျက်ရှိရာ တိရစ္ဆာန်မျိုးစုံအကောင် ငါးသိန်းကျော်ကို ကာကွယ်ဆေးထိုးနှံနိုင်ခဲ့ပြီး အကောင် တစ်သိန်း ကျော်ကို ကုသပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဓာတုပစ္စည်း ၆၁ မျိုးကို ထိန်းချုပ်ဆောင်ရွက် လျက်ရှိပြီး ဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်မှုနှင့် လမ်းလွဲမရောက် ရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဓာတုပစ္စည်း တင်ပို့ရောင်းချ သည့် ပြည်ပနိုင်ငံများနှင့် ပို့ကုန်ကြိုတင်သတင်းပေးစနစ်(PEN)အပြင် Precursor Incident Communication System(PICS) ဖြင့်လည်းကောင်း၊ နိုင်ငံအလိုက် ဆက်ဆံရေးအရာရှိများဖြင့်လည်းကောင်း ဆက်သွယ် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ထိန်းချုပ်ဓာတုပစ္စည်းများ လမ်းလွဲ မရောက်ရှိစေရေးအတွက် အသိပညာပေးရေးလုပ်ငန်းများနှင့် မြေပြင် ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းများကို ဟန်ချက်ညီညီဆောင်ရွက် လျက်ရှိပါသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးနှင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာနတို့မှ ဟောပြောပွဲများ၊ Talk Show များနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းအပါအဝင် ပြန်ကြားရေးနည်းလမ်းပေါင်းစုံဖြင့် ပညာပေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့ပြင် အဆင့်မြင့်ပညာကဏ္ဍ၊ ဆရာအတတ်ပညာကဏ္ဍ၊ အခြေခံ ပညာကဏ္ဍနှင့် ကျောင်းပြင်ပပညာရေးကဏ္ဍတို့တွင်လည်း မူးယစ် ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းအခြေပြု ပညာ ပေးလုပ်ငန်းစဉ် ခုနစ်ရပ်တွင်လည်း မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင် ပပျောက်ရေးကို ဦးစားပေး လုပ်ငန်းစဉ်(၁)အဖြစ် ထည့်သွင်းဆောင်ရွက် လျက်ရှိပါသည်။

မူးယစ်ဆေးစွဲသူများ ဆေးကုသမှုခံယူနိုင်စေရေးနှင့် နောက်ဆက် တွဲအန္တရာယ်လျှော့ချနိုင်ရေးအတွက် မူးယစ်ဆေးစွဲရောဂါကုသရေးဌာန ကြီး၂၉ ခု၊ ဌာနငယ် ၅၇ ခု ဖွင့်လှစ်ထားပြီး မက်သဒုံးကုသမှုဆေးခန်း ၃၆ ခုနှင့် ဗျူပရီနော်ဖင်းကုသမှုဆေးခန်း ငါးခုတို့ကို တွဲဖက်ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးဖြတ်ပြီးသူများ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည် ဝင်ဆံ့နိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးစခန်း ၁၄ ခု ဖွင့်လှစ်နိုင် ခဲ့ပြီး ဒေသအသီးသီးတွင် ဆက်လက်တိုးချဲ့ဖွင့်လှစ်နိုင်ရေးဆောင်ရွက် သွားမည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးပြဿနာကိုဖြေရှင်းရာတွင် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးသည် အဓိကကျသောအခန်းကဏ္ဍမှပါဝင်သဖြင့် မြန်မာ နိုင်ငံသည် မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း သုံးခုတွင် ပါဝင်လက်မှတ်ရေးထိုးထားပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း များ၊ ဒေသတွင်းနှင့် ဒေသပြင်ပနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ပြစ်မှု ဆိုင်ရာရုံး(UNODC)၊ အမေရိကန်နိုင်ငံ DEA ၊ တရုတ်နိုင်ငံ NNCC ၊ ဩစတြေးလျနိုင်ငံ AFP၊ ထိုင်းနိုင်ငံ ONCB တို့နှင့်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် အာဆီယံမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီး အဆင့်အစည်းအဝေး(AMMD)နှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး(ASOD)၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများ အတွင်းကျင်းပသည့် ဝန်ကြီးအဆင့်အစည်းအဝေးနှင့် အဆင့်မြင့် အရာရှိကြီးများအဆင့် အစည်းအဝေးတို့သို့လည်း ပုံမှန်တက်ရောက် လျက်ရှိပါသည်။ နိုင်ငံအလိုက်ဘေးကင်းလုံခြုံသော မဲခေါင်ပူးပေါင်း ဆောင်ရွက်ရေးစင်တာ(SMCC)ရုံးများဖွင့်လှစ်ပြီး သတင်းဖလှယ်ခြင်း များဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် တောင်ကြီးမြို့တွင် (SMCC)ရုံးဖွင့်လှစ်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ဦးစားပေးဆောင်ရွက်နေသဖြင့် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အနေဖြင့်လည်း ပြောင်းလဲလာသည့် မူးယစ်ဆေးဝါးပြဿနာများ အပေါ်သုံးသပ်ပြီး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင် ရွက်နေလျက်ရှိပါသည်။

ယခုနှစ် ၃၉ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲ သုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် UNODC မှပေးပို့သောဆောင်ပုဒ်ဖြစ်သည့် “World Drug Problem: Persisting Issues,New Challenges, Innovative Responses– စိန်ခေါ်မှု(အသစ်တွေ)ကြားက မူးယစ်ဆေးဝါးပြဿနာ၊ ဆန်းသစ်တီထွင် နည်းလမ်းရှာ၊ စုပေါင်းကာကွယ်တိုက်ဖျက်ပါ”နှင့်အညီ တစ်ကမ္ဘာလုံးက လည်း ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

နိုင်ငံအတွင်း ကြုံတွေ့လာရသည့်ပြဿနာကို တစ်ဦးတစ်ယောက် တည်း၊ အဖွဲ့အစည်းတစ်ခုတည်းက ဖြေရှင်းခြင်းထက် ပြည်သူလူထု တစ်ရပ်လုံးပေါင်းစုကာ ဆောင်ရွက်ခြင်းက ပိုမိုထိရောက်ကောင်းမွန် မည်မှာ မလွဲဧကန်ဖြစ်ပါသည်။ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဟန့်တားနှောင့်ယှက် နေသည့် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရေး နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုတစ်ရပ်လုံးက စုပေါင်းဝိုင်းဝန်း တိုက်ဖျက်ကြရန် တိုက်တွန်းအပ်ပါသည်။




**World drug problem: persisting issues, new challenges, innovative responses**

**စိန်ခေါ်မှု(အသစ်တွေ)ကြားက မူးယစ်ဆေးဝါးပြဿနာ၊ ဆန်းသစ်တီထွင်နည်းလမ်းရှာ၊ စုပေါင်းကာကွယ်တိုက်ဖျက်ပါ။**




# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၂၅**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ခေမာသီဝံ ပရိယတ္တိစာသင်ကျောင်းတိုက်၌ အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် အပါး ၅၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များကို လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# လုပ်သားများအလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆွေးနွေး



**နေပြည်တော် ဇွန် ၂၅**

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ နေပြည်တော်ကောင်စီလူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် လူငယ်အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးလေ့လာရန်အတွက် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်ရှိ ပုဂ္ဂလိကအထည်ချုပ်လုပ်ငန်း၊ Maple Win NayPyiTaw ကုမ္ပဏီလီမိတက်သို့ သွားရောက်လေ့လာဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အထည်ချုပ်စက်ရုံအတွင်း လူငယ်များ အထည်ချုပ်လုပ်နေမှုများကို လိုက်လံကြည့်ရှုပြီး လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် မှာကြားကာ အကြံပေးဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၂၆ ခုနှစ် ဇွန် ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် နေ့အပူချိန်များ (၂၅ - ၆ -၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မုံရွာ | ၃၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မြင်းခြံ | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ကျောက်ဆည် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ၂၅-၆-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၆ ~ ၃၆၆၅.၄ | ၅၅၇.၇ ~ ၅၅၇.၉ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၃၄,၈၁၄,၂၇၉.၆၈ | ၂၆,၉၆၀,၂၂၄.၂၃ | ၅၁,၃၀၉,၀၅၃.၆၁ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ထုပ်ပိုးမှုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းများ၊ မုယောတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၈ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၉၅၂ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၂၅၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၂၅**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက်မှ ဇူလိုင် ၂ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၇၂၅၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov. mm၊Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**




မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ တရားမဝင် တရုတ်နိုင်ငံသား ခုနစ်ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေရာပြပုံ။



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

■ မူဆယ်မြို့မှ

အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ အလေးထားဆောင် ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်တင် ပြတ်ပြတ်သားသားနှိမ်နင်းတိုက်ဖျက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် ရှာဖွေ ဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုလွယ်နယ်မြေ ကောင်းမှုတုံရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ခုနစ်ဦးကို ဖုန်းမျိုးစုံအလုံး ၅၀၊All In One ကွန်ပျူတာ နှစ်လုံး၊ Laptop တစ်လုံး၊ဆိုင်ကယ် နှစ်စီး၊ အခြားလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုနှင့် ဒုစရိုက်မှုမှန်သမျှတို့တွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးအိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် လုံးဝအမြစ်ပြတ်ပပျောက်သွားစေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချ လုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီ တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံကို ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးပြီး မှတ်တမ်းဓာတ်ပုံ။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံကို ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေစဉ်။

❖ ရွှေကုက္ကိုလ်မှ

ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲဖျက်ဆီးမည့် အဆောက်အအုံအလုံး ၂၀ ဟူ၍အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင်ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့ထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၄ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၁၃ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

❒ ဝက်လက်မြို့နယ်မှ

ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ နှမ်းကေတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်”ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ဝတ္ထုတိုကဏ္ဍ

# ထိုနေ့က ရေလျှံသည်

## မစန္ဒာ



**ယမန်နေ့မှအဆက်**

ကိုချစ်တီးဟူသည့် လူက ငါးရှာဖားရှာ အလွန်တော်သောသူဖြစ်သည်။ သူတို့ ကျူးကျော်ရပ်ကွက်လေးကိုပတ်ပြီး စီးဆင်းနေသည့် ငမိုးရိပ်ချောင်းကြီးသည် သူ၏ ငွေတွင်းကြီးဖြစ်လေသည်။ အသက်လေးဆယ်ကျော်ပြီ ဖြစ်သော်လည်း မိန်းမ မယူသေးပေ။ အသက်ခုနစ်ဆယ်ကျော်နေပြီဖြစ်သော ဖခင်ကြီးနှင့်အတူနေသည်။ ဖခင်ကြီးက ပန်းနာရင်ကျပ်ရှိတော့ သူ့ခမျာ ဆေးဖိုးအလျဥ်မီအောင် ကြိုးစားပြီး ငွေရှာနေရလေသည်။

"ဒီ ငါးနှစ်ကောင်ကို ပိုက်ဆံဖြစ်အောင် လုပ်ပေးပါအုံးဗျ"

သူက သားရှာ၊ ငါးရှာ ကျွမ်းကျင်သော်လည်း ဈေးရောင်းတတ်သူမဟုတ်ပေ။ ဒေါ်စပွန်ဆာတို့ မိန်းမတစ်သိုက်ကတော့" ဘာရောင်းရမလဲ၊ လာခဲ့စမ်း၊ အကုန်ရောင်းပစ်လိုက်မယ်" ဟူသော သူများဖြစ်သည်။ ထို့ကြောင့် ကိုချစ်တီး ရှာလာသမျှ ငါးများကို ကြုံသူက ကြုံသလို ရောင်းချပေးနေကျဖြစ်သည်။ ရောင်းပေးသည့် လုပ်အားခကိုလည်း ကိုချစ်တီးက ထိုက်သင့်သလို ပေးတတ်မြဲဖြစ်လေသည်။

ဒေါ်စပွန်ဆာက ရေထဲသို့ ချက်ချင်းခုန်ချလိုက်သည်။ ငါးနှစ်ကောင်ကို တစ်ချက်မျှသာ ခပ်လျှမ်းလျှမ်း ကြည့်လိုက်သော်လည်း တစ်ကောင်လျှင် တစ်ပိဿာကျော်မည်ကို ဒက်ခနဲ မှန်းမိပြီးသား ဖြစ်လေသည်။

"တစ်ပိဿာခွဲအထိတော့ မရှိလောက်ဘူး။ အစိတ်သား၊ သုံးဆယ်သားလောက်တော့ ကျော်မယ်။ ငါးကြီးတွေကလဲ ကောင်းလိုက်တာဟယ်။ လတ်ပြီးဖွေးလက်နေတာပဲ" ဟု စိတ်ထဲမှ တွေးရင်း

"ရှင်က ဘယ်ဈေးဖြတ်မှာလဲ" ဟု မေးလိုက်သည်။ ကိုချစ်တီးကလည်း ပြတ်သားပါသည်။

"တစ်ကောင်ကို ငါးထောင်ထား၊ နှစ်ကောင်ကို တစ်သောင်း။ ခင်ဗျားဟာ ခင်ဗျားဆိုချင်သလောက်ဆို၊ ရောင်းချင်သလောက်ရောင်း၊ ညကျရင် တစ်သောင်းလာယူမယ်။ ဒါပဲ"

ကိုချစ်တီးက ဝါးခမောက်ကို ထိုးပေးသွားသည်။ ဒေါ်စပွန်ဆာလည်း လက်ထဲတွင် နင့်ကျသွားသော ဝါးခမောက်ကို ငုံ့ကြည့်ရင်း "တော်ပါသေးရဲ့။ ကိုချစ်တီးက ငါ့အိမ်အရင် ရောက်လာပေလို့" ဟု တွေးသည်။ ဒီလို မြတ်မြတ်စွန်းစွန်းလေးရမည့် ငါးဆိုလျှင် ရောင်းပေးချင်သည့်သူတွေ ဝိုင်းနေနိုင်သည်။

"တစ်ကောင်ကို ရှစ်ထောင်လောက်တော့ အသာလေးရနိုင်တယ်။ နှစ်ကောင်ဆိုရင် သောင်းခြောက်ထောင်၊ သူ့ကို တစ်သောင်းပေးရင် ခြောက်ထောင်ကျန်... ဟား... ဟား ဒါဆိုရင် ဆန်နဲ့ဆီ ဝယ်လို့ရပြီ"

ဒေါ်စပွန်ဆာက တဲပေါ်ကို ခပ်သွက်သွက်ပြန်တက်သည်။ ခမောက်ထဲမှ ငါးကို ဇလုံပေါက်ထဲထည့်သည်။ ဇလုံပေါက်ကို ဆန်ကောအပေါက်နှင့် အုပ်လိုက်သည်။ ထို့နောက် ခုနတုန်းက ငါးထည့်ထားသော ခမောက်ကို ခေါင်းပေါ်ဆောင်းလိုက်သည်။ လုပ်ရင်းကိုင်ရင်း "ဘယ်ဈေးကို သွားရပ့ါမလဲ" ဟု စဥ်းစားသည်။ သူတို့နှင့်နီးသော ပျံကျဈေးကလေးတွင်လည်း ရေလျှံနေလောက်ပြီမို့ စည်စည်ကားကားမရှိနိုင်။

"ဟိုဘက်ရပ်ကွက်က သူဌေးဈေးကို ပြေးမှဖြစ်မယ်။ သူတို့က ပစ္စည်းကောင်းရင် ဈေးမရှောင်ဘူး"

ဒေါ်စပွန်ဆာက ပျာယီးပျာယာ ဖြစ်နေသည်။ ရေစိုပြီးဖြစ်သော ထဘီကို တိုတိုပြင်ဝတ်သည်။ ငါးဇလုံကို ခါးစောင်းတင်ရင်း ရေထဲပြန်ဆင်းသည်။ လမ်းပေါ်ရောက်သောအခါမှ

"ညနေကျရင် မီးသွေးမီးလေး ပျိုးထားလိုက်လေ၊ ဟင်းစားတစ်ခုခု ဝယ်လာခဲ့မယ်"ဟု အော်ပြောသွားသည်။

"မင်းအမေကတော့ ငွေနံ့ကလေးများရရင် ပျာနေတာပဲ"

ကိုကျောက်ဒိုးက ပြောတော့ အဘ၏ ရင်ခုန်သံ နည်းနည်းမြန်သွားလေသည်။

"ဟာ... အမေ ရေစန်ပီရား"

"ဒီလောက်နဲ့ မလျှံပါဘူးကွာ။ ဆန်အိုးတောင် မပြည့်ပါဘူး"

ဆန်အိုးတောင် မပြည့်သော်လည်း ဒီနေ့ညနေစာကို ဟင်းကောင်းလေးနှင့် စားရမည်ဆိုတော့ ကိုကျောက်ဒိုး ကျေနပ်သည်။ သူဆိုက်ကား မထွက်နိုင်သောနေ့တွင် ယခုလို ဘေးပန်းဝင်ငွေကလေး ဝင်လာသည့်အတွက် ကိုချစ်တီးကိုလည်း ကျေးဇူးတင်နေမိသည်။

မိုးကလည်း မစဲနိုင်၊ တစ်နေ့လုံး တဖွဲဖွဲရွာနေသည်။ ဘယ်နေရာမှာ ထွက်ပေါက်ရှိနေသည်မသိ။ ရေကထပ်တက်မလာသေးဘဲ အီနေလေသည်။

"ညနေကျရင် မီးကလေး ပျိုးထားလိုက်" ဟု ပြောသွားသောကြောင့် ကိုကျောက်ဒိုးခမျာ မီးသွေးစိုစိုများကို မီးတောက်လာအောင် သေလုမြောပါး ကြိုးစားခဲ့ရသည်။ မီးတောက်လာတော့ ထမင်းအိုးတစ်လုံးတည်သည်။ ထမင်းအိုးထဲသို့ ဘဲဥနှစ်လုံးကို တစ်ခါတည်းထည့်ပြုတ်လိုက်သည်။ ထမင်းအိုးရတော့ ရေနွေးအိုးတည်သည်။ ရေနွေးအိုး ဆူသွားတော့ ဘာမှတည်စရာ မရှိတော့ပေ။ ငါးပိလေးကျိုမည်ကြံတော့ ငါးပိမရှိ၊ ဟင်းရွက်လေး ပြုတ်မည် စဥ်းစားတော့လည်း ဘာဟင်းရွက်မျှမရှိ။

ဒီတော့လည်း ဘာလုပ်ရမည်နည်း။ သားအဖ နှစ်ယောက်သား တဲရှေ့တွင်ထိုင်နေရုံသာ ရှိတော့သည်။ ဟင်းစားလေးနှင့်အတူ ပြန်လာမည့် ဒေါ်စပွန်ဆာကို မျှော်နေကြရုံသာ ရှိတော့သည်။

"မျှော်နေတဲ့သူက ပေါ်မလာဘဲ မမျှော်တဲ့သူက ပေါ်လာပြီး ထမင်းစားမယ်ဆိုရင်တော့ ဘဲဥပြုတ်ပဲရှိတယ်"

ကိုကျောက်ဒိုးက သူ့မိန်းမပြန်မလာမီ ဘကြီးသာဖြိုး အရင်ပြန်လာမည်ကို စိုးရိမ်နေသည်။ သို့သော် ဘကြီးသာဖြိုးက မှောင်ရီသန်းမှ ပြန်လာတတ်သည်မို့ ဒေါ်စပွန်ဆာက အရင်ရောက်နေမည်မှာ သေချာပါသည်။

သို့သော် သေချာပါသည်ဆိုသောကိစ္စများသည်လည်း မသေမချာ ဖြစ်တတ်ပါသည်။ သူ့မိန်းမ ဒေါ်စပွန်ဆာ မှောင်ရီသန်းသည်အထိ ပေါ်မလာပေ။

"ငါးလေးနှစ်ကောင် သွားရောင်းတာ ဘာဖြစ်လို့ ဒီလောက်ကြာနေရတာလဲကွာ"

ကိုကျောက်ဒိုး စိတ်တိုလာသည်။ ထို့နောက် စိတ်ပူလာသည်။ ဒီလောက်ကြာနေရန် အကြောင်းမရှိ။ မှောင်ရီပျိုးနေပြီဆိုကာမှ မိုးတွေကလည်း မှောင်လာပြီး လျှပ်စီးတွေလည်း တဝင်းဝင်းလက်နေသည်။ တဖွဲဖွဲရွာနေသောမိုးက ခပ်သည်းသည်း ရွာချလာသည်။ မိုးသည်းလာလျှင် ရေတက်လာတော့မည်။

"အမေကရဲ ကြာရိက်သာ"

အဘက ငိုမဲ့မဲ့ဖြစ်နေသည်။

"အေးကွာ၊ မိုးထဲလေထဲမှာ ဘယ်များရောက်နေတာလဲ"

ကိုကျောက်ဒိုးမှာလည်း ထိုင်ရမလို၊ ထရမလို ဖြစ်နေသည်။ သူ့မှာသာ လက်ကိုင်ဖုန်းလေးတစ်လုံး လောက်ရှိလျှင်၊ သူ့မိန်းမမှာလည်း နောက်ထပ် တစ်လုံးလောက်ရှိလျှင် မည်မျှကောင်းလေမည်နည်း၊ အခုတော့ ဘယ်ရောက်လို့ ဘယ်ပေါက်ပြီး ဘာလုပ်လို့ လုပ်နေရမှန်း ဘယ်လိုမှ မသိနိုင်။

"ခက်တာက မင်းအဘိုးလည်း မလာသေးဘူးကွ။ သူလည်း ဘယ်နေရာမှာ ချော်လဲနေပြန်လဲ မသိဘူး။ ချော်လဲလို့ မထနိုင်ရင်တော့ ရေနစ်တော့မှာပဲ"

မိန်းမကို အရင်ပူပန်ပြီးသောအခါ ယောက္ခမကို သတိရသည်။ သူလည်း ပြန်ရောက်ဖို့ ကောင်းနေပြီ ဖြစ်သည်။ ထို့နောက် မနက်တုန်းကပင် အဘကို

"ချော်လဲလို့ ဒူးပြဲ၊ ဒူးတင်မက ခေါင်းပါကွဲ... အဲဒါ အဘိုးပဲ"ဟု သင်ပေးနေမိသေးသည်ကို သတိရမိပြီး စိတ်မကောင်း ဖြစ်သွားသည်။

"ဘုရား... ဘုရား... နိမိတ်ဖတ်သလိုများ ဖြစ်သွားလားမသိ။ အပြောင်အပြက် ပြောမိတာပါဘုရား။ တကယ်မဖြစ်ပါစေနဲ့ ဘုရား... "

ကိုကျောက်ဒိုးက ဆုတောင်းနေမိသည်။

သူ့ရင်ထဲတွင် ပူနေသည်။

မိန်းမကိုလည်း ပူသည်။

ယောက္ခမကိုလည်း ပူသည်။

ထို့ပြင် အိမ်ထဲကို ရေဝင်လာမည်ကိုလည်း ပူနေမိလေသည်။

နိမိတ်ဖတ်သလို ဖြစ်လား၊ မဖြစ်လားတော့မသိ။ ဘကြီးသာဖြိုးခမျာ ဒူးပြဲပြီး ခေါင်းပါကွဲသွားသည်ကတော့အမှန်ပင်။ တစ်ခါမျှ မကျိုးဖူးသေးသော်လည်း ဒီတစ်ခါတော့ ညာဘက် လက်ကောက်ဝတ်ကျိုးသွားသည်။

ကတ္တရာလမ်းပေါ်တွင် ယိုင်ထိုး၊ ယိုင်ထိုးနှင့် လျှောက်လာစဥ်သူ့ကို ကားကတိုက်တာလား၊ သူက ကားကိုတိုက်တာလား အသေအချာပင် မသိလိုက်။ သူ့တစ်ကိုယ်လုံး မြောက်တက်သွားသည်ကိုသာ သတိရတော့သည်။ မြောက်တက်သွားပြီး ပြန်အကျတွင်တော့ မျက်လုံးထဲတွင် မီးပွင့်သွားသည်။

တိုက်တိုက်ဆိုင်ဆိုင် ကံကောင်းသည်က အမြတ်ကလေး မြိုးမြိုးမြက်မြက်ရ၍ ပီတိတွေ တဝေဝေနှင့် ပြန်လာသော သူ့သမီး ဒေါ်စပွန်ဆာက အခင်းဖြစ်ပွားရာနေရာ သူနှင့်မကမ်းမလှမ်းမှာ ရောက်နေခြင်း ဖြစ်လေသည်။

ဒေါ်စပွန်ဆာက စီးတီးမတ်ရှေ့က ကြက်ကင် တစ်ခြမ်း ဝယ်လာသည်။ အရသာတော့ ဘယ်လိုနေမည်မသိ၊ ခပ်လှမ်းလှမ်းက ဖြတ်သွားလျှင်ပင် အနံ့ကမွှေးလွန်းတော့ ကိုယ်တိုင်လည်း စားချင်၊ အဘတို့သားအဖနှင့် အဖေ့ကိုပါ ကျွေးချင်နေသည်မှာလည်း ကြာလှပေပြီ။ ဒီနေ့တော့ ငွေယားကလေးလည်း ရလာတော့ ကြက်ကင်တစ်ခြမ်းသာမက တုတ်ကလေးနှင့် ထိုးကာရောင်းသော ကြက်ကြော်လုံး နှစ်ချောင်းလည်း ဝယ်လာသည်။ မိုးကရွာနေတော့ ထားစရာမရှိ၊ လူကိုမိုးအစိုခံနိုင်သည်။ တမြတ်တနိုး ဝယ်လာသော ကြက်ကင်လေးတစ်ခြမ်းကို မိုးအစိုမခံနိုင်။ ဒီတော့ သိပ်တော့မခက်လှပါ၊ ကြက်ကင်ထည့်ထားသောဖော့ဘူးကို ခေါင်းပေါ်မှာရွက်ပြီး အပေါ်ကဇလုံပေါက်ကို ထပ်ဆောင်းထားလိုက်သည်။ ခမောက်ကို လက်ထဲမှာကိုင်ပြီး ဇလုံကြီး ဆောင်းထားသည်မှာ ကိုးရိုးကားရားနိုင်လှသော်လည်းမတတ်နိုင်။ ဒီကတ္တရာလမ်းလေးတွင် ကားမောင်းသင်သူတွေ တစ်ယောက်စ နှစ်ယောက်စ လာလေ့ရှိသော်လည်း မိုးအေးသောနေ့မို့ လူရှင်းနေသည်။ ကန်စွန်းရွက်ခူးသူတွေလည်း ပြန်ကုန်ပြီမို့ သူ့ကို ကြည့်ပြီး ရယ်မည့်သူ သိပ်မရှိနိုင်တော့ဘူးဟု တွေးရင်း ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး ရယ်ချင်နေမိသည်။

"အဘတော့ ဆာနေမှာပဲ၊ ခဏလေးစောင့် အဘရေ ... အမေ ကြက်ကင်ဝယ်လာပြီ"

ဒေါ်စပွန်ဆာက စိတ်ထဲမှပြောရင်း ခပ်သုတ်သုတ်လျှောက်သည်။ တစ်ကိုယ်လုံး ရွှဲနေသဖြင့် ချမ်းလည်းချမ်းလှပြီ။ ရေဆက်တက်လာလျှင် အိမ်ထဲ

**စာမျက်နှာ ၃၀ သို့ á**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၀၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဇွန် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၀၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် မြေပဲ ၁၂၈၆၇ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၀၅၅ ဧကထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ မြေပဲဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပြီးအောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် နှစ်သိန်းကျော်ရှိပြီး တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၅၅ ဧက စိုက်ပျိုးမည်

**မြောင်းမြ ဇွန် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၅၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇူလိုင်လပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ စားဖိုဆောင်သီးနှံ ၁၀၅၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးမဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ လျာထားဧကအတိုင်း စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့တွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ ဆောင်ရွက်ပေးနေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံများ စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူးသီး၊ ကန်စွန်းပင်၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကို အများဆုံး စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

á စာမျက်နှာ ၂၉ မှအဆက်

ရေဝင်တော့မည်ကို တွေးမိတော့လည်း စိတ်ပူလာသည်။

ထိုစဉ်တွင် အရှေ့ဘက် ခပ်လှမ်းလှမ်းတွင် ယိုင်ထိုးယိုင်ထိုးနှင့် လျှောက်နေသော သူ့ဖခင်ကို တွေ့လိုက်ရသည်။ မည်းညိုနေသော ကောင်းကင်ကြီး၏ အောက်တွင် ကန်စွန်းခင်းများက မြမြစိမ်းနေသည်။ ခပ်သည်းသည်းဖျန်းပက်နေသော မိုးရေကြောင့်၊ ကန်စွန်းညွန့်လေးများမှာ လန်းစွင့်နေသည်။ အပွင့်နီတွေ ကျိုးတိုးကျဲတဲကျန်နေသေးသော စိန်ပန်းပင်ကြီး၏ အကိုင်းအခက်များက မိုးရေထဲတွင် လှုပ်ယိမ်းနေသည်။ တစ်ပွင့်စ၊ နှစ်ပွင့်စ ကြွေလာသော အပွင့်နီနီလေးများက ကတ္တရာလမ်းပေါ်တွင် ခပ်ကျဲကျဲ ပျံ့နေလေသည်။ ထိုမြင်ကွင်းကို နောက်ခံထားပြီး ယိုင်ထိုးယိုင်ထိုးနှင့် မြွေလိမ်မြွေကောက်လမ်းလျှောက်နေသူကတော့ ဒေါ်စပွန်ဆာ၏ ချစ်လှစွာသော ဖခင်ကြီး၊ ဘကြီးသာဖြိုးပင်ဖြစ်လေသည်။ အိမ်က ဆောင်းသွားသောဝါးခမောက်ကိုလည်း အဖြူဆိုင်မှာ ထားခဲ့ပြီထင်သည်။ ခမောက်မ ပါ၊ ထီးမပါနှင့်မိုးရေထဲတွင် သည်အတိုင်း လျှောက်နေလေသည်။

"အဖေကတော့ ရေချိန်ကိုက်လာပြီ ထင်တယ်။ လျှောက်နေလိုက်ပုံက တစ်လောကလုံး သူတစ်ယောက်တည်းရှိတာ ကျနေတာပဲ"

ဒေါ်စပွန်ဆာက တွေးမိစဉ် ကားအကောင်းစားကြီးတစ်စီးက သူ့ဘေးမှ ဝေါခနဲ ဖြတ်မောင်းသွားသည်။

"ဘုရားဘုရား၊ မောင်းသွားလိုက်တာ လေယာဉ်ပျံကြီး ပျံသွားတာ ကျနေတာပဲ"ဟု သူတစ်ဦးတည်း ပြောလိုက်မိစဉ်ပင် ထိုကားကြီးက ဘကြီးသာဖြိုးနားသို့ ရောက်သွားသည်။ ထို့နောက် အပေါ်သို့ မြောက်တက်သွားသော ခန္ဓာကိုယ်တစ်ခုကို တွေ့လိုက်ရလေသည်။

"အမလေး အဖေ ....အဖေ"

ဒေါ်စပွန်ဆာက အသံကုန်အော်သည်။ လက်တစ်ဖက်စီတွင် ကိုင်လာသော ဝါးခမောက်နှင့် ဆန်ကောပေါက်ကို ဘယ်တစ်ဖက်၊ ညာတစ်ဖက် လွှင့်ပစ်လိုက်သည်။

"အောင်မယ်လေး၊ အရပ်ကတို့ရေ ကယ်ကြပါအုံး၊ ကျွန်မအဖေကို ကားတိုက်သွားပါပြီတော့"

လက်ကားရား၊ ခြေကားရားနှင့် အော်ရင်းဟစ်ရင်း ပြေးလိုက်သည်မှာ အဖေ့နားသို့ ဘယ်လိုရောက်မှန်းပင်မသိ။ ခေါင်းပေါ်မှ ဇလုံပေါက်က လမ်းပေါ်တွင် တဂွမ်ဂွမ်လိမ့်ပြီး ကျန်ခဲ့သည်။ တယုတယ ရွက်လာခဲ့သော ကြက်ကင်ကလေးကိုလည်း ဂရုမစိုက်နိုင်တော့။ ဖုတ်ခနဲ ပြုတ်ကျသွားသည်ကို သိသော်လည်း လှည့်မကြည့်အားချေ။ ဘကြီးသာဖြိုးက လမ်းဘေးတွင် ခွေခွေကလေး လဲနေသည်။ ချိုစောင်းတွင် သွေးစွန်းနေသည်ကိုတွေ့ရတော့ ဒေါ်စပွန်ဆာက ဟီးခနဲငိုသည်။

ဆက်လက်ဖော်ပြပါမည်။

## စုပေါင်းညီညာ တိုက်ဖျက်စို့

\- လူသားတို့ရန် မူးယစ်မှန်သည်
ရန်စကိုတုံး ပြတ်ချေမှုန်းဖို့
အားလုံးဝန်တာ ကျေပွန်စွာဖြင့်
ရပ်ရွာမြို့တွင်း မူးယစ်ကင်းအောင်
ရှင်းကာဖယ်ရှား တိုက်ဖျက်သွားစို့။

\- လူ၏အသက် တန်ဖိုးတွက်လျှင်
တွက်ရေမရ များပေစွမို့
စိတ်ကြွရူးဆေး ငွေကြေးပေး၍
သွေးသက်ခန္ဓာ ဆုံးနေရှာသည်
ပြန်ကာတွေးကြည့် ရင်နာဘိ
မူးယစ်နွံမှာ နစ်နေ၏။

\- မူးယစ်ကိုသုံး လူဖြစ်ရှုံးသည်
ယူကြုံးမရ မိုက်နောင်တနှင့်
ဘဝကြမ္မာ ဖန်တီးလာပြီ
သာယာအေးချမ်း ဘဝလမ်းမှာ
ဆူးပန်းယှက်နွယ် ဖြတ်မလွယ်မို့
လူငယ်အများ သတိထားလော့။

\- လူငယ်ဆိုသည်မှာ ပမာရှေ့ထား
ပြည်ခွန်အားမို့ ရှေ့သို့သာသွား
ကြယ်အလားပင် စွဲမှတ်ထင်မိ
ဆင်ခြင်ဆတွေး ဘဝရေးမှာ
ဆေးဝါးမူးယစ် ရန်အစစ်ကို
ပစ်ပယ်နိုင်မှ ချမ်းသာရမည်
ဘဝရှေ့ရေး ချမ်းသာတွေး
မူးယစ်ဆေးဝါး ပပျောက်ရေး
စုပေါင်းညီညာ တိုက်ဖျက်ပေး။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

# ပေါင်မြို့နယ် လက်ပံကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပေါင် ဇွန် ၂၅**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇွန် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်လွင်၊ ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုစန္ဒီအောင်နှင့် ဝန်ထမ်းများက လက်ပံကျေးရွာ၌ RBF စီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော ဝက်မွေးမြူရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ လက်ပံကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော တိုးတက်ကျော်၊ တိုးတက်အောင်မြင်၊ အားမာန်နှင့် ပြည့်ဖြိုး စသည့် အဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် RBF စီမံကိန်းရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

သုတ

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC




ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'




ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (၁၃)ဖွဲ့တို့တွင် ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် လမ်း၊ တံတား၊ ရေပေးရေးနှင့် အခြားလုပ်ငန်းများအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါလျှောက်လွှာများအား သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ဝယ်ယူ၍ အဆိုပါရုံး၌ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များအား သက်ဆိုင်ရာရုံးများနှင့် ဤအဖွဲ့ရုံးတို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။ (တိုင်းစည်ပင်၊ ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ စဉ့်ကိုင်၊ တံတားဦး၊ ပုသိမ်ကြီး၊ ပျော်ဘွယ်၊ ပြင်ဦးလွင်၊ မလှိုင်၊ မိတ္ထီလာ၊ မြစ်သား၊ ရမည်းသင်း၊ ဝမ်းတွင်း၊ သာစည်)။

| | | |
|---|---|---|
| လျှောက်လွှာစတင်ရောင်းချမည့်ရက် | - | (၂၅-၆-၂၀၂၆) |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | - | (၉-၇-၂၀၂၆) |
| တင်ဒါဖွင့်မည့်ရက် | - | ထပ်မံအသိပေးသွားပါမည်။ |

ဖုန်း ၀၉-၂၀၇၄၃၂၄၊ ၀၉-၄၄၂၂၁၂၃၃၂(တိုင်းစည်ပင်)

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ကျော်ကျော်၏ သမီး မဆုမွန်ဝေ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မဆုဝေမွန်** ဖြစ်ပါကြောင်း။
**မဆုဝေမွန်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-5 တွင် ပညာသင်ကြားနေသော မနွေမိုးဝေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဘိုလာ** ဖြစ်ပါကြောင်း။
**ဦးဘိုလာ**
၉/စကတ(နိုင်)၁၄၉၅၃၉

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၇)၊ Grade-12 တွင် ပညာသင်ကြားနေသော မသိမ့်မွေ့အိမ် ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးခင်မောင်ထွေး** ဖြစ်ပါကြောင်း။
**ဦးခင်မောင်ထွေး**
၉/မရတ(နိုင်)၁၁၇၁၈၂

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ အထက တောင်ပြုံးကြီးကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော မဝိုင်းရတနာ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကျော်ရဲအောင်** ဖြစ်ပါကြောင်း။
**ဦးကျော်ရဲအောင်**
၉/မတရ(နိုင်)၂၂၃၉၉၁

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-10 တွင် ပညာသင်ကြားနေသော မအေးသန္တာလွင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးတင့်တင့်လွင်** ဖြစ်ပါကြောင်း။
**ဦးတင့်တင့်လွင်**
၉/စကတ(နိုင်)၀၆၇၂၅၃

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဇေယျာသီရိဘုန်းတော်ကြီးသင်ပညာရေး(မူလတန်းကျောင်း)၊ Grade-1 အောင်မြင်ခဲ့သော စိုင်းပိုင်လင်းဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **စိုင်းသန်းဟန်** ဖြစ်ပါကြောင်း။
**စိုင်းသန်းဟန်**
၁၃/ကမန(နိုင်)၁၁၉၄၃၄

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း/သာမန်အသုံးစရိတ် ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် ဝယ်ယူရန်လျာထားသည့် ကတ္တရာအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် ကျောက်ဆည်၊ စဉ့်ကိုင်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ဝမ်းတွင်း မြို့နယ် (၅)မြို့နယ်၏ မြို့ရေပေးရေးလုပ်ငန်းများအတွက် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း (၆) ခုအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | ကတ္တရာ(၆၀/၇၀) | ၂၆၉.၇၇ တန် |
| (၂) | ကတ္တရာ(၈၀/၁၀၀) | ၂၄၂.၄၉၈ တန် |
| | **စုစုပေါင်း** | **၅၁၂.၂၆၈ တန်** |
| (၃) | ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း | Lot (၆) ခု |

| | | |
|---|---|---|
| လျှောက်လွှာစတင်ရောင်းချရက် | - | ၂၅-၆-၂၀၂၆ |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | - | ၉-၇-၂၀၂၆ |
| တင်ဒါဖွင့်လှစ်မည့်ရက် | - | ထပ်မံအသိပေးသွားပါမည်။ |
| လျှောက်လွှာဝယ်ယူရမည့်နေရာ | - | မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ ၂၆ လမ်းနှင့် ပြင်ဦးလွင်မြို့ပတ်လမ်းထောင့်၊ ဖုန်း ၀၂-၄၀၅၇၀၀၄၊ ၄၀၅၇၀၀၅၊ ၀၉-၂၀၇၄၃၂၄၊ ၀၉-၄၄၂၂၁၂၃၃၂၊ ၀၉-၄၃၀၇၀၄၆၀ |

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်၊ ကားဆိပ်ရပ်နေ ဦးပေသောင်း၏သမီး **ဒေါ်ကြင်နု (ခ) ဒေါ်ကျင်နု** မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
**ဒေါ်ကြင်နု (ခ) ဒေါ်ကျင်နု**
**၉/စကတ(နိုင်)၀၃၅၈၇၃**

## ပျောက်ဆုံးကြောင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ နောင်ယား(က)ရပ်ကွက်နေ မဗာလင်တီးနာ (ဘ) ဦးသိုးအီ (၂/လကန(နိုင်)၀၆၁၃၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-474638)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**09-795135467**

## ပျောက်ဆုံးကြောင်း

မိတ္ထီလာမြို့၊ ထိန်ကန်ရွာနေ ဒေါ်ဇင်မာဦး (ဘ) ဦးတင်စိုး(၉/မထလ(နိုင်)၂၆၆၅၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402002074**

## ပျောက်ဆုံးကြောင်း

ဖျာပုံမြို့၊ ရပ်ကွက်(၁၀)၊ ကွက်သစ်အလယ်ရပ်ကွက်နေ မသင်းသင်းယု (ဘ) ဦးခင်မောင်(၁၂/ပဇတ(နိုင်)၀၂၄ ၄၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**09-694499770**

## မွေးသက္ကရာဇ် အမှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အားမာန်ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-8 တွင် ပညာသင်ကြားနေသော ဦးသီဟကိုကို၏သား မောင်သက်ထက်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၇-၁၀-၂၀၁၁ ဖြစ်ပါကြောင်း။
၇-၁၀-၂၀၁၁

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## တိုင်းပြည်ကောင်းအောင် ဆောင်ရွက်သွားမည်ဟု စိတ်စေတနာကောင်းများဖြင့် ခံယူချက်ကောင်းစွာဖြင့် ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ့စီးပွားရေးမလွဲမသွေတိုးတက်ကောင်းမွန်လာမည်ဖြစ်

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။





**နေပြည်တော် ဇွန် ၂၅**

အသေးစားအငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ(၁)ဦးညိုစောဒုတိယ သမ္မတ(၂) ဒေါ်နန်းနီနီအေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စာမျက်နှာ ၂၁ ကော်လံ ၁☆

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၄ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှုမှတ်တမ်းဓာတ်ပုံ။




**နေပြည်တော် ဇွန် ၂၅**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့ရှိ တရားမဝင် အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ

စာမျက်နှာ ၂၈ ကော်လံ ၁❖

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း မော်လမြိုင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြား၊ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေကြသူများကို ကြည့်ရှုအားပေး၊ တပ်ရင်း၊ တပ်ဖွဲ့များကို ကြည့်ရှုစစ်ဆေး စာမျက်နှာ - ၁၉

## ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ တရားမဝင် တရုတ်နိုင်ငံသား ခုနစ်ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၅**

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် စာမျက်နှာ ၂၈ ကော်လံ ၁ ■



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သည့် တရားမဝင် တရုတ်နိုင်ငံသား ခုနစ်ဦးကို တွေ့ရစဉ်။

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။